သိုင်းဖြောင်းပြန်

လက်သိုင်းပထမကွဲ

သန်လျင်

သိုင်းဖြောင်းပြန်

နာယကဆရာကြီး ဦးမောင်လေး

ဝင်းအောင် စာပေ
ညွှေးထုန်း-မန်လေး



နာယကဆရာကြီးဦးမောင်လေး၏ခုခံတိုက်ခိုက်ပုံ

သန်လျင်အောင်သိန်း{သိုင်းပြောင်းပြန်}B.A.,R.L

ပြုစုသော

ကမ္ဘာ့ဓနုန်းတွင်းခုန်းခါချန်

သိုင်းပြောင်းပြန်လက်သိုင်း

[ပထမတွဲ]

စာပူကြိုတင်နွှင့်ဖြုချက်အမှတ် (၉၄၅)
မျက်နှာဖုံးနွှင့်ဖြုချက်အမှတ် (၆၆)

ပထမအကြိမ်
၁၉၈၁ ပြည်လ
အုပ်ရေ ၂၀၀၀

တန်ဖိုး ၂၅ ကျပ်

ပန်းချီ ရာဇာမင်း
အဖုံးရိုက် စကား၀ါ

ထုတ်၀ေသူ။ ။ဒေါ်ကြင်မြ၊ ၀၁၀၁၀၊ ကျော်ဦး စာပေထုတ်၀ေရေး၊
အခန်း ၃၊ တိုက် ၁၂ ဖ ဆ ပ လ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးမြတ်ကျော်၊ စာလုပ်ငန်း ပုံနှိပ်တိုက်၊ အမှတ် (၄၅)
၀တ်ကျောင်းလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။

မာတိကာ

သိုင်းပြောင်းပြန်နောက်ခံသမိုင်း ၂၄
သိုင်းပြောင်းပြန်(သို့မဟုတ်)လိုင်းခွဲခါချန့် ၃၀
အကြံပြုချက် ၃၁

အခန်း (၁)

လက်သီးဆုပ်ပုံနည်းစနစ်နှင့်အသင့်ပြင်ရပ်နည်း ၃၄
အလေးပြုပုံနည်းစနစ် ၃၆
ရေအိုးတင်ရပ်နည်း ၄၃
ခြေသေ့ထိုင်ရပ်နည်း ၄၇
ဗယ်ခြေသေ့ထိုင်ရပ်နည်းမှ ညာခြေသေ့ထိုင်ရပ်နည်းသို့ပြောင်း၍ရပ်နည်း ၅၉
ခြေဘချောင်းထောက် မ,ရပ်နည်း ၆၀

အခန်း (၂)

လက်သီးထိုးနည်းစနစ်များ ၆၂
တလုံးထိုးဖြောင့်လက်သီးထိုးနည်း(အမြင့်ထိုးနည်း) ၆၂
တလုံးထိုးဖြောင့်လက်သီးထိုးနည်း(အနိမ့်ထိုးနည်း) ၆၆
နှစ်လုံးထိုးဖြောင့်လက်သီးအမြင့်ထိုးနည်းနှင့်
နှစ်လုံးထိုးဖြောင့်လက်သီးအနိမ့်ထိုးနည်း ၇၃
တလုံးထိုးပင့်လက်သီးထိုးနည်း ၇၃
တံတောင်ရိုက်နည်း ၇၈
တန်းခလျှောက်တလုံးထိုးဖြောင့်လက်သီး
(အမြင့်ထိုး)အတက်အဆုတ်ထိုးနည်း ၇၉
သုံးလုံးထိုးဖြောင့်လက်သီးထိုးနည်း ၅၃

အခန်း (၃)

ခြေကန်နည်းစနစ်များ ၅၆
အသင့်ပြင်ရပ်နည်းမှတည့်ခြေအနိမ့်ကန်နည်း ၅၆
အသင့်ပြင်ရပ်နည်းမှ တည့်ခြေအမြင့်ကန်နည်း ၅၈
အသင့်ပြင်ရပ်နည်းမှ ခြေစောင်းကန်နည်း ၆၀
ခြေသေ့ထိုင်ရပ်နည်းမှ တည့်ခြေအနိမ့်ကန် ခုတ်ဆင်းနည်း ၆၂

ခြသေ့ထိုင်ရပ်နည်းမှ ထည့်ခြေအမြင့်ကန် ခုတ်ဆင်းနည်း ၆၄
ခြသေ့ထိုင်ရပ်နည်းမှ တည့်ခြေအနိမ့်ကန် အနိမ့်ထိုးဆင်းနည်း ၆၅
ဗယ်ခြသေ့ထိုင်ရပ်နည်းမှ တည့်ခြေအမြင့်ကန်ထိုးဆင်းနည်း ၆၆
တန်းလျားက်တည့်အမြင့်ကန် ခုတ်တက်နည်း ၆၇
ခြသေ့ထိုင်ရပ်နည်းမှ စောင်းကန်ခုတ်ဆင်းနည်း ၆၉
တန်းလျားက်စောင်းကန် ခုတ်တက်နည်း ၇၁

အခန်း (၄)

သွေးပူလေ့ကျင့်ခန်းနှင့် ခြေထောက်လှုပ်ရှားမှုနည်းစနစ်များ ၇၄
ဖုတ်ကောက်အပြည့်ထိုင်နည်း ၇၄
အသင့်ပြင်ရပ်နည်းမှ ဖုတ်ကောက်အပြည့်ထိုင်နည်း ၇၅
ခြသေ့ထိုင်ရပ်နည်းမှ ဖုတ်ကောက်အပြည့်ထိုင်နည်း ၇၆
ဖုတ်ကောက်တဝက်ထိုင်နည်း ၇၈
(၁)ပုံ(၈)အသင့်ပြင်ရပ်နည်းမှ ဖုတ်ကောက်တဝက်ထိုင်ရပ်နည်း ၇၈
ခြသေ့ထိုင်ရပ်နည်းမှ ဖုတ်ကောက်တဝက်ထိုင်ရပ်နည်း ၈၀
ခြေပြောင်းခုန်နည်း ၈၂
ခြေထပ်၍ ခုန်တက်၊ ခုန်ဆုတ်နည်း ၈၄
တဝက်ခုန်နည်း ၈၆

အခန်း (၅)

လက်သိုင်းပညာရပ်များနှင့်သိုင်းကွက်များ ၉၀
နှစ်ကွက်ပုံစံ ၉၀
ပယ်၊ခုတ် နှစ်ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံ ၉၀
ပယ်၊ခုတ် နှစ်ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံအကျဉ်းချုပ် ၉၅
ပယ်၊ခုတ် နှစ်ကွက်လက်သိုင်းလှုပ်ရှားမှုနှင့် တလုံးထိုးဖြောင့်လက်သီး
အမြင့်ထိုးခြင်းကို နှစ်ယောက်တွဲ၍လေ့ကျင့်နည်း ၉၆
ပယ်၊ခုတ် နှစ်ကွက်လက်သိုင်းလှုပ်ရှားမှုနှင့်ခုခံတိုက်ခိုက်ခြင်းနည်းစနစ် ၁၀၀
ပယ်၊ခုတ်၊မ၊ခွဲ နှစ်ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံ ၁၀၂
ပယ်၊ခုတ်၊မ၊ခွဲ နှစ်ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံအကျဉ်းချုပ် ၁၀၆
ပယ်၊ခုတ်၊မ၊ခွဲ နှစ်ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံနှင့်
သုံးလုံးတွဲခဖြောင့်လက်သီး(မျက်နှာ၊ဗိုက်၊မျက်နှာ)ထိုးနည်းဖြင့်
နှစ်ယောက်တွဲလေ့ကျင့်နည်း ၁၀၈
ပယ်၊ခုတ်၊မ၊ခွဲ (၃)ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံ ၁၁၂
ပယ်၊ခုတ်၊မ၊ခွဲ (၃)ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံအကျဉ်းချုပ် ၁၁၆
ပယ်၊ခုတ်၊မ၊ခွဲ (၃)ကွက်လက်သိုင်းလှုပ်ရှားမှုနှင့်ခုခံတိုက်ခိုက်နည်း ၁၁၇

ပယ်၊ခုတ်၊မ၊ခွဲ (၅)ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံ ၁၁၉
ပယ်၊ခုတ်၊မ၊ခွဲ (၅)ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံအကျဉ်းချုပ် ၁၂၀
ပယ်၊ခုတ်၊မ၊ခွဲ (၅)ကွက်လက်သိုင်း ပုံစံ(ခြေတချောင်းထောက်၍
နောက်ကြိတ်လှည့်ပြီး မ,သည့်အနေအထားပါဝင်လှုပ်ရှားသည်) ၁၃၀
ပယ်၊ခုတ်၊မ၊ခွဲ (၅)ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံ(ခြေထပ်ရှေ့
ခုန်တက်၊ နောက်ပြန်ဆုတ်၍ ခြေမြှောက်လက်ခမောင်းခတ်ခြင်းများ
ပါဝင်လှုပ်ရှားသည်) ၁၃၈
ပယ်၊ခုတ်၊မ၊ခွဲ (၅)ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံအကျဉ်းချုပ်
(ခြေထပ်ရှေ့ခုန်တက်၊ နောက်ပြန်ဆုတ်၊ခြေမြှောက်လက်ခမောင်းခတ်
လက်သိုင်းများ ပါဝင်လှုပ်ရှားသည်) ၁၄၆
ပယ်၊ထိုး(တလုံးထိုးဖြောင့်လက်သီးအမြင့်ထိုး)(၂)ကွက်လက်သိုင်း
လှုပ်ရှားမှုပုံစံ ၁၄၉
ပယ်၊ထိုး၊မ၊ခွဲ (၂)ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံ
(တလုံးထိုးဖြောင့်လက်သီးအမြင့်ထိုး) ၁၅၂
ပယ်၊ထိုး၊မ၊ခွဲ(၂)ကွက်လက်သိုင်း လှုပ်ရှားခြင်းနှင့်
ခုခံတိုက်ခိုက်နည်း ၁၅၅
ပယ်၊ထိုး၊မ၊ခွဲ (၃)ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံ ၁၅၉
ပယ်၊ထိုး၊မ့၊ခွဲ (၃)ကွက်လက်သိုင်း လှုပ်ရှားခြင်းနှင့်
ခုခံတိုက်ခိုက်နည်း ၁၆၀
ပယ်၊ထိုး၊မ၊ခွဲ (၃)ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံ
အကျဉ်းချုပ် ၁၆၇
ပယ်၊ပင့်ထိုး၊မ၊ခွဲ (၅)ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံ ၁၇၀
ပယ်၊ပင့်ထိုး၊မ၊ခွဲ (၃)ကွက်လက်သိုင်း လှုပ်ရှားခြင်းနှင့်
ခုခံတိုက်ခိုက်နည်း ၁၇၇
ပယ်၊ပင့်ထိုး၊မ၊ခွဲ (၅)ကွက်လက်သိုင်း လှုပ်ရှားခြင်းနှင့်
ခုခံတိုက်ခိုက်နည်း ၁၇၉
ပယ်၊ဖြောင့်ထိုး၊မ၊ခွဲ ရှေ့ခုန်တက်၊ နောက်ပြန်ဆုတ်၊
ခြေမြှောက်၍လက်ခမောင်းခတ်ခြင်း (၅)ကွက်လက်သိုင်း
လှုပ်ရှားမှုပုံစံ ၁၈၁
ပယ်၊တံတောင်ရိုက်၊မ၊ခွဲ (၅)ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံ ၁၉၁
ပယ်၊ တံတောင်ရိုက်၊မ၊ခွဲ (၃)ကွက်လက်သိုင်းလှုပ်ရှားခြင်းနှင့်
ခုခံတိုက်ခိုက်နည်း ၁၉၆
ပယ်၊တံတောင်ရိုက်၊မ၊ခွဲ (၅)ကွက်လက်သိုင်းလှုပ်ရှားခြင်းနှင့်
ခုခံတိုက်ခိုက်နည်း ၁၉၈

အောက်ခတ်၊ဖြောက်ထိုး၊မ၊ခွဲ (အနိမ့်ထိုး)
(၂)ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံ ၁၉၉
အောက်ခတ်၊ဖြောင့်ထိုး(အနိမ့်ထိုး)
(၂)ကွက်လက်သိုင်းလှုပ်ရှားခြင်းနှင့်ခုခံတိုက်ခိုက်နည်း ၂၀၃
အောက်ခတ်၊ဖြောင့်ထိုး(အနိမ့်ထိုး)၊မ၊ခွဲ
(၃)ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံ ၂၀၅
အောက်ခတ်၊ဖြောင့်ထိုး(အနိမ့်ထိုး)မ၊ခွဲ(၃)ကွက်လက်သိုင်း
လှုပ်ရှားခြင်းနှင့်ခုခံတိုက်ခိုက်နည်း ၂၀၈
အောက်ခတ်၊ဖြောင့်ထိုး(အနိမ့်ထိုး)၊မ၊ခွဲ
(၅)ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံ ၂၀၉
အောက်ခတ်၊ဖြောင့်ထိုး၊မ၊ခွဲ (၅)ကွက်လက်သိုင်း
လှုပ်ရှားခြင်းနှင့် ခုခံတိုက်ခိုက်နည်း ၂၁၄
အောက်ခတ်၊ပင့်ထိုး၊မ၊ခွဲ (၅)ကွက်လက်သိုင်း
လှုပ်ရှားမှုပုံစံ ၂၁၆
အောက်ခတ်၊ပင့်ထိုး၊မ၊ခွဲ(၅)ကွက်လက်သိုင်း
လှုပ်ရှားခြင်းနှင့် ခုခံတိုက်ခိုက်နည်း ၂၂၂
ဖြုတ်၊မ၊ခွဲ (၅)ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံ ၂၂၇
ဖြုတ်၊ဖြောင့်ထိုး၊ဖြောင့်ထိုး၊မ၊ခွဲ(၅)ကွက်လက်သိုင်း
လှုပ်ရှားမှုပုံစံ ၂၄၀

အမှားပြင်ဆင်ချက်

၁။ စာမျက်နှာ (၁၂၃)မှ ပုံ (၁၀) ခြေကွက်ပုံစံ (၇)အစား
ပုံ (၁၀) ခြေကွက်ပုံစံ (၉) ဟု ပြင်၍ကြည့်ပါ။

၂။ စာမျက်နှာ (၁၈၀)မှ ပုံ (၃) ခြေကွက်ပုံစံ (၂) ဖြောင့်လက်သီး
ထိုးပုံအစား စာမျက်နှာ (၁၇၈)မှ ပုံ (၃) ခြေကွက်ပုံစံ (၃)
ပင့်လက်သီး ထိုးပုံကို ပြင်၍ကြည့်ပါ။

သိုင်းပြောင်းပြန် နာယကဆရာကြီး

ဦးမောင်လေး၏

ဥယျောဇဉ်

ယခုအချိန်တွင် ကျွန်ုတော်၏ အသက်သည် (၈၅) နှစ်ထဲသို့ဝင်နေပြီ။ သိုင်းပြောင်းပြန်ပညာကို ၁၂၇၇ ခုက သင်ယူတတ်မြောက်ခဲ့ရာ သိုင်းသက် ၆၅ နှစ်ခန့်ရှိပြီဆိုရမည်။

ကျွန်တော့်အား သိုင်းပြောင်းပြန် သင်ကြားပေးသွားခဲ့သူ ကျွန်တော်၏ ကျေးဇူးရှင် ဆရာရင်းမှာ ဆရာကြီး ဦးချယ် ဖြစ်သည်။ ထိုစဉ်က ဆရာကြီး ဆရာချယ်၏ အသက်မှာ ငါးဆယ်ကျော်ခန့် ရှိပြီဖြစ်ရာ သိုင်းပြောင်းပြန် ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်းတရာကျော်ပြီဟူ၍ ဆိုနိုင်သည်။

ဆရာကြီးဆရာချယ်သည် ရှမ်းပြည် စောဘွားတဦး၏ သက် တော် စောင့် ညာလက်ရုံးတယောက်ဖြစ်ကြောင်း ကျွန်တော်ဤမျှသာ သိခဲ့ရမှတ်ခဲ့ရသည်။ ရှမ်းပြည်မှ ဆင်းလာပြီး ကျွန်တော်၊ဦးလုံနှင့် ဦးသောမတို့အား သုံးနှစ်နီးပါး မျှ ပညာသင်ပေးပြီး ရှမ်းပြည်သို့ ပြန်တက်သွားခဲ့သည်။ နောက်ထပ်မတွေ့ရ တော့၊ သတင်းလည်း မကြားရတော့။

ယင်းကြောင့် သိုင်းပြောင်းပြန်၏ သမိုင်းသည် ခါးပြတ် ပျောက်ကွယ်နေ ရသည်။ ဆရာကြီး ဆရာချယ်သည် သိုင်းပြောင်းပြန် ပညာကို ကိုယ်တိုင် တီထွင်ခဲ့သူလော၊ သို့တည်းမဟုတ် အခြား ဆရာတဦးဦးထံ တပည့်ခံသင်ကြား ခဲ့ခြင်းလော မသိရချေ။

ပညာသင်ကြားခဲ့စဉ်က ကျွန်တော်ကိုယ်တိုင်မှာ အသက် ၂၀ကျော်လူငယ် တဦးသာဖြစ်ပြီး ဦးလုံနှင့် ဦးသောမကား သုံးဆယ်ကျော် လေးဆယ်တွင်း အိမ်ထောင်သည်များ ဖြစ်ခဲ့ကြသည်။

အသက်အရွယ် ကြီးရင့် ကွယ်လွန်သွားကြသည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်ရာ ဆရာကြီး ဆရာချယ်၏ အကြောင်း ကျွန်တော့်ထက်ပို၍ သိမှတ် ထားခဲ့ကြ မည်ဖြစ်သော ဦးလုံနှင့် ဦးသောမကိုလည်း မေးမြန်းနိုင်ခွင့်မရှိတော့ချေ။

ယင်းကြောင့် သိုင်းပြောင်းပြန်၏ သက်တမ်းသည် နှစ်ပေါင်းတရာကျော် ကြာခဲ့ပြီဟူ၍သာ ခိုင်မာစွာ ပြောနိုင်တော့သည်။

ကျွန်တော်၏သိုင်းဆရာဘဝ တလျှောက်တွင်လည်း ကျွန်တော်သည် သိုင်းပြောင်းပြန်နှင့် ပတ်သက်၍ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များမှ ကြော်ငြာခြင်းမရှိခဲ့ရာ သိုင်းပြောင်းပြန်အကြောင်း လူသိနည်းပါးနေခဲ့သည်။

သို့ရာတွင် ရန်ကုန်၌သော် လည်းကောင်း၊ နယ်၌သော် လည်းကောင်း ကျွန်တော်၏ တပည့်များ သောင်းချီ၍ ရှိနေခဲ့ပါပြီ။

များမကြာမီကမူ ကျွန်တော်၏ တပည့်ရင်းတယောက်ဖြစ်သည့် သန်လျင်မှ သိုင်းဆရာမောင်အောင်သိန်းနှင့် သန်လျင်တွင်ပင် နေထိုင်သော စာရေးဆရာမောင်ပွင့်လန်း (သတ္တုတွင်း)တို့ အချင်းချင်း စကားစပ်မိကြရာမှ ကျွန်တော့် သိုင်းဆရာဘဝကို ဝတ္ထုရေးလိုကြောင်း ပြောဆို ခွင့်တောင်းကြသည်၊ မှတ်တမ်းဖြစ်စေလိုသောကြောင့် ခွင့်ပြုလိုက်သည်။

ထိုတွင် မောင်ပွင့်လန်း (သတ္တုတွင်း)၏ သိုင်းပြောင်းပြန်၊ ပြောင်းပြန်မောင်လေး ဝတ္ထုထွက်လာသည်။ တဆက်တည်းပင် မောင်ပွင့်လန်း (သတ္တုတွင်း)ကမောင်အောင်သိန်းအကြောင်း၊သေနတ်မှာမောင်းပြန်သိုင်းမှာပြောင်းပြန်အမည်ဖြင့် ဝတ္ထု ပထမတွဲကို ထုတ်ဝေလိုက်ပြန်သည်။

ဤတွင် တတိုင်းပြည်လုံးသို့ ပျံ့နှံ့သွားသည်၊ လူသိများသွား၊ စိတ်ဝင်တစား ဖြစ်သွားကြသည်။ အနယ်နယ် အရပ်ရပ်မှ စာများရော လူများပါ ရောက်ရှိလာကြသည်။ ရန်ကုန်တွင်လည်း အများအပြား လာရောက်သင်ကြသည်။ သင်မည့် တပည့်တွေကများပြီး သင်တန်း ပို့ချသည့် သင်တန်းဆရာ နည်းပါးနေရာ မနှိုင်မနင်းပင် အနည်းငယ်ဖြစ်ခဲ့ရသေးသည်။ မိုးကုတ်၊ မြစ်ကြီးနား၊ မန္တလေး၊ မိတ္ထီလာ စသော နေရာများသို့ပါ သင်တန်း ဆရာများ ပို့ပေးခဲ့ရသောကြောင့်ဖြစ်သည်။

ယခုတဖန် သိုင်းပြောင်းပြန်ပညာကို ကျွန်တော်၏ တပည့်ရင်း သိုင်းဆရာမောင်အောင်သိန်းက ကျမ်းပြုလိုကြောင်း ခွင့်တောင်းပြန်သည်။ တိကျသော မှတ်တမ်းတစောင် ထွက်ပေါ်လာမည့် အရေးအတွက် ကန့်ကွက်ရန်မရှိချေ။

ကျွန်တော်ကား အသက်ကြီးရင့်ပြီ။ ကျွန်တော် ကွယ်လွန်ချိန်တွင် ကျွန်တော်တတ်ကျွမ်းထားသောပညာ ပျံ့နှံ့၍ ကျန်ရစ်ခဲ့မည်ဆိုလျှင်၊ အမျိုးသားရိုးရာယဉ်ကျေးမှုတရပ် အမြစ်မပြတ် ဆက်လက် ရှင်သန်နေခဲ့မည် ဆိုလျှင်ပင် ကျေနပ်ဝမ်းမြောက်မည်ဖြစ်ပါကြောင်း။

ဦးမောင်လေး
နာယကဆရာကြီး
သိုင်းပြောင်းပြန်ပင်မဌာန
အမှတ် ၂၉၅ (ဘုရင့်သန်လျက်ဆေးတိုက်အနီး)
အနောက်ရန်ကင်း
ရန်ကုန်မြို့။

ပုဇ္ဉလန်း(သတ္တုတွင်း)၏ အမှာ

သိုင်းဆရာ၊ သိုင်းသမားများကြားတွင် သိုင်းဆို၍ တကွက်မျှ မတတ်သော ကျွန်တော်သည် ကန့်လန့်ကန့်လန့်နှင့် ပါဝင်နေရသည်။ ဆရာကြီး ဦးမောင်လေး၏ သိုင်းဆရာဘဝကို ရေးသား ထုတ်ဝေလိုက်သောအခါ ကျွန်တော် ကိုယ်တိုင် သိုင်းပြောင်းပြန်တတ်သည်ဟူ၍ ထင်မှတ်ခြင်းခံရသည်။

ဝတ္ထုထဲတွင် သိုင်းပညာအကြောင်းနှင့် သတ်ကွက်များ ပီပီပြင်ပြင်ထည့်သွင်းနိုင်ခြင်းကြောင့် ဖြစ်မည်ထင်ပါသည်။

ဤအချက်ကား ခက်ခဲခြင်းမရှိပါ။ သိုင်းဆရာကြီး ဦးမောင်လေးကလည်း ကက်ဆက်ထဲတွင် သွင်းပေးသည်။ ထိုးခန်းကြိတ်ခန်းများကို ရေးရာ၌ သိုင်းဆရာကိုအောင်သိန်းကိုယ်တိုင် အနားတွင်လာ၍ သရုပ်ပြသည်။ ကျွန်တော်က ရေးသည်။ ရေးပြီး စာမူများကို ကိုအောင်သိန်းကိုယ်တိုင် ပြန်လည် ဖတ်ရှုသည်၊ မှားလျှင် ထပ်မံ၍ ပြင်ကြသည်။ ယင်းကြောင့် ဤမျှထိ သပ်သပ်ရပ်ရပ် ရှိသွားခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်ကား မတတ်ပါ။ ကိုအောင်သိန်းက သင်ပေးသည်ကိုပင် မသင်ပါ။ လွန်စွာ ပင်ပန်းသော အလုပ်ဖြစ်၍ ကြောက်နေခြင်း ဖြစ်ပါသည်။

ယခု သိုင်းပြောင်းပြန်ကျမ်းကို ပြုစုရန် ကိုအောင်သိန်းကပင် ကျွန်တော့်ကို တိုက်တွန်းပါသည်။ ကိုအောင်သိန်းသည် ကိုယ်တိုင်လည်း သိုင်းတတ်သူ၊ ခေတ်ပညာတတ်ဘွဲ့ရတဦးလည်းဖြစ်၊ ရှေ့နေသင်တန်းလည်း အောင်မြင်ထားသူဖြစ်ရာ သိုင်းပြောင်းပြန်ကျမ်းကို သူကိုယ်တိုင် ပြုစုသင့်ကြောင်း ပြန်လည် တိုက်တွန်းရသည်။

အကြောင်းမှာ သိုင်းပြောင်းပြန် ကျမ်းသည် ကျမ်းဖြစ်ပြီး ပညာတရပ်ကို ပြဆိုရမည်ဖြစ်သောကြောင့် ဖြစ်သည်။ ထိုအလုပ်ကို ဝတ္ထုရေးဆရာဖြစ်သော ကျွန်တော်က ပြုစုလျှင် ကိုအောင်သိန်းကိုယ်တိုင်ပင် အစအဆုံးရေးသားသည်နှင့် ခြားနားမည်မဟုတ်ချေ။

တဖန် သိုင်းကျမ်းကို သိုင်းပညာရှင်ကိုယ်တိုင် နှာမည်ခံ၍ ရေးသားထုတ်ဝေမှုသာ ခန့်ညားထည်ဝါမည်၊ ဝတ္ထု ကလောင်အမည်ဖြင့် ထုတ်ဝေလျှင် သေးသိမ်မည်၊ ယင်းခြွင်း ကိုအောင်သိန်းအား ကိုယ်တိုင်ကျမ်းပြု၊ ကိုယ်တိုင်အမည်ခံပြီး ထုတ်ဝေရန် အားပေးကူညီရပါသည်။

ကျွန်တော်ပေးသော အကူအညီကား စာမူများကို ဖတ်ရှုပြီး အကြံပေးခြင်း၊ စာအုပ်ထုတ်ဝေရေး လုပ်ငန်းအတွက် ထုတ်ဝေသူရှာပေးခြင်းမျှသာ ရှိပါသည်။

ကိုအောင်သိန်းတား သိုင်းပြောင်းပြန် ကျမ်းပြုဆရာဖြစ်ပြီး ဝတ္ထုရေးသားထုတ်ဝေခဲ့သည့်ကျွန်တော်မှာ စာပြောင်းပြန်သတ်သက်မှုသာဖြစ်ပါသည်။

ပုဇ္ဉ်ထန်း (သတ္တုတွင်း)

စာရေးသူ၏အမှာ

ကမ္ဘာ့တိုင်းပြည်အသီးသီး၊ လူမျိုးအသီးသီးတို့၌ ခုခံတိုက်ခိုက်သော ကိုယ်လုံပညာ(သို့မဟုတ်) သိုင်းပညာများ ရေမြေတောတောင် သဘာဝအလိုက် အနည်းနှင့်အများရှိကြပေသည်။

ဂျူဂျစ်ဆု၊ ဂျုဒို၊ အိုက်ကီဒို၊ ကီအိုင်ဂျစ်ဆု၊ ဆန်တို၊ ရှောင်လင်ကွန်ဖူး၊ ဝူရှူး၊ ဆာဖာတေး၊ ကာရာတေး၊ တိုင်ကွမ်ဒိုစသည်ဖြင့် အမည်အမျိုးမျိုးနှင့် ရှိကြသည်။

မြန်မာ့ရိုးရာ သိုင်းပညာများ၌လည်း ရှမ်းကြီး၊ ရှမ်းတရုတ်၊ ပအို့၊ ပလောင်၊ ကဒူး၊ ကချင်၊ မွန်၊ ရခိုင်၊ နာဂ၊ ချင်း စသည်အားဖြင့် တိုင်းရင်းသားရိုးရာ ဓလေ့အလိုက် သိုင်းပညာရပ်များ တွေ့ရှိရပြန်သည်။

သိုင်းပညာမှန်သမျှသည် တော၊ တောင်၊ မြစ်၊ ချောင်း၊ လေမုန်တိုင်း၊ တိရစ္ဆာန်တို့၏ သဘာဝမှ အတုယူ၍ လူ့သဘာဝနှင့် ကိုက်ညီအောင် ပြုပြင်တီထွင်ထားသော ပညာရပ်များဖြစ်သည်။

မြစ်ချောင်းတို့၏ ရေစီးအဟုန်ဖြင့် ဖြိုဖျက်တိုက်စားခြင်း၊ လေမုန်တိုင်းအားဖြင့် လဲပြိုခြင်းများသည် သိုင်းပညာ၏ ခုခံတိုက်ခိုက်မှု အခြေခံများဖြစ်သည်။

တောတိရစ္ဆာန်တို့၏သဘာဝ၊ကျေးငှက်တို့၏ သဘာဝအလိုက်ခုခံတိုက်ခိုက်ပုံများကို အတုယူပြီး ရှေးသိုင်းဆရာကြီးများက လူ့ဘဝနှင့် လိုက်လျောညီထွေရှိအောင် တီထွင် ဖန်တီးပြီး လေ့ကျင့်သင်ကြားခဲ့ကြသည်။

မြန်မာ့ရိုးရာ သိုင်းပညာများတွင်လည်း ကျားအုပ်၊ ကျားလှန့်၊ ကျားပုတ်၊ ကျားကုတ်၊ ကျားမြီးဆွဲ၊ သမင်လည်ပြန်၊ ခြင်္သေ့လည်ပြန်၊ ခြင်္သေ့ထိုင်၊ ကြောင်လိမ်၊ ကြောင်ကျ၊မျောက်ခုန်၊ မျောက်ရှောင်၊ ဆက်ရက်ခုန်၊ဆက်ရက်ပစ်၊ စင်ရော်သုတ်၊ ဒေါင်းမြီးဆွဲ၊ ဆင်နှာမောင်း၊ ဆင်စွယ်ဝင်းယှက်စသော အခေါ်အဝေါ် အသုံးအနှုန်းများကို ထောက်ရှုခြင်းဖြင့် တိရစ္ဆာန်တို့၏နည်းပရိယာယ်များ၊ သဘာဝများ ပါဝင်ကြောင်း သိသာလှပေသည်။

လူ့သမိုင်းတလျှောက်၌ လူသားတို့၏ ယဉ်ကျေးမှုဟူသည် ရပ်တန့်နေခြင်းမရှိ၊ အခါအားလျော်စွာ ပြောင်းလဲလျက်ရှိသည်။ ထို့အတူ သိုင်းပညာမှာလည်း တနေရာမှ တနေရာသို့ ပျံ့နှံ့လျက်ရှိသည်။

သိုင်းပညာများ မူလစတင်ထွန်းကားရာ၊ ပြန့်ပွားရာ အရပ်ဒေသနှင့် ပတ်သက်၍ ယူဆချက်အမျိုးမျိုး ရှိကြပြန်သည်။ သမိုင်းဆရာများအလိုအရတချို့က တိဗက်ပြည်၊ တချို့က အိန္ဒိယပြည်အလယ်ပိုင်းနှင့် မြောက်ပိုင်း၊ တချို့က တရုတ်နိုင်ငံမှ စတင် ပြန့်ပွားလာသည်ဟု ဆိုကြသည်။

အိန္ဒိယပြည်မှတဆင့် အေဒီ ၃၀၀ စုနှစ်လောက်တွင် မြန်မာနိုင်ငံမှ တရုတ်ပြည်များသို့ ရောက်ရှိသည်ဟု ခန့်မှန်းကြပြန်သည်။

မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-ဂျပန်-ကိုရီးယား စသော အရှေ့တိုင်းနိုင်ငံများသို့ အေဒီ ၅၀၀ စုတွင်မှအစပြု၍ တရုတ်ပြည်မှ သိုင်းပညာများ ပြန့်ပွားရောက်ရှိသည်ဟု သမိုင်းပညာရှင်တချို့က ယူဆကြပြန်သည်။

မြန်မာ့သမိုင်း သုတေသီများအလိုအရ မြန်မာနိုင်ငံသို့ သိုင်းပညာများ ရောက်လာချိန်မှာ အေဒီ ၆၀၀ စုတွင် မဟာယာန အယူဝါဒများ ပုဂံသို့ ရောက်ရှိလာချိန်မှစ၍ ယင်း အယူဝါဒများနှင့်အတူ သိုင်းပညာများ ပျံ့နှံ့တိုးတက်လာသည်ဟု ယူဆပြန်သည်။

မြန်မာ့သိုင်းသမိုင်းတလျှောက်တွင် အရည်းကြီးတို့သည်အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပွဲခကြောင်းများသည် အရည်းကြီးတို့၏ အဆက်အနွယ်များမှ ပေါက်ဖွားလာခဲ့ကြသည်။

အရည်းကြီးတို့သည် မဟာယာန အယူဝါဒ ပုဂံသို့ ရောက်မလာမီ အချိန်ကပင်ရှိနှင့်ပြီးဖြစ်သည်။

ရောက်ရှိလာသော မဟာယာန အယူဝါဒများ၊ လောကီ ပညာရပ်များအားလုံးတို့ကို အရည်းကြီးတို့ကပင် လက်ခံ ကျင့်သုံးဖြန့်ဖြူးပေးခဲ့ ကြသည်။ ၎င်းတို့သည် စုန်း၊ ကဝေ၊ ပယောဂ၊ အင်း၊ အိုင်၊လက်ဖွဲ့၊ ခလုံ့၊ ဂါထာ၊ မန္တရားများနှင့် ဆေးဝါးပညာ၊ သိုင်းပညာများ၊ ဆင်စီး၊ မြင်းစီး အတတ်ပညာအမျိုးမျိုးတို့ကို ပုဂံသားတို့အား သင်ကြားပေးသော ဆရာကြီးများပင်ဖြစ်သည်။

မြန်မာများ ကိုယ့်ထီး၊ ကိုယ့်နန်း ကိုယ့်ကြင့်နန်းဖြင့် အုပ်စိုး ခဲ့စဉ်က သိုင်းပညာများသည် မင်းညီမင်းသား မင်းမှုထမ်းများသာ အထူးကျွမ်းကျင်တတ်မြောက်ကြသည်။

ယင်းခေတ်ကာလတွင် မြန်မာ့သိုင်းပညာအား အိမ်နီးချင်း နိုင်ငံများသာမက နိုင်ငံတကာကပါ လေးစားခဲ့ကြသည်။

ပထမမြန်မာနိုင်ငံ ထူထောင်ခဲ့သော ပုဂံခေတ်က အနော်ရထာ မင်းစောလက်ထက်မှ ကုန်းဘောင်ခေတ် တတိယ မြန်မာနိုင်ငံတော် ပျက်စီးသည်အထိ အလယ်ခေတ်သမိုင်းတလျှောက်လုံး၏ စစ်ပွဲများကို လေ့လာခြင်းဖြင့် မြန်မာတို့၏ တိုက်ခိုက်မှု စွမ်းရည် မည်မျှ ထက်မြက်ကြောင်း၊ မြန်မာ့ သိုင်းပညာ အဆင့်အတန်း မည်မျှ မြင့်မားကြောင်းတို့ကို ထင်ရှားပေါ်လွင်စွာ တွေ့မြင်နိုင်သည်။

မြန်မာစစ်သည် ရဲမက်တဦးချင်းကိုလည်းကောင်း၊ စစ်သူကြီးများ သူရဲကောင်းများကို နိုင်ငံများစွာက ကြောက်ရွံ့လေးစားကြရသည်။

သည်မျှ အစွမ်းထက်ခဲ့သော မြန်မာ့သိုင်းပညာရပ်များသည် ဗြိတိသျှလက်အောက် ကျွန်သဘောက်အဖြစ် ရောက်ရှိချိန်မှစ၍ အမျိုးမျိုးဖိနှိပ်ချုပ်ချယ်မှုများကြောင့် သိုင်းပညာများ တဖြည်းဖြည်း မှေးမှိန်လာခဲ့သည်။

ကိုလိုနီခေတ်တွင် မြန်မာ့သိုင်း ပညာတိမ်မြုပ် ငုပ်လျှိုး သွားခဲ့ရသည်။ သို့သော် ကိုလိုနီခေတ် နယ်ချဲ့တော်လှန်ရေး သမိုင်းတလျှောက်တွင်ဖြစ်ပေါ်ခဲ့သော အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲများ၌ မြန်မာတိုင်းရင်းသားတို့သည် ဓား၊ လှံ၊ လေး၊ မြား ရရာလက်နက်များဖြင့် အမြောက် သေနတ်များကိုပင် လက်ရုံးရည်၊ နှလုံးရည်ဖြင့် အနိုင်တိုက်ယူခဲ့ကြောင်း မှတ်တမ်းများ ရှိပေသည်။

ဖက်ဆစ် ဂျပန်များကို မြန်မာ့မြေပေါ်မှ တော်လှန် မောင်းထုတ်ခဲ့စဉ် အခါကလည်း မြန်မာ့ဓားသည် ဖက်ဆစ်တို့၏ သွေးများကို သောက်ခဲ့သည်။

သို့ရာတွင် စစ်ပြီးခေတ် လွတ်လပ်ရေးရချိန်မှစ၍ မြန်မာ့ရိုးရာ သိုင်းပညာများကို ပြန်လည်ဖော်ထုတ်ရာတွင် နှောင့်နှေးကြန့်ကြာခဲ့ခြင်းကြောင့် လည်းကောင်း၊ ကိုလိုနီခေတ်တွင် သိုင်းပညာများ ဖိနှိပ်ခံရပြီး တိမ်မြုပ် ခဲ့ခြင်းကြောင့် လည်းကောင်း၊ မြန်မာ့ရိုးရာ သိုင်းပညာများ ထိန်းသိမ်း ရာတွင် စည်းကမ်း တင်းကြပ်လွန်းခြင်းကြောင့်လည်းကောင်း၊ သိုင်းပညာ ပြန့်ပွားမှုနည်းပါးလာခဲ့ရသည်။

အစွမ်းထက်သော သိုင်းပညာများ ပျောက်ကွယ်ခဲ့ရသည်။ ခေတ်အဆက်ဆက်တွင် မြန်မာ့ရိုးရာ သိုင်းပညာများကို တိုင်းရင်းသားများကသာကောင်းမွန်စွာ ထိန်းသိမ်း ထားနိုင် ခဲ့ကြသည်။ ထိန်းသိမ်းနိုင်ရန် အခြေအနေများလည်း ပေးခဲ့သည်။

ထို့ကြောင့် ယနေ့ မြန်မာ့ရိုးရာသိုင်းပညာများကို လေ့လာ ကြည့်ရာတွင် ရှမ်းကြီး၊ ရှမ်းတရုတ်၊ ပလောင်၊ ပအို့၊ ကဒူး စသည်ဖြင့် တိုင်းရင်းသားရိုးရာဓလေ့အလိုက် ပညာရပ်များ တွေ့ရှိရသည်။

အထူးသဖြင့် ရှမ်းလူမျိုးများထဲတွင် မြန် မာ့ ရိုး ရာ သိုင်းပညာများ ဂျင်သန် လာခဲ့သည်ဆိုလျှင် ပို၍မှန်ပေသည်။

ကမ္ဘာ့တိုင်း ရှမ်းအမျိုးသားတို့၏ လက်ဝယ်ထိန်းသိမ်း စောင့်ရှောက်ရှင်သန်ခဲ့သော သိုင်းပညာများသည် မြေပြန့်သို့ တဖန်ပို့နှံခဲ့ပြန်သည်။တိုင်းရင်းသား ရိုးရာသိုင်းပညာများသာမက သိုင်းပြောင်းပြန်သည်လည်း ဤနည်းနှင့်ပင် ပြည်မသို့ ပို့နှံခဲ့သည်။

ရှမ်းပြည်သား ရှမ်းအမျိုးသား သိုင်းဆရာကြီး ဆရာချယ်သည် အောက်ပြည် အောက်ရွာဖြစ်သော ဟံသာဝတီခရိုင် တွံတေးမြို့အအိုင် ဇောတိကုန်းရွာသို့ ရောက်လာသည့်အချိန်မှစ၍ ခူးခါချန် (၀၇) သိုင်းပြောင်းပြန်ပညာ မြန်မာတပြည်လုံး ပျံ့နှံ့ခဲ့သည်။

အကြောင်းမူကား ဆရာကြီး ဆရာချယ်ထံမှ ဆရာဖြစ်ယူခဲ့သော ဦးမောင်လေးသည် ဆရာဖြစ်ယူသည့် ၁၂၀၀ ပြည့်နှစ်မှစ၍ ယနေ့အချိန်အထိ မြန်မာပြည်အနှံ့အပြား လိုက်လံ ပို့ချသင်ကြားနေခြင်းကြောင့်လည်းကောင်း၊ စာရေးဆရာ သတ္ထုတွင်း ပွင့်လန်း၏ သိုင်းပြောင်းပြန်၊ ပြောင်းပြန် မောင်လေးနှင့် သနတ်မှာ မောင်းပြန်၊ သိုင်းမှာ ပြောင်းပြန် ဟူသော ဝတ္ထုစာအုပ်များကြောင့်လည်းကောင်း သိုင်းပြောင်းပြန် ပညာရပ်ကို စိတ်ပါဝင်စားလေ့လာလိုက်စားသူ ပိုမိုများပြားလာခဲ့သည်။

သိုင်းပြောင်းပြန်ပညာကို လေ့လာသင်ကြားလိုပါသော်လည်း အခြေအနေအကြောင်း အရပ်ရပ်ကြောင့် တတ်ကျွမ်းသော ဆရာများနှင့် ကိုယ်ထိလက်ရောက် မသင်ကြားနိုင်သူများက စာနှင့် ရေးသားဖြေရှင်းသင်ကြားပေးရန်၊ စာပေး စာယူ သင်တန်းဖြင့် သင်ကြားပေးရန် အနယ်နယ် အရပ်ရပ်မှ စာများဖြင့် ဆက်သွယ် တောင်းခံခဲ့ကြပါသည်။

ဤစာအုပ်ကို ပြုစု ရေးသားရခြင်းသည် ထိုကဲ့သို့ သိုင်းပြောင်းပြန်ပညာအား စာပေဖြင့်လေ့လာလိုကြသော သိုင်းဝါသနာရှင်များ၏ ဆန္ဒအရလည်းကောင်း၊ ဆရာကြီးဦးမောင်လေးကိုယ်တိုင် အနှစ်နှစ်အလလ မျှော်လင့်ခဲ့သည့် သိုင်းပြောင်းပြန်စာအုပ် ထုတ်ဝေလိုသောဆန္ဒအား ဖြည့်စွမ်းခြင်းဖြင့်လည်းကောင်း၊ အဆင့်မြင့် မြန်မာ့ရိုးရာ သိုင်း ပညာရပ်အား စာပေဖြင့် မှတ်တမ်းတင်လိုခြင်းကြောင့်လည်းကောင်း ရေးသားပြုစုရခြင်း ဖြစ်ပါသည်။

ကျမ်းပြုသူ အနေဖြင့် သိုင်းပြောင်းပြန် ပညာကို နာယက ဆရာကြီး ဦးမောင်လေး၏တပည့် ဆရာဦးသန်းရွှေထံမှ ၁၉၆၂ ခု၊ ဒီဇင်ဘာလ ၂၅ရက် နေ့တွင် သင်ကြား ခဲ့သည်။ (၇)ရက်တိုင်းတွင် (၄)ရက်သာ သင်ယူခွင့်ရခဲ့သည်။

ဆရာကြီး ဦးသန်းရွှေက အခြေခံ (၂)ကွက်၊ (၃)ကွက်၊ (၅)ကွက်များအား လက်သိုင်းတမျိုးနှင့် တုတ်သိုင်းတမျိုးသာ သင်ပေးခဲ့သည်။

သိုင်းစဟင် မသင်မီကာလကဆိုလျှင် ဗန်တို၊ ဗန်ရှည်စသော သိုင်းပညာများအားအထင်မကြီးခဲ့။ အင်္ဂလိပ်လက်ဝှေ့ကိုသာအထင်ကြီးခဲ့သည်။အားကိုးခဲ့အားထားခဲ့သည်။

ငယ်ရွယ်သည့်အလျောက်၊ အားတွေအခေါ် အတွေ့အကြုံ နှံ့နယ်သည့် အလျောက် လက်မြန်ပုသာလျှင် သတ်ပုတ်ရာ၌ အဓိကအဆုံးအဖြတ်ဖြစ်သော အနိုင်အရှုံးကို ပေးနိုင်သည်ဟူ၍ ယူဆခဲ့သည်။

သိုင်းသင်ပြီးသည့် နောက်ပိုင်းတွင်ကား၊ ကျွန်တော့် အတွေးအခေါ်လွဲမှားနေကြောင်း သိနားလည်လာရသည်။ သိုင်းပညာဟူသည် လက်သာမက ခန္ဓာကိုယ် အစိတ်အပိုင်းများနှင့်ပါ ကာကွယ်တိုက်ခိုက်ကြောင်း၊စနစ်ကျသော အကွက်များ၊ အခုန်၊ အပုံ၊ အယို့၊ အတိမ်း၊ ပရိယာယ်များကို အနည်းငယ် လေ့လာမိသည်မှစ၍ သိုင်းပညာကို စိတ်ဝင်စားခဲ့သည်။ အထင်ကြီးခဲ့သည်။

သို့သော် သင်ရက်မှာ(၄)ရက်၊ တတ်ကျွမ်းသည်မှာ တကွက်၊နှစ်ကွက် ဖြစ်နေ၍ ကျေနပ်ခြင်းမရှိ၊ ဆက်၍ သင်လို၊ တတ်လို၊ လေ့လာလို စိတ်များ ဝင်လာသည်။

ထို့ကြောင့် သိုင်းပညာတတ်ကျွမ်းသောဆရာများထံ သင်ကြားခဲ့သည်။ အင်းလေးသိုင်း၊ ရှမ်းကြီးသိုင်း၊ ရှမ်းတရုတ်သိုင်း၊ကဒူးသိုင်း၊ မြန်မာ့ရိုးရာသိုင်းစသည်ဖြင့် ဆက်သွယ်မိသမျှ ဆရာများထံ လေ့လာသင်ကြားဆည်းပူးခဲ့သည်။ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှဖွင့်လှစ်သော သိုင်းသင်တန်းသို့လည်းတက်ရောက် သင်ကြားခဲ့သည်။ သိုင်းပညာနှင့်ပတ်သက်၍ ပညာ၊ ဗဟုသုတပေါင်းများစွာ ရရှိခဲ့သည်။

ဂျူဒို၊ ကာရာတေး၊ အိုက်ကီဒိုပညာများကိုလည်း အခွင့်အခါသင့်တိုင်း တတ်ကျွမ်းသူပညာရှင်များနှင့် ဆွေးနွေးလေ့လာသည်။ သင်ကြားခြင်းကား မရှိခဲ့။ အထင်မကြီး၍မဟုတ်၊ မလေးစား၍မဟုတ်၊ မြန်မာ့သိုင်း ပညာများကို စောက်ချပြီး သင်ကြားနေခြင်းကြောင့်ဖြစ်သည်။

တိုင်းတပါး ပညာများကို လေ့လာ မိရာ၌ ကာရာတေးသည် သိုင်းပြောင်းပြန်နှင့်လည်းကောင်း၊အိုက်ကီဒိုသည်ရှမ်းကြီးသိုင်း၊ မြန်မာ့သိုင်းများနှင့် လည်းကောင်း တချို့လက်ကွက်များ၌ ခပ်ဆင်ဆင်တူကြောင်း တွေ့ရသည်။

သို့သော်လည်း သိုင်းပြောင်းပြန် လက်သိုင်းအား မြည်းစမ်းသင်ကြားခဲ့ခြင်းကြောင့်လည်းကောင်း၊ သိပ္ပံနည်းကျသော ပညာရပ် ဖြစ်သောကြောင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာ သိုင်းပညာရပ် ဖြစ်ခြင်းကြောင့် လည်းကောင်း သိုင်းပြောင်းပြန် ပညာကိုသာ ဆက်လက် သင်ကြားမည် ဟူ၍ ဆုံးဖြတ်ခဲ့သည်။

ဤအချိန်မှာပင် ကံကောင်းထောက်မလေ၍လား၊ ဘဝရေစက်ကြောင့် ဟူ၍ပင် ဆိုရလေမည်လားမသိ။ သိုင်းပြောင်းပြန် နာယက ဆရာကြီးဦးမောင်လေးနှင့်မမျှော်လင့်ပဲ အဆက်အသွယ်ရခဲ့သည်။

ဆရာကြီးအား သန်လျင်သို့ပင့်ဖိတ်ပြီး သိုင်းပြောင်းပြန်ပညာရပ်များကို အခြေခံမှစ၍သင်ကြားခဲ့သည်။ အချိန်ကား ၁၉၆၅ ခု၊ မတ်လ ၁၇ ရက်နေ့ ဖြစ်သည်။

သိပ္ပံနည်းကျပြီး လူ့သဘာဝနှင့်လိုက်ဖက်ညီသော ပညာရပ်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ဆရာကြီး၏ ပွင့်လင်းရိုးဖြောင့်သော စိတ်ဓာတ်၊ ကြံ့ခိုင်သန်မာဖျတ်လတ်သော လူနေဟန်ထားများကြောင့် သိုင်းပြောင်းပြန်ပညာကိုလည်းကောင်း၊ ဆရာကြီးဦးမောင်လေးကိုလည်းကောင်း ဘံဘောင်ပို့တွယ်ခဲ့သည်။ လေးစား ကြည်ညိုခဲ့သည်။ အခွင့်အခါသင့်တိုင်း ဆက်လက်သင်ကြားဆည်းပူးခဲ့သည်။

ယနေ့တိုင် ဆရာကြီးထံမှ ဆက်လက် သင်ကြား ဆည်းပူးဆဲပင်ဖြစ်ပါသည်။သိုင်းပြောင်းပြန်သာမက စနစ်ကျသောသိုင်းပညာရပ်ဆိုလျှင် မည်သည့်ဆရာ၊ မည်သည့်ပညာမဆို သင်ကြားနာယူမည်သာ ဖြစ်ပါသည်။

ဂျပန် ကာရာတေးပညာမှာ သိုင်းပြောင်းပြန်နှင့် တူသော လက်ကွက်အချို့ပါဝင်ကြောင်း၊ လေ့ကျင့်ပုံနည်းစနစ်တချို့တူကြောင်း ဆရာကြီးအားစောဒက တက်မိသည်။

"တူချင်လည်းတူမယ်ပေါ့။ ဒါပေမယ့် ဆရာတို့ ခေတ်တုန်းကတော့ ကာရာတေးတို့၊ ဂျူဒိုတို့ဆိုတာ မြန်မာပြည်မှာ မသင်သေးဘူး၊ မရှိသေးဘူး၊ မြန်မာသိုင်း၊ ရှမ်းသိုင်း၊ ကုလားသိုင်းတွေပဲ ရှိကြတယ်၊ သင်ကြတယ်။ ဂျပန်စစ်သားတွေကိုတောင် ဂျပန်ခေတ်တုန်းက ဖျာပုံမှာ တလကျော်ကျော် ဆရာသိုင်းပြောင်းပြန်သင်ပေးခဲ့ရသေးတယ်"ဟု ဆိုသည်။

အမှန်စင်စစ် သိုင်းပြောင်းပြန် လက်သိုင်းကွက်အချို့တွင်သာ ကာရာတေး ပညာရပ်နှင့် ဆင်ဆင်တူသည်မဟုတ် တုတ်သိုင်းသည်လည်း ဂျပန်ကင်ဒိုမားသိုင်းနှင့်လည်းကောင်း၊ လက်သိုင်း အချို့သည် ဂျူဂျစ်ဆု ပညာရပ်နှင့်လည်းကောင်း၊ ရိုက်ပုံ၊ ခုတ်ပုံ၊ နှိုက်ပုံများ တချို့နေရာ၌ အနည်းငယ်တူကြောင်း တွေ့ရသည်။ ပညာရပ်ချင်း မည်ကဲ့သို့ ဆက်နွယ် နေကြောင်း သိမိုင်းကြောင်း အထောက်အထားကို ရှာမရပေ။

သိုင်းပြောင်းပြန် ဖခင်ကြီး ဖြစ်သူ ဆရာချယ်သည် အခြားသော သိုင်းပညာရပ်များကို စုပေါင်း၍ ဤသိုင်းပြောင်းပြန် ပညာကို စတင် တီထွင်သူ ဆရာကြီးလော၊သို့မဟုတ် တီထွင်သူ ဆရာကြီးတဦးဦးထံမှတပည့်ခံ၍ သင်ကြားခဲ့ခြင်းလော။ သိုင်းပြောင်းပြန်သည် မည်သည့် အထက်ကျော်ကာရီအချိန်မှစ၍ စတင် ပေါ်ပေါက် ခဲ့ကြောင်းကား ခိုင်လုံသော အထောက်အထားမှတ်တမ်းများမရှိ။ ယင်းကြောင့် သိုင်းပြောင်းပြန်သမိုင်းကို မည်သူမျှ အတတ် မပြောနိုင်သေးချေ။ လက်လှမ်းမီသမျှ မှတ်တမ်းများ အရကား ဆရာကြီးဦးချယ်သည်ပင် သိုင်းပြောင်းပြန်ဖခင်ကြီး ဖြစ်ပေသည်။

သို့ပါသောကြောင့် သိုင်းပြောင်းပြန်ပညာနှင့်တူသော ပညာမျိုးတွေ့ရှိခဲ့လျှင်သော်လည်းကောင်း၊ ဆရာချယ်၏ သမိုင်းကြောင်းနှင့် ပတ်သက်၍တွေ့၊ သိ၊ မြင်၊ ကြား မှတ်တမ်း အထောက်အထားများ ရှိခဲ့ပါက အထူးကျေးဇူးပြု၍ အကြောင်းကြားဆက်သွယ်ပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

သိုင်းပညာရပ်များနှင့်ပတ်သက်၍ တိုးတက်ရာ တိုးတက်ကြောင်းအပြု သဘောနှင့် ဆွေးနွေး၊တိုင်ပင်၊ နှီးနှောဖလှယ်လိုကြပါလျှင်လည်း ကျမ်းပြုသူထံ ဆက်သွယ်ကြပါရန် ထပ်လောင်း၍ ပန်ကြားအပ်ပါသည်။

ဤသိုင်းပြောင်းပြန် လက်သိုင်း ပထမတွဲကို ရေးပြီးနောက် သိုင်းပြောင်းပြန်လက်သိုင်း၊ တုတ်သိုင်း၊ ဓားသိုင်းများကိုလည်း သိုင်းဝါဒနာရှင်များ လေ့လာနိုင်ရန် ဆက်လက်ရေးသားပါမည်။

သိုင်းပြောင်းပြန် ပညာသာမက သိုင်း ပညာနှင့် ပတ်သက်လာလျှင် အခွင့်အခါသင့်တိုင်း မည်သည့်ဆရာ၊ မည်သည့်ပညာရပ်ကိုမဆို ရေးသားမည် ဖြစ်ပါသည်။

ဝန်ခံချက်

မြန်မာ့ရိုးရာ သိုင်းပညာရပ်များ၌လည်းကောင်း၊ ကာရာတေး၊ ကွန်ဖူး၊ အိုက်ကီဒို၊ တိုက်ကွမ်ဒို၊ အီလင်ကွေ့၊ တချင့်စသော ပညာရပ်များ၌လည်းကောင်း သက်ဆိုင်ရာ ပညာရပ်များအလိုက် အတွေးအခေါ် အယူအဆ၊ နည်းစနစ်ကောင်းများ အသီးသီးရှိကြောင်း တွေ့ရပါသည်။

အောင်သိန်း

၂၀၄ ဘုရားလမ်း၊ သန်လျင်မြို့။

ကျေးဇူးတင်ရှိခြင်း

ဤစာအုပ် ဖြစ်မြောက်ရန်အတွက် အကြံဉာဏ်များ၊ ရှင်းလင်းချက်များ၊ အကူအညီများ ပေးခဲ့ကြသော ဆရာကြီး ဗန်းမော် ဦးသိန်းအောင် (ကွန်ဖူး)၊ ဆရာဦးသန်းဝင်း(ကာရာတေး)၊ ဆရာဦးကျော်အေး(တိုက်ကွမ်ဒို နှင့် ကာရာတေး)၊စာရေးဆရာ ဆရာမင်းသွေး(အိလင်ကွေ့)၊ သိုင်းပြောင်းပြန် ဝတ္ထုများ ရေးသားအားပေးသော စာရေးဆရာ ပွင့်လန်း(သတ္တုတွင်း)နှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ မြန်မာ့ရိုးရာ သိုင်းဆရာကြီးများအား အထူး ကျေးဇူး တင်ရှိကြောင်း မှတ်တမ်းတင် ဂါရဝပြုအပ်ပါသည်။

ဤစာအုပ်ရေးရခြင်း၏ ရည်ရွယ်ချက်

၁။ သိပ္ပံနည်းကျသော မြန်မာ့ရိုးရာ သိုင်းပညာ ရပ်အား မှတ်တမ်းတင်ခြင်း။

၂။ နာယကဆရာကြီး ဦးမောင်လေး၏ အနှစ်နှစ် အလလမှ ရည်ရွယ်ချက်အား ကျေးဇူးတုံ့ပြန် အကောင်အထည် ဖော်ခြင်း။

၃။ သိုင်းဝါသနာရှင်များအား အခြား သိုင်းပညာရပ်များနှင့် ယှဉ်တွဲနှိုင်းယှဉ်လေ့လာရန် တင်ပြခြင်း။

၄။ ဤ သိုင်းပညာကို လေ့လာလိုက်စား သင်ကြားခြင်းဖြင့် ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ လျင်မြန်ခြင်း၊ သက်လုံ ကောင်းခြင်းများ ဖြစ်စေလိုခြင်း။

၅။ ပြည်တွင်း-ပြည်ပ အဖျက် ရန်သူများအား တရားသော စစ်အသွင်ဖြင့် အနိုးကပ် တိုက်ခိုက်ရာ၌ အသုံးပြုရန် ရည်ရွယ်ခြင်း။

၆။ အနန္တော အနန္တငါးပါး တို့အား ဤပညာရပ်ဖြင့် အကာ အကွယ်ပေးရန်၊ စောင့်ရှောက်ရန် ရည်ရွယ်ခြင်း။

သိုင်းပြောင်းပြန် နောက်ခံသမိုင်း

ပြောင်းပြန်ပညာ သို့မဟုတ်၊ သိုင်းပြောင်းပြန်ပညာကို မြန်မာပြည် (ပြည်မ)တွင် စတင်ပို့ချခဲ့သောသူမှာ ယခုတိုင် အသက်ထင်ရှားရှိနေသော သိုင်းပြောင်းပြန် နာယကဆရာကြီး ဦးမောင်လေး၏ ဆရာ-ဆရာကြီး ဦးချယ်(သို့မဟုတ်)ရှမ်းအမျိုးသား သိုင်းဆရာကြီး ဆရာချယ် ပင်ဖြစ်သည်။

ဆရာကြီးဆရာချယ်သည် ရှမ်းပြည်မှ ဆင်းလာသော သိုင်းဆရာကြီး ဖြစ်သော်လည်း မည်သည့် မြို့ရွာတွင် နေထိုင်ခဲ့ကြောင်း၊ မည်သည့် စော်ဘွားထံတွင် အမှုထမ်းခဲ့ကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိပဲ မိမိဘဝကို လျှို့ဝှက်ခဲ့ခြင်းကြောင့် ဆရာကြီးဦးချယ်၏ ဇာတိ၊ ဇာစ်မြစ်၊ ဘဝဖြစ်စဉ်ကို တပည့်ဖြစ်သူ ဆရာကြီး ဦးမောင်လေး ကိုယ်တိုင်ပင် မသိရှာပေ။

ယင်းကြောင့် လောလောဆယ် မှတ်တမ်းများ အရ ဆရာကြီး ဦးချယ်သည် သိုင်းပြောင်းပြန် ပညာ၏ ဖခင်ကြီးပင်ဖြစ်သည်။ ရှမ်း ပြည်မှ ပြည်မသို့ ၁၂၇၇ ခုနှစ်၌ ဆင်းလာခဲ့သည်။ ကုမေဓာအမည်ရှိ သော ရှမ်းအမျိုးသားတဦး၏ လမ်းပြမှုဖြင့် ဟံသာဝတီခရိုင် တွင်းတော်မြို့ အပိုင် ဇောတိကုန်းရွာသို့ ရောက်ခဲ့သည်။ဇောတိကုန်းရွာသို့ မရောက်မီ သန်လျင်မြို့၌ ခေတ္တ ခိုနားခဲ့၍ ဦးရွှေဖုန်းအား ပညာသင်ပေးခဲ့ သည်။

ဇောတိကုန်းရွာသည် ရှမ်းပြည်မှ ဆင်းလာသော ရှမ်းအမျိုးသား များ စုပေါင်း တည်ထောင်ထားသောရှမ်းရွာကြီးဖြစ်သည်။ တွင်းတော် တောကြီးတန်းရှိ စမ်းချောင်းကြီးတခု၏ ဘေးတွင် တည်ထောင် ထား ခြင်းဖြစ်သည်။ ထိုစမ်းချောင်းကို အမှီပြု၍ အရိုးတောင်ရွာ၊ ထိပနာ ရွာ၊ ပေါက်ကုန်းရွာများလည်း တည်ရှိပေသည်။

ဇောတိကုန်း တရွာလုံးသည် ဆွေမျိုးတွေချည်းဖြစ်သည်။ မောင်လည်နှမလည် အခြောင်းပါဆားကြသူများဖြစ်သည်၊

တရွာလုံးတွင် အစွမ်းထက်သော သိုင်းဆရာကြီးများရှိသည်။ ဦးဝါလိန္ဒ၊ ဦးစူးပညာ၊ ဦးအေး၊ ဦးကျောက် စသည် စသည်တို့ဖြစ်သည်။

ရွာတွင်း၌ ကလေးများ၊ ကာလသားများ သိုင်းကစားနေသည်ကို တွေ့လျှင် တွေ့သော မြင်သော ဦးကြီး၊ ဦးလေးတို့က လူငယ်တို့၏ ကစားကွက်များကို ကြုံသလို ပြုပြင် သင်ကြား ပေးသွားတတ်ကြလေသည်။ မည်သို့တက်ရမည်၊ မည်သို့လှည့်ရမည်၊ ရိုက်ရမည်၊ ခုန်ရမည် စသည် စသည်တို့ဖြစ်ပေသည်။ ပွဲလမ်းသဘင်ရှိလျှင်လည်း ရှမ်းအိုးစည်ကြီး တီးကာသိုင်းကွက်နင်း သိုင်းကစား၍ပင် ပျော်ရွှင်လေ့ ရှိကြသည်။

ဇောတိကုန်းရွာရှိ သိုင်းဆရာကြီးများ အနက် ဦးမောင်လေး၏ ယောက်ဖဖြစ်သူ ဦးစူးပညာသည် သိုင်းပညာ အထက်မြက်ဆုံးသော သိုင်းဆရာကြီးဖြစ်သည်။

သည်ကြားထဲတွင် တုတ်၊ ဓားကလည်း ပီးသေးသည်။ မြင်းပေါ်သို့ တက်လိုလျှင် ခြေနင်းကွင်းကို နင်း၍တက်ရသော်လည်း မတက်ပဲ မိမိအစွမ်းကိုပြသောသဘောဖြင့် လူနှစ်ယောက်အား လှံနှစ်ချောင်းဖြင့်သူ၏ ချိုင်းကို မတင်ခိုင်းသည်။ မြင်းပေါ်သို့ ရောက်သွားလေသည်ပင်။

သည်ရွာတွင် ထိုကဲ့သို့ တုတ်၊ ဓားပီးသော သိုင်းဆရာ များစွာရှိသည်။ သိုင်းလည်းတတ်သည်ဆိုတော့ ဘာမျှမှုစရာမလိုတော့၊ သေနတ်ကလွဲလျှင် ကြောက်စရာမလိုတော့ချေ။

ယောကျ်ားများသာမဟုတ် အမျိုးသမီးများသည်လည်း စွမ်းရည်ထက်မြက်ကြလေသည်။ ဦးအေး၊ ဦးရေးတို့ ညီမ မမယ်စိန် ဆိုလျှင် တော်ယုံ တန်ယုံ ယောကျ်ားများပင် ၎င်းနှင့် ယှဉ်ပြိုင်၍ သိုင်းကစားရန် မဝံ့ကြပေ။

တရွာလုံး သိုင်းတတ်ကြသည်။ သိုင်းဆရာကြီးများလည်း ရွာတွင်ရှိသည်။ ဤကြားထဲမှပင် အစွမ်းထက်သော သိုင်းဆရာများရှိပါက ရွာသို့လာရန် ပင့်ဖိတ်ခဲ့ကြသည်။ အခကြေးငွေပေး၍ သင်ကြား လိုကြသည်။ အဆက်အသွယ် ရသမျှ မှာကြားကြသည်၊ တကယ်တတ်သော သိုင်းဆရာဆိုလျှင် တပည့်ခံ၍ သင်ကြားလိုကြခြင်း ကြောင့်ဖြစ်သည်။ ပညာစမ်းလို၍၊ အရှက်ခွဲလို၍ မှာကြားကြခြင်းကား မဟုတ်ပေ။

ပင့်ဖိတ် မှာကြားသည့်အတိုင်း သိုင်းဆရာ တယောက်ပြီးတယောက် ရောက်ရှိလာကြသည်။ ရောက်လျှင် သိုင်းသင်ပေးသည်။

သို့ရာတွင် အချို့သော သိုင်းဆရာများသည် (၃-၄)ရက်ထက်ပို၍ မသင်ကြားရ၊ ဇောတိကုန်းရွာမှ ထွက်ခွာသွားကြရသည်သာဖြစ်သည်။

အကြောင်းမှာ ထိုဆရာများ တတ်ကျွမ်းသော သိုင်းကွက် မှန်သမျှ ဇောတိကုန်းရွာသားများ တတ်မြောက်ကြပြီး ဖြစ်နေသောကြောင့် ဖြစ်သည်။

ပညာချင်း တူနေပြီ၊ ထူးထူးဆန်းဆန်း အကွက်များသင်ပြရန် မရှိပြီ၊ ယင်းကြောင့် ပြန်သွားရခြင်းဖြစ်သည်။

ဇောတိကုန်း၏ သမိုင်းကြောင်းသည် ဤမျှထိပြောင်ခဲ့သည်။ အခကြေးငွေယူ၍ သင်ကြားပြသသော ကြေးစားသိုင်းဆရာများပင် လက်မြောက်၍ သွားခဲ့ကြသည်။ အချို့ဆရာများသည် တဝိုင်းပင်ပြည့်အောင် သင်မသွားရပေ။

ယင်းကဲ့သို့သော ရွာ၊ ယင်းကဲ့သို့သော အခြေအနေရှိသော ဇောတိကုန်းရွာသို့ ကိုမေဓာ၏ လမ်းပြခေါ်ဆောင်မှုကြောင့် သိုင်းဆရာကြီးဆရာချယ် ရောက်ရှိခဲ့သည်။

သိုင်းဆရာတယောက် ရောက်ပြီဆိုလျှင် ထုံးစံအတိုင်း ရွာခံဆရာကြီးများ ဖြစ်ကြသော ဦးစူးပညာ၊ ဦးအေး၊ ဦးကျောက် စသည်တို့နှင့် သိုင်းပညာ ဆွေးနွေးကြစမြဲဖြစ်သည်။

ဦးချယ်သည် မည်သို့သော သိုင်းပညာကို တတ်ကျွမ်းသူနည်း၊ အစွမ်းမည်မျှ ထက်သနည်း ဆိုသည်ကိုလည်း သိလို တွေ့လိုကြသေးသည်။

သီဟိုဠ်ပိုးပဝါကို လေထဲသို့ မြောက်တင်၍ ဝဲကျအလာ၌ ဓားကို ပက်လက်ခံထားသည်။ ပိုးပဝါသည် ဓားသွားပေါ်သို့ ရောက်သည်နှင့် ယှက်ကနဲနှစ်ပိုင်းပြတ်သွားသည်။ ဤမျှထိ ထက်လှသော သိုင်းဆရာကြီး ဦးအေး၏ ဓားအား ဦးချယ်သည်မိမိလက်ဖြင့် ပွတ်ကာမျှဖြင့် အသွားများ လိပ်ကုန်စေသည်။ ထက်အောင်သွေး၍ မရတော့။ သွေးယင်းနှင့်ပင် ဓားနှောင့်အထိပဲ့ကုန်သည်။ (ဓားလဲမန်း ဂါထာအစွမ်းကြောင့် ဖြစ်သည်။)

ဤသူစိမ်း၊ဤမျက်နှာစိမ်း၊ဧည့်သည်သည် တော်ယုံတန်ယုံ သိုင်းဆရာတော့မဟုတ်။ မျက်နှာနေ၊ မျက်နှာထား၊ မှင်မောင်း လေသံကအစ မည်သူ့ကိုမျှ ဂရုမစိုက်သည့် ပုံစံမျိုးဖြစ်သည်။

သို့မို့ကြောင့်ပင် အမြော်အမြင်ကြီးသော ရွာခံ သိုင်းဆရာများက ဦးချယ်အားငင်းတတ်ကျွမ်းသော ပညာနှင့် စွမ်းရည်ကိုပြသရန်ဝိုင်းဝန်းပြောကြသည်။

ဆရာချယ်သည် ရှမ်းဘောင်းဘီ တဘက်ကို လိပ်တင် လိုက်သည်။ အစွမ်းထက်သော ပညာသည်တို့၏ သဘာဝမှာ ဘောင်းဘီကိုတဘက်သာ လိပ်၍တင်က မှတ်လောက်သားလောက်ယုံ နမူနာသာပြမည်ဆိုသည့် သဘောပင်။ နှစ်ဘက်စလုံး လိပ်ကသူသေကိုယ်သေ အပြတ်ချမည်၊ အပြတ်ကြမ်းမည်ဆိုသည့် အထိမ်းအမှတ်ပင်ဖြစ်သည်။

နွေခေါင်ခေါင် မာကျောကျစ်လျစ်နေသည့် မြေကြီးကို ခြေစောင်းဖြင့် သုံးလေးချက်ဆက်ပြီး ခုတ်လိုက်သည်။ မြေစိုင် မြေခဲများဖွာကနဲ လွင့်ထွက်ကာ လေထဲသို့ မြောက်တက်သွားသည်။ အဝေးသို့ လွင့်စဉ်သွားကြသည်။

တဆက်တည်း ခြေဦးဖြင့် မြေကြီးကို ကော်၍-ကော်၍ဆောင့်ပြီး ထိုးလိုက်သည်၊ ခြေစောင်းနှင့် ခုတ်သည့်အတိုင်းပင် မြေကြီးများ ဖွာထွက် မြောက်တက် လွင့်စဉ်ကုန်သည်၊ ရွာခံလူများ အံ့သြကြလေသည်။

ဤတွင် မကသေး။ နာနတ်သီးများကို လက်ညှိုးနှင့် ထိုးစိုက်ပြသည်။ နာနတ်သီးများ အတွင်းသို့ ဆရာချယ်၏ လက်ညှိုး မြုပ်ဝင်သွားသည်။

အခွံခွာတ်ထားသောအုန်းသီးအား ငြိမ်အောင် တည်ထားစဉ်တွင်လည်းကောင်း၊ လိမ့်နေစဉ်တွင်လည်းကောင်းထုခွဲပြသည်။ လေးလက်မသံချောင်းအား သစ်သားပြားခံပြီး သရက်ပင်တွင်းသို့ အဆုံးဝင်သွားအောင် လက်သီးဖြင့် ထိုးပြပြန်သည်။ တူနှင့် ရိုက်သည့်အလား ပမာဖြစ်သည်။

နောက်ဆုံးအနေဖြင့် ရာဘာခြံသဖွေး ဦးလုံ၏အိမ်ရှေ့ရှိ သရက်ပင်ကို လက်ချောင်းများဖြင့် ထိုး၍ထိုး၍ စိုက်ပြသည်။ သရက်ပင်သည် ဟောက်ကနဲ ဟောက်ကနဲ ဒဏ်ရာများဖြစ်သွားသည်။

ဆရာချယ်သည် အလေ့အကျင့်ကြောင့်ပင် ယင်းကဲ့သို့ သစ်ပင်ကို လက်ချောင်းများဖြင့် ထိုးစိုက်နိုင်ခြင်းလော။ သို့တည်းမဟုတ် မီစန်းစွမ်းခေါ် ဆေးတန်ခိုးကြောင့်ပင်လော ဘာကြောင့် ဟူ၍ကား မပြောနိုင်ပေ။

'မီစန်းစွမ်း' ဆေးသည် နွယ်လောင်ကျောက်ကွဲ ဟု လည်းကောင်း၊ ကျောက်ဖြတ်နွယ်ဟူ၍လည်းကောင်း၊ နွယ်ရှင်ဟု လည်းကောင်း ခေါ်သည့်နွယ်ပင်မျိုးဖြင့် ဖော်စပ်ရသောဆေးဖြစ်သည်။ ထိုနွယ်သည် မြေကြီးပေါ်၌လျှောက်၍ပေါက်ပြီး ၎င်းသွားလေရာလမ်းကြောင်းအောက်ရှိ ကျောက်တုံး ကျောက်ခဲမှန်သမျှတို့ကို ကွဲအက်စေနိုင်သော သတ္တိရှိသည်ဟူ၍ဆိုသည်။

အပင်သာမဟုတ်၊ ၎င်းအနွယ်ကိုဖြတ်၍ကျောက်ပျဉ်၌ပွတ်တိုက်ထား ပါက နောက်တနေ့တွင် ကျောက်ပျဉ်သည် အစိတ်စိတ်အမွှာမွှာကွဲကုန် သည်။ဤနွယ်ဖြင့်ဖော်စပ်၍ရသော'မီစန်းစွဲ'ဆေးရည်ကို လက်၌သုတ် လိမ်း၍ ထိုးမည်ခုတ်မည်ဆိုလျှင် အမာခံ ကျောက်တုံးကျောက်ခဲ အရာ ဝတ္ထုများ ကွဲအက်စေမည်ပင်ဖြစ်သည်။ (မီစန်းစွဲဆေးကိုအတိုကောက် အားဖြင့် ရှမ်းလို 'မီစွဲ'ဟု ခေါ်ကြောင်း သိုင်းဆရာကြီးဦးဘစိန်ထံမှ ထပ်မံ၍ လေ့လာ ကြားသိရပါသည်)။

ဆရာချယ်ပြသသောနှစ်ကွက်မှအခြေခံသည့်လက်သိုင်း၊ တုတ်သိုင်း၊ ဓားသိုင်းများသည် မိမိတို့တတ်ကျွမ်းထားသော သိုင်းပညာများနှင့်မတူ ကြောင်း၊ ခြားနားကြောင်း ဇောတိကုန်းရွာသားများ နားလည်သွား ကြသည်။

ဆရာချယ်၏ပညာ၊ ဆရာချယ်၏စွမ်းရည်များကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသောဇောတိကုန်းရွာသားများမှာ တပည့်ခံ၍ သင်ကြား လိုကြသည်။ သို့သော် သင်ကြေးကားမသေးလှ။ တဝိုင်းလျှင်(၃၅)ကျပ် ပေးရပေမည်။

ထိုခေတ် ထိုအချိန်က ငွေတန်ဖိုး အလွန်ရှိသည်။ စပါးတရာမှ လေးဆယ် လေးဆယ့်ငါးကျပ်သာ ဖြစ်သည်။ ယောကျ်ားတယောက် သူတပါးလယ်တွင် သုံးရက် အခစား လုပ်မှ ငွေ တကျပ်သာရသည်။ ပိုက်ဆံတပြားပါလျှင် ကလေးတယောက် ဗိုက်ကားအောင် စား၍ ရသော ခေတ်ဖြစ်သည်။

ဇောတိကုန်းရွာသားများသည် ပညာလိုချင်သော်လည်း ငွေကြေး ကား မပြည့်စုံ၊ ငွေကြေးပြည့်စုံပါသော်လည်း ပညာသင်ရန် အချိန် မရ။ မာန်မာနထားသူများကလည်း ထားကြသည်။ ပညာဟူသည် ငွေ ကြေးနှင့် တန်ဖိုးဖြတ်ကောင်းသော အရာကားမဟုတ်။ သို့သော် လူ ဆိုသည်မှာ စျေးကြီးကြီးပေးရမှ၊ အဖိုးကြီးကြီး ပေးရမှသာ ထိုပညာ၊ ထိုပစ္စည်းအပေါ်တွင် တန်ဖိုးထားတတ်ကြလေသည်။

ဤသို့ဖြင့် ရာဘာခြံသင်္ဘေး ဦးလုံ အ ပါ အဝင် ဦးသောမန္နင့် ဦးမောင်လေး သုံးယောက်တို့သာ ဆရာချယ်ထံ တပည့်ခံ၍ သင်ကြား ကြသည်။ ၁၂၀၀ခုနှစ်၌ ၎င်းတို့သုံးဦးစလုံး ဆရာဖြစ် ရခဲ့ကြသည်။

သိုင်းပညာများသာမက ဆေးဝါး၊မန္တာန်၊ အင်းအိုင်၊လက်ဖွဲ့ပညာ ရပ်များကိုပါ သင်ကြားရသည်။ ထိုနှစ်၌ပင် ဆရာကြီးဆရာချယ်အား

ရှမ်းပြည်မှ သူ၏စော်ဘွားက လူလွတ်၍လာရောက်ခေါ်ဆောင်ခြင်း၊ ကြောင့်ပြန်လိုက်သွားရသည်။

ထိုအချိန်မှ စ၍ ဆရာချယ်နှင့် လုံးဝ အဆက်အသွယ်မရတော့ချေ။ ဆရာချယ်ထံမှဆရာဖြစ်ယူခဲ့ကြသော ဦးလုံ၊ ဦးသောမ၊ဦးမောင်လေးတို့ သုံးယောက်အနက် ယခုဆိုလျှင် ဦးမောင်လေးတယောက်သာ အသက်ထင်ရှားရှိတော့သည်။

ဆရာကြီးဦးမောင်လေးသည်ပင် အသက် (၈၅)နှစ် အတွင်းသို့ ရောက်ရှိနေပြီဖြစ်သည်။ဆရာကြီးသည် ယနေ့တိုင် မြန်မာပြည်အရပ်ရပ်သို့ သိုင်းပညာများ လှည့်လည် သင်ကြားနေဆဲဖြစ်သည်။

ဤစာအုပ် ရေးနေချိန်၌ ဆရာကြီးဦးမောင်လေးသည် မေမြို့ စစ်တက္ကသိုလ်၌ သိုင်းစွမ်းရည်ပြရန် မေမြို့သို့ ထွက်ခွာသွားပြီဖြစ်သည်။

ဆရာကြီး ဦးမောင်လေးမြန်မာပြည်တဝန်းလှည့်လည်ပို့ချသင်ကြားပြသပေးသော ပညာမှာ ၎င်း၏ ၁၂ ယောက်မြောက် ဆရာဖြစ်သည့် ဆရာကြီးဆရာချယ်သင်ပေးခဲ့သော သိုင်းပြောင်းပြန်ပညာပင်ဖြစ်သည်။

သိုင်းပြောင်းပြန် (သို့မဟုတ်) လိုင်းခွေးခါချန့်

ဆရာကြီးဆရာချယ်သည် ဦးလုံ၊ ဦးသောမနှင့် ဦးမောင်လေးတို့ သုံးဦးအား သင်ကြားပေးခဲ့သောပညာမှာ မြန်မာဘာသာဖြင့် သိုင်းပြောင်းပြန် (၀၊) အတွင်း အပြင် သိုင်းဟုခေါ်ပြီး ရှမ်းဘာသာဖြင့် ဆိုလျှင် လိုင်းခွေးခါချန့်ဟု ခေါ်ဝါသည်။

သိုင်းပြောင်းပြန်သည် လူ့သဘာဝနှင့် ကိုက်ညီအောင် သိပ္ပံနည်းကျကျ တီထွင်ထားသော ခုခံတိုက်ခိုက်မှုဆိုင်ရာသိုင်းပညာရပ်ဖြစ်သည်။

တနည်းအားဖြင့်ဆိုသော် စနစ်တကျ လေ့ကျင့်သင်ကြားထားပါက ကွေးသောလက် (၀၊)ကွေးသောခြေဆန့်လျှင် သေစေနိုင်သောခုခံတိုက်ခိုက်မှုပညာတရပ်ဖြစ်သည်။

သိုင်းပြောင်းပြန်သည် မြန်မာနိုင်ငံရှိ အခြားရိုးရာ သိုင်းပညာများနှင့်လည်းကောင်း၊ ကရာတေး၊ ကွန်ဖူး၊ တိုင်ကွမ်ဒို၊ ဂျပန်လှံစွပ်ထိုးစသည့် တိုင်းတပါးပညာရပ်များနှင့်လည်းကောင်း အခြေခံအကွက်များမှ စ၍ လက်သိုင်း၊ တုတ်သိုင်း၊ ဓားသိုင်းလှုပ်ရှားမှုများတွင် ပြောင်းပြန်ဖြစ်၍နေပေသည်။ ထို့ကြောင့် သိုင်းပြောင်းပြန်ဟု ခေါ်တွင်ရခြင်းဖြစ်သည်။

အကြံပြုချက်

ဤစာအုပ်၌ သိုင်းပြောင်းပြန် လက်သိုင်း ပညာရပ် များကို စာများဖြင့်လည်းကောင်း၊ ပုံများဖြင့်လည်းကောင်း၊ ခြေကွက်များဖြင့် လည်းကောင်း စာဖတ်သူများလေ့လာရာ၌ လွယ်ကူမှုရှိစေရန် အစွမ်းကုန် ကြိုးစား၍ ရှင်းလင်းတင်ပြထားပါသည်။

သို့သော် သိုင်းပညာဟူသည် စာပေဖြင့်လည်းကောင်း၊ပုံများဖြင့် လည်းကောင်း၊ ခြေကွက်များဖြင့်လည်းကောင်း လေ့လာ ဖတ်ရှုရုံဖြင့် ရာခိုင်နှုန်းပြည့် တတ်ကျွမ်းနားလည်မည် မဟုတ်ပါ။ ကျွမ်းကျင်သော ဆရာများ ကိုယ်တိုင် ကြပ်ကြပ်မမ သင်ကြားပေးပါ သော်လည်း နားလည်သဘောပေါက်ရန်၊ တတ်ကျွမ်းရန် ခက်ခဲသော ပညာရပ် ဖြစ်သည်။

သိုင်းပြောင်းပြန်ပညာသည် ရှမ်းဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို၍ ခေါ်ဝေါ်သုံးစွဲထားခဲသော အသုံးအနှုန်းများ ဖြစ်ခြင်းကြောင့် လည်းကောင်း၊ အခြားသော သိုင်းပညာရပ်များနှင့် လှုပ်ရှားပုံခြင်း ပြောင်းပြန် ဖြစ်နေခြင်းကြောင့် လည်းကောင်း လေ့လာသူ စာဖတ် ပရိသတ်များအနေနှင့် အခက်အခဲများ ရှိကောင်းရှိပါလိမ့်မည်။

ထိုသို့သော အခက်အခဲများကို ကျော်လွှားနိုင်ရန် အကြံပေးအပ် ပါသည်။ ဤစာအုပ်ကို ဖတ်ရှုလေ့လာရာ၌ အကြောင်းအရာ တရပ်ကို အထပ်ထပ်ဖတ်ရှုလေ့လာပြီးမှသာ နောက်အကြောင်းအရာ အခန်းသစ် သို့ ပြောင်းဖတ်ပါ။

လေ့လာသူ အနည်းဆုံး(၂)ဦး စုပေါင်း၍ တဦးက ဖတ်ပြပြီး ကျန်တဦးက လက်တွေ့လှုပ်ကြည့်ခြင်းဖြင့် လည်းကောင်း၊ စာအုပ်ပါ အသုံးအနှုန်းများနှင့် မရှင်းလင်းသော၊ သဘောပေါက် နားလည်ရန် ခက်ခဲသော အသုံးအနှုန်းများ၊ လှုပ်ရှားမှုများအား သိုင်းပြောင်းပြန် တတ်ကျွမ်းသူများထံ စာဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အကူအညီ တောင်းခံခြင်းပြုပါရန် အကြံပေးအပ်ပါသည်။

အခန်း (၁)

(၁) လက်သီးဆုပ်ပုံနည်းစနစ်နှင့်အသင့်ပြင်ရပ်နည်း

(၁) ခြေဝါးနှစ်ခုအား ၆ ဝဒီဂရီထောင့်ချိုးအတိုင်းပူးကပ်၍ ရပ်သည်။ လက်ဝဝါးများအား ဘေးတိုက်ကပ်၍ ချထားသည်။ ပုံ(၁) ခြေကွက်ပုံစံ(၁)။

(၂) ညာခြေဖနောင့်အား ဗဟိခြေဖနောင့်မှ တတောင့်ထွာ (မိမိ၏)အကွာအဝေးရောက်အောင် ခဲ့ကာ၍ ရပ်ရမည်။ ပုံ (၂) ခြေကွက်ပုံစံ(၂)။

(၃) လက်ဖဝါး နှစ်ခုအားပက်လက်အနေအထားဖြင့် ပခုံးနှင့် တပြေးတည်း ရေချိန်ညီ၊ သို့မဟုတ် ရေညီမျဉ်းအတိုင်း ဖြစ်အောင် ရှေ့သို့ဆန့်တန်းလိုက်သည်။ လက်ဖဝါးနှစ်ခု၏ အကွာအဝေးမှာ ပခုံးစွန်းနှစ်ဘက် အကွာအဝေး အတိုင်း ရှိရမည်။ ပုံ(၃) (ခြေကွက်ပုံစံမပြောင်းပါ)။

(၄) လက်ချောင်းကလေးများအား အနှူ လက်သီးဆုပ်ပုံ(၀၁) မျောက်လက်ပုံဖြစ်အောင် ပထမတဆင့် ကွေးဆုပ်ရမည်။ ပုံ(၄)

(၅) အနှူလက်သီးဆုပ်မှလက်သီးဆုပ်ဖြစ်အောင်နောက်တဆင့် အပြည့်ထပ်၍ ဆုပ်ရမည်။ ပုံ (၅)

(၆) လက်မအား ဆုပ်ထားသော လက်ညှိုးနှင့် လက်ခလယ် ပေါ်ရောက်အောင် ဖိညှစ်၍ ဆုပ်ရမည်။ ပုံ(၆)

(၇) လက်သီးဆုပ် ပုံသဏ္ဌာန်ဖြင့် ပက်လက် ဖြစ်နေသော လက်သီးနှစ်လုံးအား မျောက်လျက် အနေအထားဖြစ်အောင် အောက်ဘက်သို့ တပြိုင်တည်းလှည့်ပေးရမည်။ ပုံ(၇)

(၈) မျောက်လျက်ပုံသဏ္ဌာန်ဖြင့် ဆန့်တန်း၍ ဆုပ်ထားသော လက်သီးနှစ်လုံးအား ခါးစောင်းနှစ်ဘက်သို့ ပက်လက်အနေအထားဖြင့် ရောက်အောင် ဆွဲကပ်လိုက်သည်။ ဒူးဆစ်နှစ်ခုသည် ဖြောင့်တန်းစွာ ရှိသည်။ မကွေးညွတ်ရပါ။ ပုံ(၈)

မှတ်ချက်။ ။ဤပုံ(၈)ကို အသင့်ပြင်ရပ်နည်းဟုခေါ်၍ ခါးစောင်းနှစ်ဘက်၌ ပက်လက် အနေအထားဖြင့် ကပ်ထားသော လက်သီးနှစ်လုံးအား ကင်းလက်သီး(၀၁) ကင်းစောင့်လက်သီးဟု ခေါ်သည်။ လက်သီးများကို ကျစ်ကျစ်လျစ်လျစ်ဆုပ်ထားရမည်။

ပုံ (၁)ခြေကွက်ပုံစံ (၁)



ပုံ (၂) ခြေကွက်ပုံစံ (၂)

ပုံ(၄)

ပုံ(၅)



ပုံ (၃)

ပုံ (၆)



ပုံ (၇)



ပုံ (၈) အသင့်ပြင်ရန်နည်း

အလေးပြုပုံနည်းစနစ်

ပုံ(၈) အသင့်ပြင်ရပ်နည်း အတိုင်း ရပ်နေရာမှ ညာခြေဖဝါး အား ဗယ်ခြေဖဝါးနှင့် ၆၀ ဒီဂရီ ထောင့်ချိုးအတိုင်း ပူးကပ်၍ရပ်လိုက်ပါ။ ဗယ်လက်ဖျံ အတွင်းပိုင်းပေါ်သို့ ညာလက်ဖျံ အပြင်ပိုင်းအား ကန့်လန့်ဖြတ်၍ ကြက်ခြေခတ်အသွင်ဖြစ်အောင် တင်လိုက်ပါ။လက်သီး နှစ်လုံးသည် တထွာကွာခဲ့၍ ရင်အုပ်နှင့်အမြင့်တညီတည်းတွင်ရှိသည်။ ပုံ(၁)ခြေကွက်ပုံစံ(၁)အတိုင်းဖြစ်သည်။

ပုံ(၁) ခြေကွက်ပုံစံ(၁)အတိုင်း ရပ်နေရာမှ ခန္ဓာကိုယ်အထက်ပိုင်းနှင့် ဦးခေါင်းကို ရှေ့သို့ ၃၀ဒီဂရီ ကိုင်းညွတ်ပြီး အလေးပြုပါ။ ပုံ(၂)အတိုင်းဖြစ်သည်၊ အလေးပြုပြီးသည့်နောက် ကိုယ်ကိုလျင်မြန်စွာ ပြန်မတ်၍ ညာခြေခွဲပြီးအသင့်ပြင်ရပ်နည်းအတိုင်း ပြန်ရပ်ပါ။

ပုံ(၁) ခြေကွက်ပုံစံ(၁)

ပုံ(၂)ခြေကွက်ပုံစံမမြောင်းမ၊

ရေအိုးတင်ရပ်နည်း

ပုံ(၇)အသင့်ပြင်ရပ်နည်းအတိုင်း ရပ်နေရာမှ ဒူးဆစ်နှစ်ခုအား တပြိုင်တည်း ကွေးညွှတ်၍ ခန္ဓာကိုယ်အား အောက်ဘက်သို့ နှိမ့်၍ ထိုင်လိုက်သည်။ ပေါင်နှစ်ဘက်သည် တပြေးညီသွားသည်။ (ရေညီမျဉ်း အတိုင်းဖြစ်သည်)ခါးသည်ဆန့်တန်းထား၍ မျက်နှာသည်ရှေ့တည့်တည့်သို့ ကြည့်သည်။

ခြေဖဝါးနှစ်ခုသည် ၃၀ဒီဂရီ ထောင့်ချိုးအသွင်ဖြင့်ရပ်၍နေပြီး တတောင့်ထွာ ကွာဝေးသည်။ ဤရပ်နည်းကို ရေအိုးတင် ရပ်နည်းဟု ခေါ်ရခြင်းမှာ ပေါင်နှစ်ဘက်ပေါ်၌ ရေအိုးတင်၍ရအောင် ရေချိန်ကိုက် ညီညာနေသောကြောင့်ဖြစ်သည်။ ဤရပ်နည်းဖြင့် လက်သီးထိုးခြင်း၊ လက်သိုင်းလှုပ်ရှားခြင်း၊ အကွက်သိုင်းကစားခြင်းများလှုပ်ရှားနိုင်သည်။ ဤရပ်နည်းကို တနေရာ တည်း၌ ရပ် ကျင့်ခြင်းဖြင့် ခြေထောက်၊ ခါး ကြံ့ခိုင်သန်မာမှုကို ဖြစ်စေသည်။ ပုံ(၁)ကိုကြည့်ပါ။

ပုံ (၁)ရေအိုးတင်ရပ်နည်း

ခြင်္သေ့ထိုင်ရပ်နည်း

ခြင်္သေ့ထိုင်ရပ်နည်း ဆိုသည်မှာ ခြင်္သေ့ထိုင်နေပုံကို အတုယူ၍ လူ့သဘာဝနှင့် ကိုက်ညီအောင် ပြုပြင်ပြောင်းလဲထားသော ရပ်နည်းဖြစ်သည်။

ခြေသွေ့ထိုင်ရပ်နည်းနှစ်မျိုးရှိသည်။

(၁) ဗယ်ခြေသွေ့ထိုင်ရပ်နည်း

ဗယ်ခြေသွေ့ထိုင် ရပ်နည်း ဆိုသည်မှာ ခြေဖနောင့် နှစ်ခုသည် တတောင့်ထွာ ကွာဝေး၍ ခြေဖဝါးနှစ်ခုသည် ကိုးဆယ်ဒီဂရီ ထောင့်မှန်အသွင်ဆောင်၍ ရပ်နေသည်။ ကွေးညွတ်ထားသော ဗယ်ခြေနှင့် ဆန့်တန်းထားသော ညာခြေဖနောင့်တို့သည် မျဉ်းတဖြောင့်တည်းဖြစ်သည်။ ကွေးထားသော ဗယ်ခြေ၏ ဒူးခေါင်းသည် ၎င်းခြေ၏ ခြေမနှင့် မျဉ်းမတ်ဖြစ်နေသည်။ (ပုံ—၁) ခြေကွက်ပုံစံ(၁) ကိုကြည့်ပါ။

ခါးသည် ဗယ်ခြေဘက်သို့ အနည်းငယ် ကိုင်းညွတ်ထား၍ ပခုံးစွန်းနှစ်ခုသည် ညာဘက်သို့လှည့်ထားသည်။ ရင်ဘတ်သည် မျက်နှာမူရာနှင့်စောင်းလျက် အနေအထားတွင်ရှိသည်။

(၂) ညာခြေသွေ့ထိုင်ရပ်နည်း

ညာခြေသွေ့ထိုင် ရပ်နည်း ဆိုသည်မှာ ခြေဖနောင့် နှစ်ခုသည် တထောင့်ထွာ ကွာဝေး၍ ခြေဖဝါးနှစ်ခုသည် ကိုးဆယ်ဒီဂရီထောင့်မှန်အသွင်ဆောင်၍ ရပ်နေကြသည်။ ကွေးညွတ်ထားသော ညာခြေ၏ ခြေဖဝါးနှင့် ဆန့်တန်းထားသော ဗယ်ခြေ၏ ခြေဖဝါးတို့သည် မျဉ်းတဖြောင့်တည်းဖြစ်ကြသည်။ ကွေးညွတ်ထားသော ညာခြေ၏ ဒူးခေါင်းသည် ၎င်းခြေ၏ ခြေမနှင့် မျဉ်းမတ်ဖြစ်နေသည်။ (ပုံ—၂) ခြေကွက်ပုံစံ(၂) ကိုကြည့်ပါ။



ပုံ (၁) ဗယ်ခြေသွေ့ထိုင်ရပ်နည်း
ခြေကွက်ပုံစံ (၁)



ပုံ (၂) ညာခြေသွေ့ထိုင်ရပ်နည်း
ခြေကွက်ပုံစံ (၂)

ခါးသည် ညာခြေဘက်သို့အနည်းငယ် ကိုင်းညွတ်ထား၍ ပခုံးစွန်းနှစ်ခုသည် ဗယ်ဘက်သို့လှည့်ထားသည်။ ရင်ဘတ်သည် မျက်နှာမူရာနှင့် စောင်းလျက်အနေအထားတွင်ရှိသည်။

မှတ်ချက်။ ။ဗယ်ဒူး ညွတ်၍ ညာခြေ ဆန့်တန်းပြီး ရပ်လျှင် ဗယ်ခြေသေ့ထိုင်ဟု ခေါ်၍ ညာဒူးညွတ်၍ ဗယ်ခြေဆန့်တန်းပြီး ရပ်လျှင် ညာခြေသေ့ထိုင်ဟု ခေါ်သည်။

သိုင်းပြောင်းပြန် ပညာ၌ ရန်သူကို တိုက်ခိုက်ရာ တွင်လည်းကောင်း၊ ခုခံရာတွင်လည်းကောင်း ဤခြေသေ့ထိုင် ရပ်နည်းမျိုးသည် အဓိက အသုံးပြုသော ရပ်နည်းများဖြစ်သည်။

ဗယ်ခြေသေ့ထိုင်ရပ်နည်းမှညာခြေသေ့ထိုင်ရပ်နည်းသို့ ပြောင်း၍ရပ်နည်း

ခြေကွက်ပုံစံ (၁) အတိုင်း ဗယ်ခြေသေ့ထိုင်ရပ်နေရာမှ ခြေဖဝါးနှစ်ခုအား ဖနောင့်နှစ်ခုကို ဗဟိုပြု၍ ညာဘက်သို့ တပြိုင်တည်း ကြိတ်လှည့်လိုက်သည်။ ခြေဖဝါးများသည် မြေပြင်နှင့်ပွတ်တိုက်၍လှည့်ရမည်။ ညာဒူးသည် ကွေးသွားပြီး ဗယ်ခြေဆန့်တန်းသွားသည်။ ညာခြသေ့ထိုင်ဖြစ်သွားသည်။ ခြေကွက်ပုံစံ (၂)ကို ကြည့်ပါ။

ဤနည်းအတိုင်း ခြေဖဝါးများအား ဗယ်ဘက်သို့တပြိုင်တည်း ကြိတ်လှည့်ခြင်းဖြင့် ညာခြသေ့ထိုင်မှာ ဗယ်ခြသေ့ထိုင် ရပ်နည်းသို့ ပြောင်းနိုင်သည်။ ခြေကွက်ပုံစံ (၁) အတိုင်း ပြန်ဖြစ်သွားမည်။



ဗယ်ခြေသေ့ထိုင်ရပ်နည်း ခြေကွက်ပုံစံ (၁)



ညာခြေသေ့ထိုင်ရပ်နည်း ခြေကွက်ပုံစံ (၂)

ခြေတချောင်းထောက် 'မ' ရပ်နည်း

ပုံ (၁)တွင် မြင်ရသည့်အတိုင်း ညာခြေကို 'မ'၍ ဗယ်လက်ကို မြှောက်ကာ ညာလက်အား အောက်သို့ ဆန့်တန်းထားပြီး ဗယ်ခြေတချောင်းထောက် အနေအထားဖြင့် ရပ်နေခြင်းကို ခြေတချောင်းထောက် 'မ' ရပ်နည်းဟု ခေါ်သည်။

တနည်းအားဖြင့် ညာခြေ 'မ'ရပ်နည်းဟု ခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ညာခြေထောက်ကို အပေါ်သို့ မြှောက်၍ 'မ' ၏ ရပ်ထားခြင်းကြောင့် ဖြစ်သည်။ ဗယ်ခြေမ၍ ရပ်လျှင် ဗယ်ခြေ'မ'ရပ်နည်းဟုခေါ်သည်။



ခြေတချောင်းထောက်
မ, ရပ်နည်း

ခြေကွက်ပုံစံ (၁)

(ပုံ-၁)တွင်မြင်ရသည့်အတိုင်းညာခြေ'မ'ရပ်နည်း၌ညာခြေဖနောင့်သည် ဗယ်ဒူးခေါင်းနှင့် တထွာကွာဝေး၍ ညာဘက်ပေါင်သည် တညီတည်းရှိသည်။ (ရေညီမျဉ်းအတိုင်းဖြစ်သည်) ခြေချောင်းကလေးများအားလုံး ကုပ်၍ ထားသည်။ (လက်သီးဆုပ် သကဲ့သို့ ခြေသီးဆုပ်ခြင်းဖြစ်သည်) ဗယ်လက်သီးသည် ခေါင်းနှင့်တထွာအကွာ၌ရှိ၍ လက်ဖနောင့်သည် မိမိဦးခေါင်းဘက်သို့ လှည့်ထားသည်။ လက်မောင်းနှင့် လက်ဖျံသည် ၉၀ ဒီဂရီ ကွေး၍ ထောင်ထားသည်။ ညာလက်သည် ညာတင်ပါးနှင့် တထွာအကွာ၌ရှိသည်။ ဗယ်ခြေသည် ဖြောင့်တန်းစွာ ရပ်ထားပြီး ခြေဖဝါးသည် ကန့်လန့်ဖြတ် အသွင်ဆောင်၍ ရပ်သည်။

ဤရပ်နည်းသည် ခန္ဓာကိုယ်အား ခြေတချောင်းတည်း ပေါ်၌ရပ်၍ထား သော်လည်း ဗယ်လက်နှင့် ညာလက်တို့သည် ဟန်နှိုင်ခြင်းကောင်းစေရန် ဝဲ၊ယာ အပေါ် အောက် မျှ၍ ထိန်းထားသည်။ထောင်ထားသော ဗယ်လက်နှင့် အောက်သို့ ဆန့်တန်းထားသော ညာလက်တို့သည် ခန္ဓာကိုယ် အပေါ်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်း တို့ကို ကာကွယ်တိုက်ခိုက်နိုင်သည်။ 'မ' ထားသည့် ခြေထောက်သည်ရန်သူအား လျင်မြန်စွာ တိုက်ခိုက်ရန် အကောင်းဆုံး အနေအထားဖြစ်သည်။

ဤရပ်နည်းသည် မိမိခန္ဓာကိုယ်အား ခြေတချောင်းတည်းဖြင့် မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲ ရပ်နိုင်ခြင်းဖြင့် ခုခံတိုက်ခိုက်ရာ၌ သိုင်းပညာရှင်များ ခြေခိုင်မြဲမှုကို ဂုဏ်ယူ၍ တိုက်ခိုက်သော ရပ်နည်းများဖြစ်သည်။

မှတ်ချက်။ ။ဖုတ်ကောက် အပြည့်ထိုင်ရပ်နည်း၊ဖုတ်ကောက်တဝက်ထိုင်ရပ်နည်းနှင့် ဒူးညွတ်ယို့ ထိုင်နည်းများကို အခန်း (၄) ၌ ဆက်လက်ဖော်ပြပါမည်။

(၁) သပ်ကိုးသပ်၊ မြားကိုးစင်း၊ အဖော်ကိုးယောက်
(၂) တွဲလျက်တူယှဉ် ထား၀စဉ်
(၃) သေဖော်ရှင်ဘက်၊ မိတ်မပျက်



အခန်း (၂)

လက်သီးထိုးနည်းစနစ်များ

တလုံးထိုး ဖြောင့်လက်သီး ထိုးနည်း(အမြင့်ထိုးနည်း)

ပုံ(၈) အသင့်ပြင်ရပ်နည်းအတိုင်း ရပ်နေရာမှ ညာကင်းလက်သီးအား ပခုံးနှင့် တတန်းတည်းဖြစ်အောင် ဗယ်ဘက်သို့ လှည့်၍ထိုးရမည်။ လက်သီးသည် ခါးစောင်းခွ် ပက်လက်အနေအထားဖြင့်ကပ်ထားရာမှ မျောက်လျက် အနေအထားဖြစ်အောင်လှည့်၍ ထိုးခြင်းဖြစ်သည်။

ပက်လက်အနေအထားမှ စတင်လှုပ်ရှား၍ မျောက်လျက် အနေအထားတွင် အဆုံးသတ်သည်။ ထိုးရမည့်ထိချက်နေရာမှာ လက်ညှိုးနှင့် လက်ခလယ် အဆစ်ထိပ် နှစ်ခုဖြစ်သည်။ လက်တဆန့်ထိုးချက်ဆုံးသည် နှင့်တပြိုင်နက် ခြေဖဝါးနှစ်ခုသည် ဗယ်ခြေသေ့ထိုင် ရပ်နည်းသို့ပြောင်းသွားသည်။ခြေဖနောင့်နှစ်ခုကို ဗဟိုပြု၍ ခြေဖဝါးနှစ်ခုအား ဗယ်ဘက်သို့ တပြိုင်တည်း ကြိတ်လှည့်လိုက်ခြင်းဖြစ်သည်။ ခြေဖဝါးများသည် မြေပြင်နှင့်ကပ်၍ လှည့်ရမည်။ မျက်နှာသည် ထိုးထားသည့် လက်သီးဘက်သို့ကြည့်နေသည်။ ပုံ(၁) ခြေကွက်(၁)ကိုကြည့်ပါ။

ညာဖြောင့်လက်သီးထိုးပြီးနောက် ဗယ်ဖြောင့်လက်သီးအား ညာဖြောင့်လက်သီး ထိုးနည်းအတိုင်း ထိုးရသည်။ ဗယ်လက်သီး ဆန့်တန်းထိုးပြီးချိန်နှင့်, တပြိုင်နက် ညာလက်သီးအား ခါးစောင်းသို့ ကင်းလက်သီးအဖြစ် ပြန်ကပ်လိုက်သည်။ ခြေဖဝါး နှစ်ခုသည်လည်း ညာဘက်သို့ တပြိုင်တည်း ကြိတ်လှည့်လိုက်ခြင်းဖြင့် ညာခြေသေ့ထိုင်ဖြစ်သွားသည်။ ပုံ(၂) ခြေကွက် ပုံစံ(၂)ကို ကြည့်ပါ။





ပုံ(၁) ခြေကွက်ပုံစံ(၁)



ပုံ(၂)ခြေကွက်ပုံစံ (၂)

မှတ်ချက်။ ။ဤဖြောင့်လက်သီးတိုးနည်းများသည် ခန္ဓာကိုယ်အပေါ်ပိုင်းဖြစ်သော ရင်ညွှန့်၊ လည်မျိုနှင့် မျက်နှာပြင်ရှိမေးစုနှာခေါင်း အစရှိသည့် သတ်မှတ်ချက် နေရာများအား တိုးခြင်း ဖြစ်သောကြောင့် ဤလက်သီး ထိုးနည်းကို တလုံးတိုး ဖြောင့်လက်သီး(၀၂) တလုံးထိုးဖြောင့်လက်သီး အခြေခံတိုးနည်းဟုခေါ်သည်။ ထိုးချဉ်၊ လက်အား၊ ပခုံးအား၊ ခါးအား၊ ခြေထောက်အား အစရှိသည့်ခန္ဓာကိုယ် အစိတ်အပိုင်းများ၏ လှုပ်ရှားမှု လှည့်အားများအား စုပေါင်း၍တိုက်ခိုက်ခြင်းဖြစ်သောကြောင့် အလွန်ပြင်းထန်သော လက်သီးတိုးနည်းဖြစ်သည်၊ လှုပ်ရှားမှု စည်းဝါးကိုက်ခရန်၊ ထိုးနည်းမှန်စေရန် ကြိုးစား၍ လေ့ကျင့်ပါ။

တလုံးထိုး ဖြောင့်ထက်သီးထိုးနည်း (အနိမ့်ထိုးနည်း)

ပုံ(၀) အသင့်ပြင် ရပ်နည်းအတိုင်း ရပ်နေရာမှ ညာကင်းလက်သီး အားချက်နှင့် မျှင်းတစ်ပြေးတည်းဖြစ်အောင် ပုံ(၁)ခြေကွက်ပုံစံ(၁)အတိုင်း အောက်တက်သို့စိုက်၍ တိုးရမည်။ လက်သီးထိုးနည်းမှာ တလုံးတိုး ဖြောင့်လက်သီး အခြေခံတိုးနည်းအတိုင်း ဖြစ်၍ ထူးခြားချက်များမှာ ဤလက်သီး တိုးချက်သည် ခန္ဓာကိုယ် အောက်ပိုင်း ဖြစ်သောအရှိုက်၊ ဆီးစပ်- မအား ဗဟည်တို့အား တိုးခြင်း ဖြစ်သောကြောင့် ဤလက်သီး တိုးနည်းကို တလုံးထိုး ဖြောင့်လက်သီး အနိမ့်ထိုးနည်းဟုခေါ်သည်။

ပုံ (၁) ခြေကွက်ပုံစံ (၁)

နှစ်လုံးထိုး ဖြောင့်လက်သီး အမြင့်ထိုးနည်း

ပုံ(၇) အသင့်ပြင်ရပ်နည်းမှနေ၍ ညာတလုံးထိုးဖြောင့်လက်သီး အမြင့်ထိုးနည်းအတိုင်း ညာလက်သီးစ၍ထိုးလိုက်သည်။ ညာလက်သီးစ၍ ထိုးပြီးသည်နှင့် ဆိုင်းငံ့ခြင်းမရှိပဲ ဗယ်လက်သီးအားဆက်၍ ဖြောင့်လက်သီး အမြင့်ထိုးခြင်းဖြစ်သည်။ ခန္ဓာကိုယ် အပေါ်ပိုင်းအား ဆက်တိုက်ထိုးခြင်းဖြစ်သည်။

နှစ်လုံးထိုး ဖြောင့်လက်သီး အနိမ့်ထိုးနည်း

ပုံ(၈) အသင့်ပြင် ရပ်နည်းမှနေ၍ ညာတလုံးထိုး ဖြောင့်လက်သီး အနိမ့်ထိုးနည်းအတိုင်း ညာလက်သီး စ၍ ထိုးလိုက်သည်။ညာလက်သီးစ၍ ထိုးပြီးသည်နှင့် ဆိုင်းငံ့ခြင်းမရှိပဲ ဗယ်လက်သီးအား ဆက်၍ ဖြောင့်လက်သီး အနိမ့်ထိုးခြင်းဖြစ်သည်။ ခန္ဓာကိုယ် အောက်ပိုင်းအား ဆက်တိုက်ထိုးခြင်း ဖြစ်သည်။

တလုံးထိုး ပင့်လက်သီးထိုးနည်း

ပုံ(၈) အသင့်ပြင် ရပ်နည်းမှ ညာကင်းလက်သီးအား ညာပခုံးနှင့်တတန်းတည်းဖြစ်အောင် ညာတံတောင်ဆစ်ကို ကွေး၍ ထိုးရမည်။ လက်သီးနှင့် ပခုံးသည် တောင်ဆုပ်ခန့် (မိမိ၏) ကွာဝေး၍ တံတောင်ဆစ်နှင့် နံညွန့်သည် တမိုက်ခန့်ကွာဝေးသည်။ မျက်နှာသည် လက်သီးဘက်သို့ကြည့်နေသည်။ ပင့်လက်သီးထိုးချက်နှင့်အတူ ခြေဖဝါး နှစ်ခုအား ဖနောင့်နှစ်ခုကို ဗဟိုပြု၍ ဗယ်ဘက်သို့ ကြိတ်လှည့်လိုက်ခြင်းသည် တပြိုင်တည်းဖြစ်သည်။ ဗယ်ခြေသ့ ထိုင်ဖြစ်သွားသည်။ ပုံ(၁)ခြေကွက် ပုံစံ (၁)ကိုကြည့်ပါ။

ပုံ (၁) ခြေကွက်ပုံစံ (၁)

ညာပင့်လက်သီးထိုးပြီးနောက် ဗယ်ကင်းလက်သီးအားညာလက်သီးထိုးနည်းအတိုင်း အထိုးကျင့်ရသည်။

မှတ်ချက်။ ။ဤလက်သီးထိုးနည်းသည် ခန္ဓာကိုယ် အပေါ်ပိုင်းဖြစ်သော မေးရိုး၊ရင်ညွန့် စသည်တို့နှင့် ခန္ဓာကိုယ်အောက်ပိုင်းဖြစ်သော အရှိုက်၊နံစောင်းစသည်တို့ကို ထိုးခြင်းဖြစ်သည်။ပခုံးအား၊ ခါးအား၊ခြေထောက်အားများစုပေါင်း၍ တပြိုင်တည်းထိုးခြင်းဖြစ်သည်။ ဖြောင့်လက်သီး ထိုးနည်းအတိုင်းပင်ခြေထောက်နှင့် ခန္ဓာကိုယ်လှုပ်ရှား၍ ထူးခြားချက်မှာပင့်ထိုး,ထိုးခြင်းနှင့်ဖြောင့်ထိုး,ထိုးခြင်းပင်ဖြစ်သည်။

တံတောင်ရိုက်နည်း

ပုံ(၈) အသင့်ပြင်ရပ်နည်းအတိုင်း ရပ်နေရာမှ ညာတံတောင်ဆစ်အား ညာပခုံးနှင့် တတန်းတည်း တည့်တည့်ဖြစ်အောင် အပေါ်ဘက်သို့ ပတ်၍ ရိုက်လိုက်သည်။ ဆုပ်ထားသော ညာလက်သီးသည် မှောက်လျက် အနေအထားဖြစ်၍ညာပခုံးနှင့်ကပ်နိုင်သမျှကပ်ထားရမည်။ တံတောင်ရိုက်ချက်ဆုံးသည်နှင့် ခြေဖဝါးနှစ်ခု ဗယ်ဘက်သို့တပြိုင်တည်း ကြိတ်လှည့်ပြီးချိန်သည် ယခင် လက်သီး ထိုးနည်းများ အတိုင်းပင်ဖြစ်သည်။ မျက်နှာသည် တံတောင်ဆစ်ဘက်သို့ ကြည့်နေသည်။ပုံ(၁) ခြေကွက် ပုံစံ(၁)ကို ကြည့်ပါ။ ညာတံတောင် ရိုက်ပြီးသည်နှင့် ဗယ်တံတောင်အား ညာတံတောင်ရိုက်နည်းအတိုင်းတလှည့်စီအရိုက်ကျင့်ပါ။

မှတ်ချက်။ ။ဤတံတောင်ရိုက်နည်းသည်လည်း လက်သီး ထိုးနည်းအတိုင်းပင် ပခုံး၊ ခါး၊ ခြေထောက်များကို တပြိုင်တည်းစုပေါင်းလှည့်၍ရိုက်ခြင်းဖြစ်သည်။ ရိုက်ချက်နေရာများမှာနားထင်၊ နားအုံ၊ နံစောင်း၊ ရင်ညွန့်၊အရှိုက် စသည့်နေရာများဖြစ်သည်။



ပုံ(၁) ခြေကွက်ပုံစံ (၁)

တန်းလျှောက် တလုံးထိုး ဖြောင့်လက်သီး (အမြင့်ထိုး)

အတဲက်အဆုံတ်ထိုးနည်း

ပုံ (၈) အသင့်ပြင် ရပ်နည်းအတိုင်း ရပ်နေရာမှ လှုပ်ရှားမှု အမှတ်စဉ် (၁)ညာခြေတက်၍ ညာဖြောင့်လက်သီးအမြင့်ထိုးသည်။ ပုံစံ(၁) ခြေကွက် ပုံစံ(၁)အတိုင်း ဖြစ်သည်။ အကွက် (၁)မှ ညာခြေအား အကွက်(၃) သို့ ၄၅ ဒီဂရီ ထောင့်ဖြတ်တက်၍ ညာတလုံးထိုး ဖြောင့်လက်သီး အမြင့်ထိုးခြင်းဖြစ်သည်။ ညာခြေကို တက်၍ ထိုးရာ၌ သာမန်ရိုးရိုးလမ်းလျှောက်သကဲ့သို့ လှမ်း၍တက်ရမည်။မြေပြင်နှင့်ပွတ်၍ တက်ခြင်း၊ ခြေကိုမြှောက်၍တက်ခြင်းများကို လုံးဝ ရှောင်ရှားရမည်။ ညာခြေဖနောင့်သည် ဗယ်ခြေဖဝါးနှင့် ၉၀ ဒီဂရီ ထောင့်မှန် ကျ၍ နေသည်။ ဗယ်ခြေဖနောင့်နှင့် ညာခြေဖနောင့်တို့သည် တတောင့်ထွာ ကွာဝေး၍ညာခြေသည် ထိုင်ဖြစ်သည်။ညာဖြောင့်လက်သီးထိုးပြီးနောက်....

အမှတ်စဉ်(၂)ဗယ်ခြေတက်၍ ဗယ်ဖြောင့်လက်သီးထိုးသည်။ ပုံ(၂) ခြေကွက်ပုံစံ (၂) အတိုင်း ဖြစ်သည်။ အကွက် (၂)မှ ဗယ်ခြေအား အကွက်(၄) သို့တက်၍ ဗယ်ဖြောင့် လက်သီးထိုးခြင်း ဖြစ်သည်။၊ ဗယ် ခြေသည် ထိုင်ဖြစ်သွား၍ ညာလက်သီးခါးစောင်းသို့ ပြန်ကပ်လိုက်သည်။ ဗယ်ဖြောင့်လက်သီးထိုးပြီးနောက်....

အမှတ်စဉ်(၃)ညာခြေတက်၍ ညာဖြောင့်လက်သီးထိုးသည်။ ပုံ(၃) ခြေကွက်ပုံစံ (၃) အတိုင်းဖြစ်သည်။ အကွက် (၃) မှ ညာခြေအား



ပုံ(၈)ခြေကွက်ပုံစံ(၈)ပုံ(၂) ခြေကွက်ပုံစံ (၂) ပုံ(၃)ခြေကွက်ပုံစံ(၃)

အကွက် (၅) သို့တက်၍ ညာလက်သီးထိုးခြင်း ဖြစ်သည်။ ညာခြေသံ့ထိုင်ဖြစ်သွားသည်။ ဤတွင် တန်းလျောက် ဖြောင့်လက်သီးတလုံးထိုး တက်ထိုးနည်း တခြမ်းပြီးဆုံးသည်။ ပြန်၍ဆုတ်ပြီး ထိုးရပေမည်။

အမှတ်စဉ် (၄) ညာခြေဆုတ်၍ ဗယ်လက်သီးထိုးသည်။ ပုံ (၂) ခြေကွက် (၂) အတိုင်းပြန်ဖြစ်သည်။ အကွက် (၅)မှ ညာခြေအား အကွက် (၃)သို့ဆုတ်၍ ဗယ်လက်သီးထိုးခြင်း ဖြစ်သည်။

အမှတ်စဉ် (၅) ဗယ်ခြေဆုတ်ပြီး ညာဖြောင့်လက်သီး ထိုးသည်။ ပုံ (၁)ခြေကွက် (၁) တိုင်းပြန်ဖြစ်သည်။ အကွက် (၄)မှ ဗယ်ခြေအား အကွက် (၂) သို့ဆုတ်၍ ညာလက်သီးထိုးခြင်းဖြစ်သည်။

အမှတ်စဉ်(၆)ညာခြေဆုတ်၍ ညာလက်သီး ခါးစောင်းခွ် ပြန်ကပ်သည်။(ညာကင်းလက်သီး)အကွက် (၃)မှညာခြေအား အကွက်(၁)သို့ ၄၅ ဒီဂရီ ထောင့်ဖြတ်ဆင်းလိုက်ခြင်း ဖြစ်သည်။ ပုံ (၈) အဆင့်ပြင်ရပ်နည်းအတိုင်း ပြန်ဖြစ်သွားသည်။ ဤတွင် တန်းလျောက်ဖြောင့်လက်သီး အမြင့်ထိုးနည်း အတက်အဆုတ်ဗယ်တက်တခြမ်း ပြီးဆုံးသည်။ ညာတက်တခြမ်း ဆက်၍တက်ရမည်။

ပုံ (၈) အသင့်ပြင်ရပ်နည်းမှနေ၍....

အမှတ်စဉ် (၁) ဗယ်ခြေတက်၍ ဗယ်ဖြောင့်လက်သီးသည် ပုံ(၄) ခြေကွက် (၄) အတိုင်းဖြစ်သည်။ အကွက် (၂) မှ ဗယ်ခြေအား



ပုံ(၄)ခြေကွက်ပုံစံ(၄)ပုံ(၅) ခြေကွက်ပုံစံ (၅)ပုံ(၆)ခြေကွက်ပုံစံ (၆)

အကွက် (၆)သို့ ၄၅ ဒီဂရီ ထောင့်ဖြတ်လှမ်း၍ တက်လိုက်ခြင်း ဖြစ်သည်။ ဗယ်ခြေသော့်ထိုင် ဖြစ်သွားသည်။

အမှတ်စဉ် (၂) ညာခြေတက်၍ ညာဖြောင့်လက်သီး ထိုးသည်။ ပုံ (၅) ခြေကွက် (၅) အတိုင်း ဖြစ်သည်။ အကွက် (၁)မှ ညာခြေအား အကွက် (၃) သို့ တက်၍ ညာလက်ထိုးခြင်း ဖြစ်သည်။

အမှတ်စဉ် (၃) ဗယ်ခြေတက်၍ ဗယ်လက်သီးထိုးသည်။ ပုံ (၆) ခြေကွက် ပုံစံ (၆) အတိုင်း ဖြစ်သည်။ အကွက် (၆)မှ ဗယ်ခြေအကွက် (၈)သို့ တက်၍ ထိုးခြင်း ဖြစ်သည်။ ဗယ်ခြသော့်ထိုင် ဖြစ်သွားသည်။ ဤတွင် တန်းလျှောက်တက်ထိုးခြင်း ညာဘက်တခြမ်း ပြီးဆုံးသည်။ ပြန်၍ဆုတ်ထိုးရမည်။

အမှတ်စဉ် (၄) ဗယ်ခြေဆုတ်၍ ညာဖြောင့်လက်သီး ထိုးသည်။ ပုံ (၅) ခြေကွက် (၅) အတိုင်း ပြန်ဖြစ်သည်။ အကွက် (၈)မှ ဗယ်ခြေအား အကွက် (၆)သို့ နောက်ပြန်ဆုတ်၍ ညာလက်သီးထိုးခြင်း ဖြစ်သည်။

အမှတ်စဉ်(၅)ညာခြေဆုတ်၍ဗယ်လက်သီးထိုးသည်။ပုံ(၄)ခြေကွက် (၄)အတိုင်း ပြန်ဖြစ်သည်။ အကွက်(၂)မှညာခြေအားအကွက်(၁) သို့ ဆုတ်၍ ဗယ်လက်သီးထိုးခြင်း ဖြစ်သည်။

အမှတ်စဉ်(၆)ဗယ်ခြေဆုတ်၍ ဗယ်လက်သီးခါးစောင်းသို့ ပြန်ကပ်သည်(ကင်းလက်သီး)အကွက်(၆)မှဗယ်ခြေအကွက် (၂)သို့ ၄၅ ဒီဂရီ ထောင့်ဖြတ်ဆင်းလိုက်ခြင်း ဖြစ်သည်။ ပုံ (၈) အတိုင်း ပြန်ဖြစ်သွားသည်။ ဤတွင် ဗယ် ညာတန်းလျှောက်ဖြောင့်လက်သီးအမြင့်ထိုး နည်းအတက်အဆုတ်ပြီးဆုံးသည်။

မှတ်ချက်။ ။ဤတန်းလျှောက် ဖြောင့်လက်သီးတက်၍ ထိုးရာ၌လည်း ကောင်း၊ ဆုတ်၍ ထိုးရာ၌ လည်းကောင်းခြေဖဝါးမျှားကို ရိုးရိုး လမ်းလျှောက်သကဲ့သို့ လှမ်း၍တက်ရမည်။ ဆုတ်ရမည်။ မြေပြင်နှင့် ရှပ်တိုက်၍ တက်ခြင်း၊ ခြေမြှောက်၍ တက်ခြင်းများကို လုံးဝ ရှောင်ရှားရမည်။ လက်သီးတက် ထိုးပြီးတိုင်း ခြေသော့်ထိုင်အမြဲဖြစ်သည်။ဤတန်းလျှောက် ပုံစံသည် ဗယ်ဘက်သို့ (၃) လှမ်းတက်၍ (၃) လှမ်း ဆုတ်သည်။ ညာဘက်သို့ (၃) လှမ်းတက်၍ (၃) လှမ်းဆုတ်သည်။ ဤတန်းလျှောက် လက်သီး ထိုးကျင့်

နည်းမှာ ရှေ့သို့ စနစ်တကျ ခြေလက် ဖြောင့်ဖြောင့် တန်းတန်း တက်၍ထိုးတတ်ရန်နှင့် နောက်သို့ စနစ်တကျ ဆုတ်၍ ထိုးတတ်ရန် လေ့ကျင့်ပေးသော နည်းစနစ်ဖြစ်သည်။ နေရာကျယ်ဝန်းပါက (၃) လှမ်းမက (၁၀) လှမ်း၊ အလှမ်း (၂၀) အထိပင် တက်နိုင် ဆုတ်နိုင်သည်။ သတိပြုရန်မှာ အတက်အဆုတ်ခြေလှမ်း မှန်၍ ခြေသေ့ထိုင်ဖြစ်ရမည်။ ပုံ (၈) အသင့်ပြင် ရပ်နည်းအတိုင်း ပြန်၍ အဆုံးသပ်ရပ်ရမည်။ ဤဖြောင့် လက်သီးတန်းလျှောက် အမြင့်ထိုးနည်း အတိုင်း ပင့်လက်သီး၊ တံတောင်ရိုက်ခြင်း စသည်တို့ကို အလှည့်ကျ သုံး၍ အတက်အဆုတ် အထိုး၊ အရိုက် ကျင့်နိုင်သည်။



တန်းလျှောက် ဖြောင့်လက်သီး (အမြင့်ထိုး) အတက်အဆုတ်ထိုးနည်း အကွက်ပုံစံ

သုံးလုံးထိုးဖြောင့်လက်သီး
(အမြင့်ထိုး၊ အနိမ့်ထိုး၊ အမြင့်ထိုး)ထိုးနည်း

ပုံ(၈) အသင့်ပြင်ရပ်နည်းမှနေ၍ ညာကင်းလက်သီးအား တလုံးထိုးဖြောင့်လက်သီး အမြင့်ထိုးနည်းအတိုင်းထိုးသည်။ ပုံ(၁)ခြေကွက်(၁)အတိုင်းဖြစ်သည်။ ဗယ်ခြေသေ့ထိုင် ဖြစ်သွားသည်။ ၎င်းနောက် ဗယ်ကင်းလက်သီးအား တလုံးထိုးဖြောင့်လက်သီး အနိမ့်ထိုးနည်း အတိုင်းဆက်ထိုးသည်။ ပုံ(၂)ခြေကွက်ပုံစံ(၂)အတိုင်းဖြစ်သည်။ညာခြေသေ့ထိုင်ဖြစ်သွားသည်။ ညာလက်သီးခါးစောင်းသို့ ကင်းလက်သီးအဖြစ်ပြန်ကပ်လိုက်သည်။ ဆက်၍ ညာကင်းလက်သီးအား တလုံးထိုးဖြောင့်လက်သီး အမြင့်ထိုးနည်းအတိုင်း ဆက်၍ထိုးသည်။စာမျက်နှာ၅၄ ပုံ(၃)ခြေကွက်ပုံစံ(၃)အတိုင်းဖြစ်သည်။ ဤတွင် သုံးလုံးထိုး ဖြောင့်လက်သီး ထိုးခြင်းပြီးဆုံးသည်။ ဤသည်ကို တကြိမ်ဟု သတ်မှတ်၍ အထိုးကျင့်ပါ။

ပုံ(၂)ခြေကွက်ပုံစံ(၂)



ပုံ(၃)ခြေကွက်ပုံစံ(၁)

မှတ်ချက်။ ။ဤလက်သီးထိုးနည်းကို စ၍ အထိုးကျင့်ရာ၌ လက်သီးတလုံးနှင့်တလုံးကြား ခေတ္တရပ်နား၍ အထိုးကျင့်ရမည်၊ ကျင့်သားရလာသည်နှင့်အမျှ မနားတမ်း ဆက်တိုက် အမြန် အထိုးကျင့်ရမည်။ ဤလက်သီးထိုးချက်များသည် ရန်သူ၏ မျက်နှာ၊ ဗိုက်၊တို့ကို မနားတမ်းထိုးခြင်း ဖြစ်သည်။ ဤလက်သီးထိုးနည်းကို နောက်ပိုင်း၌ဖော်ပြမည့် ပယ်၊ ခုတ်၊ မ၊ ခွဲ နှစ်ကွက်လက်သိုင်း၌နှစ်ယောက်တွဲ၍ လေ့ကျင့်ရာတွင် အသုံးပြု လေ့ကျင့်ရမည်။



ပုံ(၃)ခြေကွက်ပုံစံ(၃)

အမောင်၊အမောင် မင်းမယောင်နှင့်
ဆံဖျားမျက်စိ၊ ခြေကွက်ထိအောင်၊
အမောင်ကြည့်လေ၃၊ မင်းမပေါ့နှင့်။



အခန်း (၃)

ခြေကန်နည်း စနစ်များ

အသင့်ပြင်ရပ်နည်းမှ တည့်ခြေအနိမ့်ကန်နည်း

ပုံ(၈)အသင့်ပြင်ရပ်နည်းအတိုင်းရပ်နေရာမှ ပုံ(၁)အတိုင်းပြောင်း၍ ရပ်လိုက်သည်။ ညာခြေအား ဒူးဆစ်မှကွေး၍ မ,လိုက်သည်။ တပြိုင်တည်း ဗယ်လက်ကိုမြှောက်၍ ညာလက်ကို အောက်သို့ ဆန့်တန်းလိုက်သည်။ ညာဘက်ပေါင်သည် တပြေးညီ(ရေချိန်ကိုက်-သို့မဟုတ် ရေညီမျဉ်း)အတိုင်း ဖြောင့်တန်းနေသည်။ ညာဖနောင့်သည် ဗယ်ဒူးခေါင်းမှ တထွာကွာဝေးသည်။ ခြေချောင်းကလေးများအား ကုတ်၍ထားရမည်။ (လက်သီးဆုပ်သကဲ့သို့ ခြေသီး ဆုပ်ခြင်း ဖြစ်သည်။) ဗယ်ခြေ ဖြောင့်တန်းစွာ ဆန့်တန်းထား၍ ဗယ်လက်သည် တံတောင်ဆစ် နေရာ၌ကွေးထား၍ ဗယ်လက်သီးသည် နဖူးနှင့် တထွာအကွာ တထွာအမြင့်၌ ပယ်သည့်အနေအထားဖြင့်ရှိသည်။ (ပယ်သည်ဆိုခြင်းကိုပယ်၊ ခုတ်၊လက်သိုင်း၌ဖော်ပြပါမည်)ဗယ်လက် ဖနောင့်သည် မျက်နှာမူရာ ဘက်သို့လှည့်ထားသည်။ ညာလက်သည် မျောက်လျက်လက်သီးဆုပ်အနေအထားဖြင့် ညာတင်ပါးမှ တထွာခန့်အကွာတွင် ခအောက်သို့ဆန့်တန်း၍ထားသည်။ "မ"သည့်အနေအထားဖြစ်သည်။ ("မ"သည်ဆိုခြင်းကို ပယ်၊ခုတ်၊မ၊ခဲ့လက်သိုင်း၌ ဖော်ပြပါမည်။)

ကွေး၍"မ"ထားသော ညာဒူးဆစ်အား ပတ္တာသဖွယ် အသုံးပြု၍ ကုတ်ထားသော ခြေချောင်းကလေးများ၏အဆစ်နောက်ပိုင်း၊ သို့မဟုတ် ခြေခုန် အရှေ့ပိုင်းနှင့် ရှေ့သို့ဆန့်တန်း၍ ကန်ရမည်။ (မအားကို ကန်ခြင်းဖြစ်သည်။) ပုံ(၃)ကိုကြည့်ပါ။

ပုံ(၃)အတိုင်းကန်ပြီးသည့်နောက် ခြေထောက်ကို ချက်ချင်းပြန်ရုပ်ရမည်။ ပုံ(၁)အတိုင်း ပြန်ဖြစ်သည်။ ဤခြေကန်နည်းကို ခြေမချဲ့ခြေတချောင်းထောက်အနေအထားဖြင့် အကန်ကျင့်ပါ။ ခြေပြောင်း၍လည်း ကျင့်ပါ။

မှတ်ချက်။ ။ဤတည့်အနိမ့်ကန်နည်းကို အကန်ကျင့်ရာ၌ ခြေချောင်းကလေးများကို လက်သီး ဆုပ်သကဲ့သို့ ခြေသီးဆုပ်ပြီး ကျစ်ကျစ်လျစ်လျစ် ကုတ်၍ ကန် ရ မည်။ ကန်ချက်ဆုံးသည်နှင့် ခြေထောက်ကို အမြန်ဆုံးပြန်၍ ရုပ်ရမည်။

ပုံ(၁)



ပုံ(၂)ဘေးတိုက်မြင်ရပုံ



ပုံ(၃)



သို့မှသာ မိမိ၏ ခြေထောက်အား ရန်သူ၏ ဖမ်းခြင်း၊ တားခြင်း၊ လိမ်ချိုးခြင်း များကို ရှောင်တိမ်းနိုင်မည်။ ဆက်တိုက်ထပ်၍ ကန်နိုင်မည်ဖြစ်သည်။ ထောက်ထားသည့်ခြေထောက်ကို ဖြောင့်တန်းစွာ ဆန့်တန်းထားရမည်။ မကန်ခင်အချိန်၌ သော်လည်းကောင်း၊ ကန်ပြီးသည့် အချိန်၌ သော်လည်းကောင်းဒူးဆစ်ကို ကွေးညွတ်ထားခြင်း မရှိစေရ။

အသင့်ပြင်ရပ်နည်းမှတည့်ခြေအမြင့်ကန်နည်း

ပုံ(၈)အသင့်ပြင်ရပ်နည်းအတိုင်း ရပ်နေရာမှခြေတချောင်း ထောက်ရပ်နည်းသို့ပြောင်းရပ်၍ တည့်ခြေ အနိမ့်ကန်နည်းအတိုင်း ကန်ရန်ဖြစ်သည်။ သို့သော် ဤအမြင့်ကန်နည်း၌ ရန်သူ၏ မေးဖျားကို ထိအောင်ကန်ခြင်းဖြစ်သည်။ ထို့ကြောင့် ကုတ်ထားသော ညာခြေဖျားအား မိမိ၏ မေးစေ့နှင့်အနည်းဆုံး တပြေးညီစွာ အကန်ကျင့်ရမည်။ဒူးခေါင်းကို ရင်ဘတ်ဘက်သို့ ဆွဲမြောက်၍ ကန်ရမည်။ ဤကန်နည်းကို ခြေမချဲ့အကန်ကျင့်ပါ။ ပုံ(၁)ကိုကြည့်ပါ။



ပုံ (၁)

မှတ်ချက်။ ။တည့်ခြေအမြင့် ကန်နည်းသည် ရန်သူ၏ မေးဖျားကို ကန်ခြင်းပြု၍ တည့်ခြေ အနိမ့်ကန်နည်းမှာ 'မအား' သို့မဟုတ် 'ငွေး'ကို ကန်ခြင်း ဖြစ်သည်။ ဤကန်နည်း နှစ်မျိုးအတွက် ဆောင်ပုဒ်မှာ 'အထက်မှာမေး၊အောက်မှာ ငွေး'ဖြစ်သည်။ ထိအောင်ခတ်၍ မိအောင်ကန်ရန် လေ့ကျင့်မှုသာ ပဓာနဖြစ်သည်။

အသင့်ပြစ်ရပ်နည်းပုံ စခြေစောင်းကန်နည်း

ပုံ (၇) အသင့်ပြစ်ရပ်နည်းအတိုင်း ရပ်နေရာမှ ပုံ (၈) အတိုင်း ပြောင်းရွှေ့ ရပ်လိုက်သည်။ ညာခြေအား ဘူးဆစ်မှ ကွေးရွှေ့ 'မ' လိုက်သည်။ တပြိုင်တည်း ဗယ်လက်ကို မြှောက်ရွှေ့ ညာလက်ကိုအောက်သို့ ဆန့်ပြီး တန်းလိုက်သည်။ ညာဘက်ပေါင်သည် တပြေးညီ (ရေချိန်ကိုက် သို့မဟုတ် ရေညီမျှဉ်း) အတိုင်း ပြောင့်တန်းနေသည်။ ညာဖနောင့်သည် ဗယ်ဒူးခေါင်းမှ တထွာ ကွာသည်။ ခြေချောင်း ကလေးမျှားအား ကုတ်ရွှေ့ ထားရမည်။ (ခြေသီးဆုပ်ခြင်း) ဗယ်ခြေ ပြောင့်တန်းရွှေ့ ဆန့်တန်းထားရွှေ့ ဗယ်လက်သည် တံတောင်ဆစ်နေရာ၌ ၉၀ ဒီဂရီ ကွေးထားသည်။ ညာလက်သည် မျောက်လျက် လက်သီးဆုပ် အနေအထားဖြင့် တင်ပါးမှ တထွာခန့်အကွာတွင် အောက်သို့ဆန့်တန်းရွှေ့ ထားသည်။ ဤခြေတချောင်း ထောက်ရပ်သည့် အနေအထားကို 'မ' သည်ဟု ခြုံ၍ ခေါ်သည်။

ဤ 'မ' သည့် အနေအထားမှ ညာခြေအား ထောက်ထားသည့် ဗယ်ဖဝါးနှင့် ကန့်လန့်ဖြတ်လားရာဘက်သို့ ဘူးဆစ်အား ပတ္တာသဖွယ်အသုံးပြု၍ ခြေစောင်းကိုဆတ်ရွှေ့ ကန်လိုက်သည်။ ပုံ (၂) အတိုင်း ဖြစ်သည်။ ကန်ချက်ပြီးဆုံးသည့်နောက် 'မ' သည့်အနေအထားသို့ ပုံ (၁) အတိုင်းပြန်ရောက်အောင် ခြေစောင်းအား မူလ နေရာသို့ ပြန်ရပ်ရမည်။ ဤကန်နည်းအတိုင်း ခြေပြောင်းရွှေ့ အကန်ကျင့်ပါ။

မှတ်ချက်။ ။ဤခြေစောင်း ကန်နည်းကို စရွှေ့ ကျင့်ရာ၌ မိမိ၏ခါးစောင်းနှင့် တညီတည်း အပြင့်သို့ရောက်အောင် အကန်ကျင့်ရွှေ့ ကျင့်သားရလာသည်နှင့် တဖြည်းဖြည်းမြင့်နိုင်သလောက်မြင့်အောင် အကန်ကျင့်ပါ။



ပုံ (၁)

ခြေစောင်းထိုးချက်နေရာ



ပုံ (၂)

ခြသေ့ထိုင်ရပ်နည်းမှတည့်ခြေအနိမ့်ကန် ခုတ်ဆင်းနည်း

ပုံ(၈) အသင့်ပြင် ရပ်နေရာမှ ညာခြေအား အနောက်ဘက်သို့ ၄၅ ဒီဂရီထောင့်ချိုးအတိုင်း ဆုတ်လိုက်သည်။ တပြိုင်တည်း ညာလက်သီးအား ဆုပ်လျက် အနေအထားဖြင့် နဖူးမှ တထွာအကွာခေါင်းနှင့်တညီတည်း အမြင့်တွင် ထောင်ထားသည့် လက်ဖနောင့်သည် မိမိမျက်နှာဘက်သို့ လှည့်ထားသည်။ ဗယ်လက်သီးသည် ဗယ်ခါးစောင်းနှင့် ကင်းလက်သီးအဖြစ် ကပ်ထားသည်။ ပုံ(၁)အတိုင်းဖြစ်သည်။ဗယ်ခြသေ့ထိုင်ဖြစ်သည်။

တည့်ခြေအနိမ့်ကန်ရန်အတွက် ဒူးကို 'မ'လိုက်သည်နှင့် တပြိုင်နက် ဗယ်လက်ကိုမြှောက်၍ ညာလက်ကို အောက်သို့ ဆန့်တန်း လိုက်သည်။ ပုံ(၂)အတိုင်းဖြစ်သည်။ ၎င်းနောက် ကုတ်ထားသော ခြေချောင်းကလေးများ၏ နောက်ပိုင်း အဆစ်နေရာ သို့မဟုတ် ခြေခုံအရှေ့ပိုင်းနှင့်ဆတ်၍ ကန်ရမည်။ ပုံ(၃)အတိုင်းဖြစ်သည်။ ကန်ပြီးသည့်နောက် ခြေထောက်ကို ပုံ(၂) အတိုင်းပြန်၍ ရုပ်ရမည်။ ၎င်းနောက် ညာခြေအား မူလနေရာသို့ (မြေပြင်) ပြန်ချလိုက်သည်။ ခြေချလိုက်သည်နှင့် တပြိုင်နက် ညာလက်ဖျံအပြင်ရိုးသည် မျက်နှာရှေ့ တထွာခန့်အကွာမှ နေ၍ ဗယ်ဘက်သို့ ဖြတ်ခုတ်လိုက်သည်။ ခုတ်ပြီးချိန်၌ ညာလက်သီးသည် နဖူးနှင့် တထွာအကွာ၌ရှိရမည်။ ဗယ်လက်သီးသည် ဗယ်ခါးစောင်း၌ ကင်းလက်သီးအဖြစ် တပြိုင်တည်း ကပ်လိုက်သည်။ ပုံ(၄) အတိုင်းဖြစ်သွားသည်။ ဗယ်ခြသေ့ထိုင်ဖြစ်သွားသည်။

မှတ်ချက်။ ။လေ့ကျင့်ရာ၌ လွယ်ကူရန် ရည်ရွယ်၍ တည့်ခြေအနိမ့်ကန်နည်းကို သုံးပိုင်းပိုင်း၍တင်ပြခဲ့သည်။ ၁။ဗယ်ခြသေ့ထိုင် အနေအထား ပုံ(၁)မှ ခြေတချောင်း ထောက်မ,သည့် အနေအထား ပုံ(၂) သို့ ပြောင်းရပ်သည်။ ၂။'မ'သည့် အနေအထားမှ ပုံ(၃) အတိုင်း တည့်အနိမ့်ကန်သည်။ ၃။တည့် အနိမ့်ကန်ပြီး နောက် ခြေထောက်အား ပုံ(၁) အတိုင်း ဖြစ်အောင် ပြန်၍ ရုပ်သည်။ ၎င်းမှတဆင့် ပုံ(၄) အတိုင်း ခုတ်၍ဆင်းသည်။ ဤသို့ဖြင့် သုံးပိုင်းပိုင်း၍ အဆင့်လိုက်ကန်တတ်ပြီဆိုလျှင် ပုံ(၁) ဗယ်ခြသေ့ထိုင်မှ တည့်ခြေ အနိမ့်ကန်

ပြီးသည်နှင့် ပုံ (၄) အတိုင်း ညာလက် ခုတ်ဆင်းနိုင်အောင် အမြန်ဆုံး အကန်ကျင့်ပါ။ ခြေပြောင်းချလည်း အကန်ကျင့်ပါ။

ပုံ (၁)



ပုံ (၂) ခြေကွက်ပုံစံ (၁)



ပုံ (၃)



ပုံ (၄)

ခြသေ့ထိုင်ရပ်နည်းမှ တည့်ခြေအမြင့်ကန်ခုတ်ဆင်းနည်း

ပုံ (၁) အတိုင်း ရပ်နေရာမှ တည့်ခြေအနိမ့်ကန် ခုတ်ဆင်းနည်း အတိုင်း ကန်ရန်ဖြစ်သည်။ သို့ရာတွင် ရှေ့သို့ညာခြေကန်ရာ၌ တည့်ခြေ အနိမ့်ကန်နည်း ကန်စဉ်ကကဲ့သို့ ရန်သူ၏ 'မအား' သို့မဟုတ် 'ဝေး'ကို ကန်ခြင်းမဟုတ်ပဲ ရန်သူ၏ မေးစေ့ကို ထိအောင် အမြင့်ကန်ခြင်းဖြစ်သည်။ ထို့ကြောင့် ဒူးခေါင်းကို ရင်ဘတ်ဘက်သို့ ဆွဲမြှောက်ပြီးမှ ကန်ရသည်။ ပုံ(၂)ကိုကြည့်ပါ။ ကန်ပြီးသည့်နောက် ပုံ(၃) အတိုင်း ခုတ်ဆင်းလိုက်သည်။ ဗယ်ညာခြေပြောင်း၍ အကန်ကျင့်ပါ။



ပုံ (၂)

ပုံ (၃)

ခြေလှမ်းထိုင်ရပ်နည်းမှ တည့်ခြေကနိမ့်ကန် ကနိမ့်ထိုးဆင်းနည်း

ပုံ (၁) အတိုင်း ရပ်နေရာမှ တည့်ခြေအနိမ့်ကန် ခုတ်ဆင်းနည်း အတိုင်း ကန်ရန်ပင်ဖြစ်သည်။ ထူးခြားချက်မှာ တည့်ခြေအနိမ့်ကန်ခုတ်ဆင်းနည်း၌ ကန်ပြီးသည့်နှင့်တပြိုင်နက် ညာခြေပြန်ချ၍ ညာလက်ခုတ်ဆင်းသည်။ ဤကန်နည်း၌မူကား ကန်ပြီးသည့်နောက် ခုတ်မဆင်း ဝဲ ညာလက် တလုံးထိုး ဖြောင့်လက်သီး အနိမ့်ထိုး၍ ဆင်းသည်။ ပုံ(၄)ကို ကြည့်ပါ။ ဗယ်ညာခြေပြောင်း၍ အကန်ကျင့်ပါ။



ပုံ (၄)

မှတ်ချက်။ ။တည့်အနိမ့်ကန်ခုတ်ဆင့်နည်း၌ ကန်ပြီးသည်နှင့် တပြိုင်နက်ညာလက်ခုတ်၍ ဆင်းသည်။တည့်အနိမ့်ကန်ထိုးဆင်းနည်း၌ ကန်ပြီးသည်နှင့် တပြိုင်နက် ညာလက်ဖြောင့်လက်သီး အနိမ့်ထိုးဆင်းသည်။ ခုတ်ဆင်းခြင်းမှာ ကန်ပြီးသည့်နောက် မိမိမျက်နှာကို မထိအောင် ခံစစ်သဘောဖြင့် ဆင်းခြင်းဖြစ်သည်။ ထိုး၍ ဆင်းခြင်းမှာ ကန်ပြီးသည့်နောက် ခြေဆုတ်၍ တိုက်စစ် သဘောဖြင့် ထိုးခြင်းဖြစ်သည်။

ဗယ်ခြေသော့်ထိုင်ရပ်နည်းမှ တည့်အမြင့်ကန်ထိုးဆင်းနည်း

ပုံ(၁)အတိုင်း ရပ်နေရာမှ တည့်ခြေ အမြင့်ကန် ခုတ်ဆင်းနည်း အတိုင်းပင် ကန်ရန်ဖြစ်သည်။ တည့်ခြေ အမြင့်ကန် ခုတ်ဆင်းနည်း၌ ကန်ပြီးသည်နှင့် တပြိုင်နက် ညာခြေပြန်ချ၍ ညာလက်ခုတ်ဆင်းသည့် ဤကဲ့နှန်းနည်း၌မူကား တည့်ခြေအမြင့် ကန်ပြီးသည့်နောက် ခုတ်မဆင်း တလုံးထိုး ဖြောင့်လက်သီး အမြင့်ထိုး၍ ဆင်းသည်။ပုံ(၂)ကို ကြည့်ပါ။ ဗယ်ညာခြေပြောင်း၍ အကန်ကျင့်ပါ။



ပုံ (၂)

မှတ်ချက်။ ။တည့်အနိမ့်ကန် ထိုးဆင်းနည်းသည် ကန်ပြီးသည့်နောက် ညာဖြောင့်လက်သီး အနိမ့် ထိုးဆင်း၍ တည့်အမြင့်ကန် ထိုးဆင်းနည်း၌မူကား ညာခြေ အမြင့်ကန်ပြီးသည်နှင့် ညာလက်တလုံးထိုး ဖြောင့်လက်သီးအမြင့်ထိုးဆင်းသည်။

တန်းလျှောက်တည့်အမြင့်ကန်ခုတ်တက်နည်း

ပုံ(၁) ခြေကွက်ပုံစံ(၁)အတိုင်း ရပ်နေရာမှ ညာခြေကိုတည့်အမြင့် ကန် ခုတ်ဆင်းနည်းအတိုင်း ကန်လိုက်သည်။ ထူးခြားချက်မှာ ညာခြေကို ကန်ပြီးသည့်နောက် မူလနေရာသို့ ပြန်မချပဲ ရှေ့သို့တလှမ်းတက်ပြီး



ပုံ (၁) ခြေကွက်ပုံစံ (၁)

ညာလက်ခုတ်သည်။ခြေချသည်နှင့် ညာလက်ခုတ်ခြင်းသည် တပြိုင်တည်း ဖြစ်သည်။ ပုံ(၂) ခြေကွက်ပုံစံ(၂)အတိုင်း ဖြစ်သည်။

ဆက်၍ ဗယ်ခြေကို တည့်ခြေ အမြင့်ကန် နည်းအတိုင်း ကန်၍ ဗယ်လက်ခုတ်တက်ပါ။

ဤသို့ဖြင့် ရှေ့သို့ဆက်၍ ညာခြေ၊ ဗယ်ခြေ တလှည့်စီတည့်အမြင့် ကန်၍ ခုတ်တက်နိုင်သည်။ ဤနည်းအတိုင်း တည့်အနိမ့်ကန် ခုတ်တက် နည်းကို ကျင့်နိုင်သည်။



ပုံ(၂)ခြေကွက်ပုံစံ (၂)

မှတ်ချက်။ ။ဤကန်နည်းသည် ရန်သူကို ဆင်တိုက်လိုက်၍ ခြေဖြင့် ကန်ခြင်း ဖြစ်သကဲ့သို့ ကန်ပြီးတိုင်း မိမိ မျက်နှာအား ရန်သူ၏ တိုက်ခိုက်ခြင်းမှ ခုခံကာကွယ် တိုက်ခိုက်သည့် အနေဖြင့် ရှေ့သို့ ခုတ်တက်ခြင်းဖြစ်သည်။

ခြေသော့ထိုင်ရပ်နည်းမှ စောင်းကန်ခုတ်ဆင်းနည်း

စာမျက်နှာ ၆၃ မှ ပုံ(၁)ခြေကွက်ပုံစံ(၁)အတိုင်း ဗယ်ခြသော့ထိုင်ရပ်သည်။ ညာလက်သီးသည် ဆုပ်လျက်အနေအထားဖြင့် နဖူးမှ တထွာအကွာ ခေါင်းနှင့်တညီတည်း၌ ရှိသည်။လက်ဖနောင့်သည် မျက်နှာဘက်လှည့်ထားသည်။ ဗယ်လက်သီးသည် ခါးစောင်း၌ ကင်းလက်သီးအဖြစ် ကပ်ထားသည်။ ညာခြေစောင်းကန်ရန် ညာခြေကို ဒူးဆစ်မှ ကွေး၍ ပုံ(၂)အတိုင်း မ,လိုက်သည်။ တပြိုင်တည်း ဗယ်လက်ကို မြောက်၍ ညာလက်ကို အောက်သို့ ဆန့်တန်းလိုက်သည်။ ဗယ်ခြေသည် ခြေတချောင်းထောက် အနေအထားဖြင့် ကန့်လန့်ဖြတ် ရပ်ထားသည်။ ညာခြေဖနောင့်သည် ဗယ်ဒူးခေါင်းမှ တထွာ ကွာဝေးသည်။

ဒူးဆစ်ကို ပတ္တာသဖွယ် အသုံးပြု၍ ညာခြေဆန့်တန်းပြီး ခြေစောင်းကန်လိုက်သည်။ ပုံ(၃)ကိုကြည့်ပါ။ ညာခြေကို ပုံ(၃)အတိုင်း ဆတ်၍ ကန်ပြီးသည်နှင့် တပြိုင်နက် ညာခြေဖဝါးအား မူလနေရာသို့ ပြန်ချလိုက်သည်။ ခြေချသည်နှင့် တပြိုင်နက် ညာလက်ဖျံ အပြင်ရိုးအား မျက်နှာရှေ့ တထွာခန့်အကွာမှနေ၍ ဗယ်ဘက်သို့ဖြတ်၍ခုတ်လိုက်သည်။ တပြိုင်တည်း ဗယ်လက်သီးအား ခါးစောင်း၌ ကင်းလက်သီး အဖြစ် ပြန်ကပ်လိုက်သည်။ စာမျက်နှာ ၆၃ မှ ပုံ(၄)အတိုင်း ဖြစ်သည်။ ဤကန်နည်းအတိုင်း ဗယ်ညာခြေပြောင်း၍ အကန်ကျင့်ပါ။



ပုံ (၂)　　ပုံ (၃)

မှတ်ချက်။ ။ဤကန်နည်းကို စဉ်ကျင့်ရာ၌ ကန်မည့်ခြေထောက်အား မ,လိုက်ခြင်း၊ ကန်ခြင်း၊ ပြန်ချခြင်းများကို အဆင့်လိုက် စနစ်တကျ ဖြည်းဖြည်းလေ့ကျင့်ရသည်။ သဘောပေါက် နားလည်လာသည်နှင့် အမျှ ကန်မည့်ခြေကို မ,လိုက်သည်နှင့် တပြိုင်တည်း ကန်ပြီးသား ဖြစ်အောင်၊ ခြေပြန်ချသည်နှင့် ခုတ်ပြီးသားဖြစ်အောင် မြန်မြန်ကြိုးစား၍ ကျင့်ပါ။ ကျန်ခါစဉ် ကန်လိုက်သော ခြေစောင်းသည် မိမိခါးနှင့် တပြေးညီဖြစ်အောင်အကန်ကျင့်ပြီး ကျင့်သားရလာသည်နှင့်အမျှ တဖြည်းဖြည်း တိုးမြှင့်၍ မြင့်မြင့် ကန်နိုင်ရန် ကြိုးစားပါ။

တန်းလျှောက်စောင်းကန်ခုတ်တက်နည်း

ညာခြေကို စောင်းကန် ကန်ခုတ်ဆင်းနည်းအတိုင်း ကန်ပါ။ ပုံ(၁) ခြေကွက်ပုံစံ(၁)အတိုင်းဖြစ်သည်။ ထူးခြားချက်မှာ ညာခြေစောင်းကန်ပြီးသည့်နောက် ညာခြေဖဝါးအား မူလနေရာသို့ ပြန်မချပဲ ရှေ့သို့ တလှမ်းတက်၍ ညာလက်ခုတ်ခြင်း ဖြစ်သည်။ ညာခြေတက်ခြင်းနှင့် ညာလက် ခုတ်ခြင်းတို့သည် တပြိုင်တည်း ဖြစ်သည်။ ညာခြေသည် ထိုင်ဖြစ်သွားသည်။ ပုံ(၂) ခြေကွက်ပုံစံ(၂)ကို ကြည့်ပါ။

ဆက်၍ ဗယ်ခြေကို စောင်းကန်၍ ဗယ်လက်ခုတ်တက်ပါ။ ဤနည်းအတိုင်း ရှေ့ဆက်၍ ဗယ်ခြေညာခြေ တလှည့်စီ စောင်းကန်၍ခုတ်တက်နိုင်သည်။

ဤတန်းလျှောက် စောင်းကန်ခုတ်တက် နည်းစနစ်အတိုင်း စောင်းကန်ဖြောင့် ထိုးတက်ခြင်း၊ စောင်းကန်ပင့် ထိုးတက်ခြင်း၊ စောင်းကန်တံတောင်ရိုက် တက်ခြင်းများကို လေ့ကျင့်နိုင်သည်။



ပုံ (၁)



ပုံ(၂)ခြေကွက်ပုံစံ (၂)

ချွေးထွက်များမှ သွေးထွက်နည်းမည်
ချွေးနှင့်ရင်း၊ သွေးနှင့်ရင်း
အသက်ကို အသက်ချင်းရှင်း။



အခန်း (၄)

သွေးပူလေ့ကျင့်ခန်းနှင့် ခြေထောက်လှုပ်ရှားမှု နည်းစနစ်များ

ဤအခန်း၌ ပါဝင်သော လေ့ကျင့်ခန်းများသည် သိုင်းပြောင်းပြန် သိုင်းကွက်များမှ ထုတ်နုတ်ထားသော လှုပ်ရှားမှု နည်းစနစ်များဖြစ်သည်။ ဤလေ့ကျင့်နည်းများကို ကျင့်ခြင်းဖြင့် ပျော့ပျောင်းမှု၊ လျင်မြန်မှု၊ ကြံ့ခိုင်မှု၊သက်လုံကောင်းမှု စသည့်စွမ်းအားများကို ရနိုင်သည်။ ထို့ပြင် အဆင့်မြင့်သိုင်းကွက်များ ကစားရာ၌ များစွာ အထောက်အကူပြုပေသည်။ ရန်သူ၏ တိုက်ခိုက်မှုကို အလွတ်ရှောင်ရာ၌လည်း အရေးပါသော အခြေခံလှုပ်ရှားမှုများဖြစ်သည်။ ဤအခန်း၌ ဖော်ပြမည့်လေ့ကျင့်ခန်းများသည် အချို့အဝက်မျှသာ ဖြစ်၍ ကျန်လေ့ကျင့်ခန်းများကို နောက်ထွက်မည့်စာအုပ်များ၌ ဆက်၍ ဖော်ပြပါမည်။

ဖုတ်ကောက်အပြည့်ထိုင်နည်း

ဖုတ်ကောက် အပြည့်ထိုင်နည်းဆိုသည်မှာ ခြေနှစ်ချောင်းပေါ်ရုပ်နေရာမှ မြေပြင်ပေါ်သို့ ကွေးညွတ်တိမ်းရှောင်၍ ထိုင်ချလိုက်ပြီး၊ မြေပြင်ပေါ်ရှိ ဖုတ်၊ သဲ၊ ခဲ၊တုတ်၊ ဓား အစရှိသော လက်နက်များကို ကောက်ခြင်းဖြစ်သည်။

ရန်သူ၏ တိုက်ခိုက်ခြင်းကို ရှောင်တိမ်းခြင်းလည်းဖြစ်သည်။ ထို့ကြောင့် ဤထိုင်နည်းကို 'ဖုတ်ကောက်ထိုင်ခြင်း၊ ခဲကောက်ထိုင်ခြင်း၊ သဲကောက်ထိုင်ခြင်း စသည်ဖြင့် အမည်အမျိုးမျိုးခေါ်၍ရသည်။ သို့သော် သိုင်းပြောင်းပြန်ပညာ၏ ဝေါဟာရ အသုံးအနှုန်း စာရပ်အနေဖြင့် ဤထိုင်နည်းကိုလက်သိုင်း၌ 'ဖုတ်ကောက်'ဟု ခေါ်၍ တုတ်သိုင်း၌ 'တုတ်စဖိ'ဟုခေါ်ပြီး၊ ဓားသိုင်း၌ 'ဓားရိုးစောင့်'ဟု ခေါ်သည်။ ခေါင်းပေါင်းပါလျှင် 'ခေါင်းပေါင်းချွတ်'ဟု ခေါ်သည်။ ပရိယာယ်ဆင်၍ ရှောင်တိမ်းတိုက်ခိုက်ခြင်း ဖြစ်ပေသည်။ ဖုတ်ကောက် အပြည့်ထိုင်နည်း(၂)နည်းရှိသည်။ ၎င်းတို့မှာ (၁) ပုံ(၈)အသင့်ပြင်ရပ်နည်းမှ ဖုတ်ကောက်အပြည့်ထိုင်နည်း။ (၂) ခြေသော့်ထိုင်ရပ်နည်းမှ ဖုတ်ကောက်အပြည့်ထိုင်နည်းများဖြစ်သည်။

(၁) အသင့်ပြင်ရပ်နည်းမှ ဖုတ်ကောက်အပြည့်ထိုင်နည်း

ပုံ(၈) အသင့်ပြင်ရပ်နည်းအတိုင်း ရပ်နေရာမှ ညာဘက်သို့ ညာဒူးညွှတ်၍ ဖုတ်ကောက်အပြည့်ထိုင်လိုက်သည်။ ပုံ(၁)အတိုင်း ဖြစ်သည်။ ညာခြေဖဝါးသည် အပြားလိုက်ပင် မြေပြင်၌ရှိ၍ ခြေဖျားသည် ညာဘက်သို့ တည့်တည့်လှည့်ထားသည်။ ဗဟိုဒူးခေါင်း၊ ဗဟိုခြေမျက်စိများသည် မြေပြင်နှင့်ထိ၍နေသည်။ မျက်နှာသည် ရှေ့တည့်တည့်သို့ကြည့်နေသည်။ လက်ဖဝါးများသည် ညာခြေဖျား၏ဘေးဘဲ့ မြေကြီးကို ထောက်၍ထားသည်။ ဤသည်ကို ညာဘက်သို့ ဖုတ်ကောက်အပြည့်ထိုင်သည်ဟု ခေါ်သည်။ ဗဟိုဘက်သို့ ပြောင်း၍ထိုင်ရဦးမည်။



အသင့်ဖြင်ရပ်သည်(၈)

ပုံ (၁)

ပုံ(၁)ကဲ့သို့ ညဲဘက်သို့ ဖုတ်ကောက် အပြည့်ထိုင်ပြီးသည့်နောက် ပုံ(၈)အတိုင်း ပြန်ဖြစ်အောင်ပြန်၍ ရပ်ရသည်။ ပုံ(၈)မှ နေ၍ ဗယ်ဘက်သို့ ညာဖုတ်ကောက်အပြည့်ထိုင်နည်းအတိုင်း ဗယ်ဖုတ်ကောက် အပြည့်ထိုင်လိုက်သည်။ ဗယ်ဘက်သို့ ဖုတ်ကောက်အပြည့်ထိုင်ပြီးနောက် ပုံ(၈) အသင့်ပြင်ရပ်နည်းအတိုင်းဖြစ်အောင် ပြန်၍ ရပ်လိုက်သည်။

ဤသို့ဖြင့် ပုံ(၈)မှ နေ၍ ညာဖုတ်ကောက်အပြည့် ထိုင်လိုက်လျှင် တကြိမ်ဟု ရေတွက်ပြီး တဖန် ပုံ(၈)မှနေ၍ ဗယ်ဖုတ်ကောက် အပြည့် ထိုင်လိုက်လျှင် တကြိမ်ဟု ရေတွက်ပြီး ဗယ်ညာ အထိုင်အထ ဖုတ် ကောက်အပြည့်ထိုင်နည်းကို ကျင့်ပါ။ ဖုတ်ကောက်အပြည့်ထိုင်နည်းဖြင့် ရှောင်တိမ်းခြင်းကို ပုံ(၂)၌ ပြထားသည်။

ခြသေ့ထိုင်ရပ်နည်းမှ ဖုတ်ကောက်အပြည့်ထိုင်နည်း

ပုံ(၁)အတိုင်းဗယ်ခြသေ့ထိုင် ရပ်နေရာမှခြေဖဝါးနှစ်ခုအား ညာ ဘက်သို့တပြိုင်တည်း ကြိတ်လှည့်၍ ညာဘက်သို့ ဖုတ်ကောက်အပြည့် ထိုင်လိုက်သည်။ ပုံ(၂)အတိုင်းဖြစ်သည်။

လက်ဖဝါးများသည် ညာခြေဖျားထိပ်ဘက်၌ရှိ၍ မြေပြင်ကိုထိထား သည်။ မျက်နှာသည် ဗယ်ဘက်သို့ သမင်လည်ပြန်လှည့်၍ ကြည့်သည်။ ညာခြေဖဝါးသည် အပြားလိုက်ပင် မြေပြင်ပေါ်၌ရှိ၍ ဗယ်ဒူးခေါင်းနှင့် ဗယ်ခြေမျက်စိများသည် မြေပြင်နှင့်ထိ၍နေသည်။ ဤအနေအထားကို ဗယ်ခြသေ့ထိုင်ရပ်နည်းမှ ဖုတ်ကောက်အပြည့်ထိုင်သည်ဟု ခေါ်သည်။ ပုံ(၂) အတိုင်း ဖုတ်ကောက်အပြည့် ထိုင်ပြီးသည့်နောက် ပုံ(၁) အတိုင်း ဗယ်ခြသေ့ထိုင်ဖြစ်အောင် ပြန်ရပ်လိုက်သည်။ ဤသည်ကို လှုပ် ရှားမှုတကြိမ်ဟု ရေတွက်၍ အကြိမ်များများ လေ့ကျင့်ပါ။

(ب) ﻲﻓ

(ج) ﻲﻓ

(د) ﻲﻓ

ဖုတ်ကောက်တဝက်ထိုင်ရပ်နည်း

ဖုတ်ကောက်တဝက်ထိုင်ရပ်နည်းဆိုသည်မှာ ခြေနှစ်ချောင်းပေါ်ရပ်နေရာမှ ခြသေ့ထိုင်ရပ်နည်းသို့ ပြောင်း၍ တိမ်းညွတ်ရောင်ရှားခြင်းကို ခေါ်သည်။

ဖုတ်ကောက်အပြည့်ထိုင်နည်းသည် မြေပြင်သို့ရောက်အောင် ဒူးညွတ်၍ ထိုင်ခြင်းဖြစ်သည်။ ဖုတ်ကောက်တဝက်ထိုင်နည်းမှာကား မြေပြင်သို့ရောက်အောင်တိမ်းရှောင်ခြင်း မရှိပဲ ဖုတ်ကောက်အပြည့် ထိုင်နည်း၏ တဝက်ဖြစ်သော ခြသေ့ ထိုင်ရပ်နည်းသို့ ပြောင်း၍ ရပ်ခြင်းပင်ဖြစ်သည်။ ဖုတ်ကောက်တဝက်ထိုင်ရပ်နည်း (၂) မျိုးရှိသည်။

၎င်းတို့မှာ (၁) ပုံ (၈) အသင့်ပြင်ရပ်နည်းမှ ဖုတ်ကောက်တဝက်ထိုင်ရပ်နည်း။ (၂) ခြသေ့ထိုင် အနေအထားမှ ဖုတ်ကောက်တဝက်ထိုင်ရပ်နည်းတို့ ဖြစ်သည်။

(၁) ပုံ (၈) အသင့်ပြင်ရပ်နည်းမှ ဖုတ်ကောက်တဝက်ထိုင်ရပ်နည်း

ပုံ (၈) အသင့်ပြင်ရပ်နည်းအတိုင်း ရပ်နေရာမှ ခြေဖဝါးများကို ညာဘက်သို့ တပြိုင်တည်းကြိတ်လှည့်ခြင်းဖြင့် ပုံ (၁) ခြေကွက် ပုံစံ (၁) ကဲ့သို့ဖြစ်အောင် ညာဒူးညွတ်၍ ညာဘက်သို့ဖုတ်ကောက်တဝက်ထိုင်ရပ်လိုက်သည်။ မျက်နှာသည် ရှေ့တည့်တည့်သို့ကြည့်သည်။ ခြေထောက်များသည် ညာခြသေ့ထိုင်အနေအထား ဖြစ်သည်။

ညာဘက်သို့ ပုံ(၁)အတိုင်း ဖုတ်ကောက်တဝက် ထိုင်ပြီးနောက် ပုံ (၈) အသင့်ပြင်ရပ်နည်းအတိုင်း ဖြစ်အောင် ပြန်၍ရပ်လိုက်သည်။ ၎င်းမှ တဆင့် ခြေဖဝါးများကို ဗယ်ဘက်သို့တပြိုင်တည်း ကြိတ်လှည့်ခြင်းဖြင့် ဗယ်ဘက်သို့ ဖုတ်ကောက်တဝက်ထိုင်ရပ်ရသည်။မျက်နှာသည် ရှေ့တည့်တည့်သို့ကြည့်၍ခြေထောက်များသည် ဗယ်ခြသေ့ထိုင် အနေအထား ဖြစ်သည်။

ပုံ (၈) အသင့်ပြင်ရပ်နည်း



ပုံ(၁)ခြေကွက်ပုံစံ(၁)

ဗယ်ဘက်သို့ ဖုတ်ကောက်တဝက်ထိုင်ပြီးနောက် ပုံ (၈) အသင့်ပြင် ရပ်နည်းအတိုင်းဖြစ်အောင် ပြန်၍ ရပ်ရသည်။

ဤသို့ဖြင့် ပုံ (၈)မှ ညာဘက်သို့ ပုံ (၁) အတိုင်း လှုပ်ရှား၍ ပုံ (၁)မှ တဖန် ပုံ (၈) သို့ပြန်၍ လှုပ်ရှားခြင်းကို တကြိမ်ဟု ရေတွက်ပါ။ ထိုနည်းအတိုင်းပင် ပုံ (၈)မှ ဗယ်ဘက်သို့လည်း ဖုတ်ကောက်တဝက်ထိုင်ရပ်နည်း ကျင့်ပါ။

မှတ်ချက်။ ။ဖုတ်ကောက်တဝက် ထိုင်ရပ်နည်းသည် မျက်နှာ၊ (သို့မဟုတ်) ခန္ဓာကိုယ် အပေါ်ပိုင်းအား တိုက်ခိုက်လာခြင်းကို လျှပ်တပြက်အတွင်း ရှောင်တိမ်းသောနည်း ဖြစ်သည်။ ပုံ (၃) ခြေကွက် ပုံစံ(၃)ကို ကြည့်ပါ။



ပုံ(၃)ခြေကွက်ပုံစံ(၃)

ခြသေ့်ထိုင်ရပ်နည်းမှ ဖုတ်ကောက်တဝက်ထိုင်ရပ်နည်း

ဗယ်ခြသေ့်ထိုင် ရပ်နေရာမှ ခြေဖဝါး နှစ်ခုအား ညာဘက်သို့ တပြိုင်တည်း ကြိတ်လှည့်ခြင်းဖြင့် ပုံ(၁)ကဲ့သို့ ဖြစ်အောင် ညာဒူးညွှတ်၍ ညာဘက်သို့ ဖုတ်ကောက်တဝက်ထိုင်ရပ်လိုက်သည်။ မျက်နှာသည် ဗယ်ပခုံးစွန်းဘက်သို့ သမင်လည်ပြန်လှည့်၍ ရန်သူကိုကြည့်သည်။ ညာခြသေ့်ထိုင်အနေအထား ဖြစ်သည်။

ညာဘက်သို့ ဖုတ်ကောက်တဝက်ထိုင်ပြီးသည့်နောက် ဘယ်ခြသေ့်ထိုင်ရပ်နည်းအတိုင်း ပြန်ဖြစ်အောင် ခြေဖဝါး နှစ်ခုအား ဗယ်ဘက်သို့ တပြိုင်တည်းပြန်၍ ကြိတ်လှည့်လိုက်သည်။ဗယ်ခြသေ့်ထိုင်ဖြစ်သွားသည်။

ဤကဲ့သို့ ဘယ်ခြသေ့်ထိုင်ရပ်နည်းမှပုံ(၁)သို့ ဖုတ်ကောက်တဝက်ထိုင်ရပ်ပြီး ပုံ(၁)မှ တဖန်ဗယ်ခြသေ့်ထိုင် ဖြစ်အောင် ပြန်၍ လှုပ်ရှားခြင်းကိုလှုပ်ရှားမှု တကြိမ်ဟု ရေတွက်ပြီး လေ့ကျင့်ပါ။ ခြေပြောင်း၍လည်း ကျင့်ပါ။

မှတ်ချက်။ ။ခြသေ့်ထိုင်ရပ်နည်းမှ ဖုတ်ကောက်တဝက်ထိုင်ရပ်နည်းသည် ခန္ဓာကိုယ်အပေါ်ပိုင်း၊ ခန္ဓာကိုယ် အလယ်ပိုင်းတို့အား အဓိကထား၍ တိုက်ခိုက်လာခြင်းကို ရှောင်တိမ်းခြင်းဖြစ်သည်။ ပုံ(၂)ကို ကြည့်ပါ။ အထူးသတိပြုရန်မှာ ဤဖုတ်ကောက်တဝက်ထိုင် ရပ်နည်းသည် ညာခြသေ့်ထိုင် မှ ဗယ် ခြသေ့် ထိုင်သို့ လည်းကောင်း၊ ဗယ်ခြသေ့် ထိုင်မှ ညာခြသေ့် ထိုင်သို့ လည်းကောင်း ပြောင်း၍ရပ်ခြင်း ဖြစ်သည်။ သို့သော် မျက်နှာသည် ရန်သူရှိရာဘက်သို့သာ အမြဲကြည့်နေသည်။ အခန်း(၁)၌ ဖော်ပြခဲ့သော ခြသေ့်ထိုင် ဗယ်၊ ညာပြောင်း၍ ရပ်နည်း၌မူကား ဒူးညွှတ်သည့်ဘက်သို့ သာမျက်နှာလှည့်သည်။ဥပမာ ဗယ်ခြသေ့်ထိုင်ဆိုလျှင် ဗယ်ဘက်သို့ကြည့်၍ ညာခြသေ့်ထိုင်ဆိုလျှင် ညာဘက်သို့ကြည့်သည်။ ဖုတ်ကောက်တဝက်ထိုင်ရပ်နည်းနှင့် ခြသေ့်ထိုင် ဗယ် ညာပြောင်း၍ ရပ်နည်းကို နှိုင်းယှဉ်၍ကြည့်ပါ။ကွဲပြားချက်ရှိသည်။



ပုံ (၁)



ပုံ (၂)

ခြေပြောင်းခုန်နည်း

ဗယ်ခြေသော့ထိုင်ချ်နေရာမှညာခြေသော့ထိုင် ဖြစ်သွားရန် ခြေတောက်ချားထိုဗယ်ညာရွှေ့နောက် ပြောင်း၍ ခုန်လိုက်သည်။ပုံ(၁)ကိုကြည့်ပါ။ ခြေခြောင်းခုန်ချိန်၌ ခြေဖဝါးများကို ရှပ်တိုက်၍ပြောင်းခြင်း၊ မြေပြင်မှ ချာခွာခြောတ်၍ ခုန်ခြင်းများကို လုံးဝရှောင်ရမည်။ ခြေဖဝါးများကို မြေညီနှင့် လွတ်ရုံသောက်သာ ခုန်၍ ခြေထောက်ရွှေ့နောက် ပြောင်းရမည်။

ဤသို့ဖြင့်ခြေပြောင်းခုန်နည်းကို လေ့ကျင့်ပါ။



ပုံ (၁)

မှတ်ချက်။ ။ဤလေ့ကျင့်ခန်းကို လေ့ကျင့်ခြင်းဖြင့် ခြေထောက်များသန်မာ၍ ခြေကွက်ရွေ့ပြောင်း လှုပ်ရှားရာ၌လျင်မြန်မှုရစေရန် များစွာ အထောက်အကူ ပြုသည်။ ယှဉ်ပြိုင်တိုက်ခိုက်ရာ၌ တဘက်ရန်သူအား မည်သည့်ခြေဖြင့်ကန်မည်ကို မခန့်မှန်းနိုင်အောင် ပရိယာယ် ဆင်ခြင်းလည်းဖြစ်ပေသည်။

ခြေထပ်၍ခုန်တက်၊ခုန်ဆုတ်နည်း

ဗယ်ခြသေ့ထိုင်ရပ်နေရာမှ အမှတ်စဉ်(၁) ရှေ့ခုန်တက်ဟုရေတွက်လိုက်သည်နှင့် တပြိုင်နက် ဗယ်ခြသေ့ထိုင် ရပ်နေရာမှ ဆန့်တန်းထားသော အနောက်ဘက်ရှိ ညာခြေဖနောင့်အား ကန့်လန့်ဖြတ်အနေအထားအတိုင်းပင် ရှေ့ဗယ်ခြေဖနောင့်နားသို့ လှမ်း၍ ကပ်လိုက်သည်။ ပုံ(၁) ခြေကွက် ပုံစံ(၁)ကို ကြည့်ပါ။ ညာဖနောင့်ကပ်လိုက်သည်နှင့်တပြိုင်နက် ဗယ်ခြေဖဝါးသည် ရှေ့တည့်တည့်သို့ တလှမ်းခုန်၍ တက်လိုက်သည်။ ပုံ(၂) ခြေကွက်ပုံစံ(၂)ကို ကြည့်ပါ။ ဗယ်ခြသေ့ထိုင်ပင်ဖြစ်သည်။

ဤခြေထပ် ခုန်တက်နည်းကို ဥပမာပြရလျှင် ကာတင်တောက်ရာ၌ (လက်တောက်ဗယ်) လက်ဖြင့်တောက်လိုက်သော ဗယ်ပြားသည် ရှေ့အပြားအား အရှိန်နှင့် ရိုက်လိုက်သည်နှင့် တပြိုင်နက် နောက်အပြားသည် ရပ်တန့်သွားပြီး ရှေ့အပြားသည် နောက်မှရိုက်လိုက်သောအရှိန်ဖြင့် ရှေ့သို့လွှင့်ထွက်သွားသည်။ ၎င်းဥပမာအတိုင်းပင် ဤခြေထပ်ခုန်တက်နည်း၌လည်း နောက်မှတက်လာသော ခြေဖဝါးအရှိန်ဖြင့် ရှေ့ခြေထောက်သည် ရှေ့သို့လှမ်းတက်လိုက်ခြင်းပင်ဖြစ်သည်။

ရှေ့သို့ခြေထပ်ခုန်တက်ပြီးနောက်ခြေထပ်၍နောက်ပြန်ဆုတ်ရပေမည်။

ခြေထပ်နောက်ပြန်ဆုဘ်ဟု အမှတ်စဉ် (၂) ရေတွက်လိုက်သည်နှင့် ပုံ(၂) ခြေကွက်ပုံစံ(၂)အတိုင်း ရပ်နေရာမှ ရှေ့ဗယ်ခြေဖနောင့်အား နောက်ဘက်ရှိ ညာခြေဖနောင့်နားသို့ နောက်ပြန် ဆုတ်၍ ကပ်လိုက်သည်။ ပုံ(၁) ခြေကွက်ပုံစံ(၁)အတိုင်း ပြန်ဖြစ်သည်။ တပြိုင်တည်း ညာခြေဖဝါးအား နောက်သို့ခုန်ဆုတ်လိုက်သည်။ မူလ ဗယ်ခြသေ့ထိုင်ရပ်နည်းအတိုင်း ပြန်ဖြစ်သည်။ ရှေ့နောက်ခြေထပ်၍ ခုန်တက် ခုန်ဆုတ်နည်းကို မြေပြောင်း၍လည်းကျင့်ပါ။

မှတ်ချက်။ ။ဤလှုပ်ရှားမှု နည်း စနစ်သည် လျှပ်တပြက်အတွင်း ရန်သူအား ရှေ့သို့ခုန်၍တိုက်ခြင်းနှင့် တဘက်မှ တိုက်ခိုက်လာခြင်းအား ရုတ်တရက် နောက်သို့ ခုန်ဆုတ်၍ ရှောင်ခြင်းဖြစ်သည်။ ပုံ(၃)ကိုကြည့်ပါ။ တိုက်ခိုက်ရာတွင်လည်းကောင်း၊ ရှောင်တိမ်းရာတွင် လည်းကောင်း လျင်မြန်သော လှုပ်ရှားမှုကို ဖြစ်စေသည့်အပြင် ခြေထောက်များ သန်မာ တောင့်တင်း ကြံ့ခိုင်စေနိုင်သော လေ့ကျင့်ခန်းလည်း ဖြစ်ပေသည်။

ပုံ (၁)



ပုံ (၂)



ပုံ (၃)

တဝက်ခုန်နည်း

ခြေကွက်ပုံစံ(၁)အတိုင်း ဗယ်ခြေသော့်ထိုင်ရပ်နေရာမှ ဤလေ့ကျင့်ခန်းစ၍ လှုပ်ရှားရန် အမှတ်စဉ်(၁)ဟု ရေတွက်လိုက်သည်နှင့်ညာခြေအား မူလရပ်နေသည့်နေရာမှညာဘက်သို့ ၉၀ဒီဂရီမျဉ်းမတ်တည့်တည့်ကျသည့် နေရာသို့ လှမ်း၍ခုန်လိုက်သည်။ ညာခြေ ခုန်ခြင်းနှင့် မရှေးမနှောင်းပင် ဗယ်ခြေကိုလည်း ညာဘက်သို့ လှမ်း၍ ခုန်လိုက်သည်။ ခြေကွက်ပုံစံ(၂)အတိုင်းဖြစ်သည်။ ညာခြေသော့်ထိုင် ဖြစ်သွားသည်။

သတိပြုရန်မှာ ခြေနှစ်ချောင်းစလုံး တပြိုင်တည်း မခုန်ရချေ။ ညာဘက်သို့ ခုန်ပြီးသည့်နောက် ညာခြေဖဝါးသည် ခြေကွက် ပုံစံ(၁) အတိုင်း ရပ်ခဲ့သည့် မျဉ်းမတ်နှင့် တည့်တည့်တတောင့်ထွာ ကွာဝေးရမည်။

အမှတ်စဉ်(၂)ဟု ရေတွက်လိုက်သည်နှင့် မူလ ခြေကွက်ပုံစံ(၁) အတိုင်း ပြန်ရောက်အောင် ဗယ်ခြေကို ဗယ်ဘက်သို့ လှမ်းခုန်လိုက်သည်။ မရှေးမနှောင်းပင် ညာခြေကိုပါလိုက်၍ ခုန်လိုက်သည်။ ခြေကွက်ပုံစံ(၁)အတိုင်း ပြန်ဖြစ်သွားသည်။ ဤခုန်နည်းကို ဗယ်ညာခြေပြောင်း၍လည်း ကျင့်ပါ။

မှတ်ချက်။ ။ဤခုန်နည်းသည် မိမိ၏ရှေ့တည့်တည့်မှလည်းကောင်း၊ နောက်မှလည်းကောင်း၊ ဘေးဘက်မှ လည်းကောင်း ဝင်ရောက်တိုက်ခိုက်ခြင်းကို ရှောင်တိမ်းခြင်းဖြစ်သည်။ ဤလေ့ကျင့်ခန်းကို လေ့ကျင့်ခြင်းဖြင့် ခြေထောက်များ လျင်မြန် ပေါ့ပါး ကြံ့ခိုင်မှုကို ဖြစ်စေသည့်ပြင် ရှေ့နောက်ဝဲယာတို့မှ ဝင်ရောက်တိုက်ခိုက်လာသော ရန်သူ၏ တိုက်ခိုက်ချက်ကို စနစ်တကျ ရှောင်တိမ်းတတ်မည် ဖြစ်သည်။ ပုံ(၃)ကို ကြည့်ပါ။





မုံ (၃)

ဤစာမျက်နှာရှိ ခြေကွက်ပုံစံ(၁)နှင့် ခြေကွက်ပုံစံ(၂) တို့မှာ
မုံမှားယွင်းနေပါသဖြင့်တာဘက်စာမျက်နှာ၌ အမှန်ဖော်ပြထားပါသည်။

ခြေကွက်ပုံစံ (၀)



ခြေကွက်ပုံစံ (၂)



ပုံ (၃)

ဘို့ဒင်မှန်၊ ချိုရာမကင်း
တမတ်နှင့်တကျပ်ရင်း



အခန်း (၅)

လက်သိုင်းပညာရပ်များနှင့်သိုင်းကွက်များ

သိုင်းပြောင်းပြန် လက်သိုင်း လှုပ်ရှားနည်းပေါင်း များစွာရှိသည့် အနက် ဤအခန်း၌ ဖော်ပြမည့် လက်သိုင်း ပညာရပ်များမှာ အခြေခံ လက်သိုင်းများသာဖြစ်သည်။ သိုင်းပြောင်းပြန်၏ အခြေခံကစားကွက်မှာ နှစ်ကွက်ဖြစ်သည်။ ဤအခန်း၌ နှစ်ကွက်၊ သုံးကွက်၊ ငါးကွက်များ ပါဝင်သည်။

နှစ်ကွက်ပုံစံ

နှစ်ကွက်ဆိုသည်မှာ လူတယောက်ခြေနှစ်ချောင်းပေါ်ရပ်၍ခြေလက် လှုပ်ရှား သိုင်းကစားသော အကွက်ပင်ဖြစ်သည်။ အကွက်နှစ်ကွက်သည် သိုင်းကစားသူ၏ တထောင့်ထွာ ကွာဝေးသည်။ ပုံ(က)ကို ကြည့်ပါ။

နှစ်ကွက် အနေအထားဖြင့် ခြေလက် လှုပ်ရှား သိုင်းကစားသော ပညာရပ်မျိုးကို ဤစာအုပ် ရေးချိန်အထိ သိုင်းပြောင်းပြန် ပညာ၌သာ လေ့လာတွေ့ရှိ သင်ကြားဘူးသေးပါသည်။

ပယ်၊ ခုတ်၊ နှစ်ကွက်လှုပ်သိုင်း လှုပ်ရှားမှု ပုံစံ

လှုပ်ရှားမှုအမှတ်စဉ်(၁) ပုံ(ဂ)ခြေကွက်ပုံစံ(၁) အသင့်ပြင် အနေအထားအတိုင်းရပ်သည်။ ၎င်းမှနေ၍ လှုပ်ရှားမှုအမှတ်စဉ်(၂)ဗယ်လက်ကို ထောင်လိုက်သည်။ ပုံ (၂)အတိုင်း ဖြစ်သည်။ ခြေကွက်ပုံစံမပြောင်းပါ။ ဗယ်လက်ထောင် ဆိုသည်မှာ ဗယ်ခါးစောင်းခြင် ကင်းလက်သီး အဖြစ် ကပ်ထားသော ဗယ်လက်သီးအား နဖူးနှင့် တထွာအကွာသို့ ရောက်အောင် ကွေး၍ ထောက်လိုက်ခြင်း ဖြစ်သည်။ လက်မောင်းနှင့် လက်ဖျံသည် ၉၀ ဒီဂရီခန့် ကွေးထား၍ တံတောင်ဆစ်သည် ပခုံးနှင့် တညီတည်းဖြစ်သည်။

တစောင့်ထွာ ပုံ (က)

အသင့်ပြင်ရှိနေသည် ခြေကွက်ပုံစံ (၁)

ပုံ (၁) မယ်လှက်ထောင်သည်

ခြေကွက်ပုံစံ မပြောင်း

ဗယ်လက်ထောင်ပြီးနောက် အမှတ်စဉ်(၃) ဗယ်လက်ကို ညာဘက်သို့ ညာဒူးညွှတ်၍ ခုတ်လိုက်သည်။ ပုံ(၂) ခြေကွက်ပုံစံ (၂) အတိုင်းဖြစ်သည်။ ပုံ(၂)အတိုင်း ဗယ်လက်ထောင်ထားရာမှ ဗယ်လက်ဖျံ အပြင်ရိုးအားညာဘက်သို့ညွှတ်ခုတ်လိုက်ခြင်းဖြစ်သည်။ ညာခြေသေ့ထိုင်ရပ်နည်းသို့ ပြောင်းသွားသည်။ ဗယ်လက်ခုတ်ခြင်းနှင့် ခြေဖဝါးနှစ်ခုအား ညာဘက်သို့ ညာခြေသေ့ထိုင်ဖြစ်အောင် ကြိတ်လှည့်ခြင်းသည် တပြိုင်တည်းဖြစ်သည်။ဗယ်လက်ခုတ်ပြီးချိန်၌ဗယ်လက်သီးသည် နဖူးနှင့်တထွာ ကွာဝေးသည်။ ညာပခုံးနှင့် ဗယ်တံတောင်ဆစ်သည် တတန်းတည်း တည့်တည့်ဖြစ်သည်။

ပုံ(၂)အတိုင်း ဗယ်လက်ခုတ်ပြီးနောက် အမှတ်စဉ်(၄)ဗယ် လက်ဖျံ အပြင်ရိုးဖြင့် ဗယ်ဘက်သို့ 'ပယ်'လိုက်သည်။ ပုံ(၃) ခြေကွက်ပုံစံ (၃) အတိုင်းဖြစ်သည်။

'ပယ်'သည်ဆိုခြင်းမှာမျက်နှာ၊ခေါင်းစသည်တို့ကိုတိုက်ခိုက်လာသော လက်အား မိမိလက်ဖျံ အပြင်ပိုင်းနှင့်နှာရီလက်တံသွားရာ လမ်းကြောင်းအတိုင်း ရိုက်ထုတ်ခြင်းဖြစ်သည်။ လက်ဖျံ အပြင်ပိုင်းသည် သဘာဝအားဖြင့် မာ၍ ခံနိုင်ရည်ရှိပြီး လှည့်၍ရိုက်ထုတ်ခြင်းဖြင့် ပို၍ရိုက်အားပြင်းထန်သည်။ အထူးသတိပြုရန်မှာ 'ပယ်'ရာ၌ လက်ဖျံ အတွင်းပိုင်း၊ အပေါ်ပိုင်းကို လုံးဝအသုံးမပြုရချေ၊ လက်ဖျံ အပြင်ပိုင်း ဆိုသည်မှာ လက်သန်းရှိသည့်ဘက်ဖြစ်၍ လက်ဖျံ အတွင်းပိုင်းဆိုသည်မှာ လက်မရှိသည့်ဘက်ဖြစ်သည်။



ပုံ(၂)ခြေကွက်ပုံစံ (၂) နှင့် ပုံ (၆) ခြေကွက်ပုံစံ (၄)

ပုံ (၂)ဗယ်လက်ညာဘက်သို့ ညွှတ်၍ခုတ်သည်

ပုံ (၃)ဗယ်လက်ပယ်သည်

ခြေကွက်ပုံစံ(၃)

ဗယ်လက်'ပယ်'ရာ၌ ဗယ်လက်ဖျံ အပြင်ပိုင်း လှည့်အား သက်သက်ဖြင့် မဟုတ်ပဲ ခါး၊ ခြေထောက် လှည့်အားများပါ 'ပယ်'ရာ၌ စုပေါင်းလှုပ်ရှား၍လှည့်ပြီး ရိုက်ထုတ်ခြင်းဖြစ်သည်။ ဗယ်လက် 'ပယ်'လိုက်ခြင်းနှင့် ခြေဖဝါးနှစ်ခုကို ဗယ်ဘက်သို့ ကြိတ်လှည့်လိုက်ခြင်းသည် တပြိုင်ကည်းဖြစ်၍ ညာခြေသော့ထိုင်မှ ဗယ်ခြေသော့ထိုင်သို့ ပြောင်းသွားသည်။ ပုံ(၃) ခြေကွက်ပုံစံ (၃)ကို ပုံ (၂) ခြေကွက် ပုံစံ (၂) နှင့်ယှဉ်၍ ကြည့်ပါ။

ဗယ်လက်'ပယ်'ပြီးချိန်၌ ဗယ်လက်ဖနောင့်သည် မျက်နှာမူရာဘက်သို့ လှည့်ထားပြီး ခေါင်းနှင့်တထွာကွာဝေးသည်။

ဗယ်လက်ပယ်ပြီးနောက် အမှတ်စဉ်(၅) ညာလက်ဖျံ အပြင်ပိုင်းနှင့် ဆက်၍ ခုတ်ရသည်။ ပုံ (၄) အတိုင်း ဖြစ်သည်။ ခြေကွက် ပုံစံ မပြောင်းပါ။



ပုံ (၄) ညာလက်ခုတ်သည်

ခြေကွက်ပုံစံ မပြောင်း
ခြေကွက်ပုံစံ (၃)အတိုင်းဖြစ်သည်

ပုံ (၅) ညာလက်ပယ်သည်

ခြေကွက်ပုံစံ (၄)

ပုံ(၄) အတိုင်း ဗယ်လက်ပယ်ပြီးနောက် ညာခါးစောင်းခွံ ကပ်ထားသော ညာကင်း လက်သီးအား ခါးစောင်းမှခွာ၍ ဗယ်ဘက်သို့ မျက်နှာရှေ့ တထွာအကွာမှ ဖြတ်ခုတ်လိုက်ခြင်း ဖြစ်သည်။ ညာလက် ခုတ်ပြီးချိန်နှင့် 'ပယ်'ထားသည့် ဗယ်လက်၊ ဗယ်ခါးစောင်းခွံ ကင်းလက်သီးအဖြစ် ပြန်ကပ်လိုက်ခြင်းသည် တပြိုင်တည်း ဖြစ်သည်။ ညာလက် 'ခုတ်'ပြီးချိန်ခွံညာလက်သီးသည်ခေါင်းမှတထွာကွာဝေး၍ညာတံတောင်ဆစ်သည် ဗယ်ပခုံးနှင့် တတန်းတည်း တည့်တည့်ဖြစ်သည်။

ဤတွင် ဗယ်လက်'ပယ်'ခြင်း၊ညာလက်ခုတ်ခြင်းပြီးဆုံးသည်။ တနည်းအားဖြင့် ပယ်၊ ခုတ်၊ နှစ်ကွက်လက်သိုင်း လှုပ်ရှားမှု ဗယ်ဘက်တခြမ်းပြီးဆုံးသည်။ညာဘက်တခြမ်း ဆက်၍ လှုပ်ရှားရမည်။

ပုံ(၄) ခြေကွက်ပုံစံ(၃) အတိုင်း ညာလက် ခုတ်ပြီးသည့်နောက် အမှတ်စဉ်(၆) ညာလက်ဖြင့် 'ပယ်'ရသည်။ ပုံ(၅) ခြေကွက်ပုံစံ(၄) အတိုင်းဖြစ်သည်။ ပုံ (၄) ခြေကွက်ပုံစံ(၃)အတိုင်း ညာလက်'ခုတ်' ထားရာမှ ညာလက်ဖျံ အပြင်ပိုင်းအား မျက်နှာရှေ့ တထွာ အကွာမှ ညာဘက်သို့ နာရီလက်တံ သွားရာလမ်းကြောင်းနှင့် ဆန့်ကျင်ဘက်လမ်းကြောင်း ညာဘက်သို့ ရိုက်ထုတ်လိုက်ခြင်း ဖြစ်သည်။ ဗယ်လက်'ပယ်'နည်းအတိုင်းပင်ဖြစ်သည်။ ညာလက်'ပယ်'ချိန်နှင့် ခြေဖဝါး နှစ်ခုအား ညာဘက်သို့ တပြိုင်တည်း ကြိတ်လှည့်လိုက်ခြင်းဖြင့် ညာခြေသွေ့ထိုင်ဖြစ်သွားသည်။

ညာလက်ပယ်ပြီးနောက် အမှတ်စဉ်(၇) ဗယ်လက်နှင့်ဆက်၍ခုတ်ရသည်။ ဤပုံ (၆)သည် စာမျက်နှာ ၉၂၊ လှုပ်ရှားမှုအမှတ်စဉ် ၃ မှ ပုံ(၂)အတိုင်းဖြစ်သည်။ပြန်၍ကြည့်ပါ။ ပုံ(၅)အတိုင်း ညာလက်ပယ်ပြီးသည့်နောက် ဗယ်ခါးစောင်းခွံ ကင်းလက်သီးအဖြစ်ကပ်ထားသော ဗယ်လက်သီးအားခါးစောင်းမှခွာ၍ ဗယ်လက်ဖျံ အပြင်ပိုင်းအားညာဘက်သို့ မျက်နှာရှေ့ တထွာအကွာမှ ဖြတ်ခုတ်လိုက်ခြင်းဖြစ်သည်။ဗယ်လက်'ခုတ်'ပြီးချိန်နှင့် 'ပယ်'ထားသောညာလက်ကို ခါးစောင်းသို့ကင်းလက်သီးအဖြစ်ကပ်လိုက်ခြင်းသည်တပြိုင်တည်းဖြစ်သည်။ဗယ်လက်ခုတ်ပြီးချိန်ခွံဗယ်လက်သီးသည် ခေါင်းနှင့် တထွာကွာ၍ ဗယ်တံထောင်ဆစ်သည် ညာပခုံးနှင့် တတန်းတည်း တည့်တည့်ရှိသည်။ဤတွင် ပယ်၊ခုတ် နှစ်ကွက်လက်သိုင်း အပြည့်ပြီးဆုံးသည်။

မှတ်ချက်။ ။ပယ်၊ ခုတ်၊ နှစ်ကွက်လက်သိုင်းကို လေ့ကျင့်ရာ၌လွယ်ကူစေရန်အတွက်ပယ်၊ ခုတ်နှစ်ကွက်လက်သိုင်းလှုပ်ရှားမှုဝေါဟာရများကို အောက်၌ အကျဉ်းချုပ်ဖော်ပြလိုက်ပါသည်။

ပယ်၊ ခုတ်၊ ၂ ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံအကျဉ်းချုပ်

လှုပ်ရှားမှုအမှတ်စဉ်(၁) ပုံ(၈) အသင့်ပြင်ရပ်နည်းအတိုင်းရပ်သည်။ ခြေကွက်ပုံစံ(၁)၊အမှတ်စဉ်(၂)ဗယ်လက်ထောင်သည်။ ပုံ(၁)ခြေကွက်ပုံစံ(၁)အတိုင်းဖြစ်သည်။အမှတ်စဉ်(၃)ဗယ်လက်ဖျဉ်အပြင်ပိုင်းနှင့် ညာဘက်သို့ ညာဒူးညွှတ်၍ ခုတ်သည်။ ပုံ(၂)ခြေကွက်ပုံစံ (၂)ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသည်။ အမှတ်စဉ်(၄) ဗယ်လက်ပယ်သည်။ ပုံ(၃)ခြေကွက်ပုံစံ(၃) ညာခြေသွေ့ထိုင်ဖြစ်သွားသည်။ အမှတ်စဉ်(၅) ညာလက်ဆက်၍ခုတ်သည်။ ပုံ(၄)ခြေကွက်ပုံစံမပြောင်းပါ။ ခြေကွက်ပုံစံ(၃) အတိုင်းပင်ဖြစ်သည်။ အမှတ်စဉ်(၆)ညာလက်ပယ်သည်။ ပုံ(၅)ခြေကွက်ပုံစံ(၄)ညာခြေသွေ့ထိုင်ဖြစ်သွားသည်။ အမှတ်စဉ်(၇)ဗယ်လက်ဆက်၍ခုတ်သည်။ ပုံ(၆)ခြေကွက်ပုံစံ မပြောင်းပါ။ ခြေကွက်ပုံစံ(၄) အတိုင်းဖြစ်သည်။

မှတ်ချက်။ ။အထက်ဖော်ပြပါ ပယ်၊ ခုတ်၊ ၂ ကွက် လက်သိုင်းလှုပ်ရှားမှုပုံစံအကျဉ်းချုပ်ကို ပယ် ခုတ် ၂ ကွက် လက်သိုင်းလှုပ်ရှားမှုပုံများ၊ ခြေကွက်များနှင့်ယှဉ်တွဲ၍လေ့လာပါ။ 'ပယ်'ပြီးသည့်နောက် 'ခုတ်'ခြင်းကို မနားပဲ ဆက်၍ မြန်မြန်လိုက်၍ ခုတ်နိုင်ရန်ကြိုးစားကျင့်ပါ။

ပယ်၊ ခုတ်၊ (၂) ကွက်လက်သိုင်းလှုပ်ရှားမှုနှင့် တလုံးထိုးဖြောင့်လက်သီး အမြင့်ထိုးခြင်းကို ၂ယောက်တွဲ၍ လေ့ကျင့်နည်း

လှုပ်ရှားမှုအမှတ်စဉ်(၁)ပုံ(၁)ခြေကွက်ပုံစံ(၁)အတိုင်းလက်တလှမ်း ကွာ(၂)ယောက်မျက်နှာချင်းဆိုင်ရပ်သည်။ပယ်၊ခုတ် လက်သိုင်းလှုပ်ရှားမည့်သူကဗယ်လက်ညာဘက်သို့ညွှတ်ခုတ်၍ ဗယ်ခြေသွေ့ထိုင်ရပ်ထားသည်။ ကျန်တဦးက လက်သီးထိုးရန် အသင့်ပြင်ရပ်နည်းအတိုင်း ရပ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂)ညာဖြောင့်လက်သီးအမြင့်ထိုးလိုက်ခြင်းအား ဗယ်လက်ဖျံဖြင့် 'ပယ်'လိုက်သည်။ ပုံ(၂)ခြေကွက်ပုံစံ(၂)အတိုင်း ဖြစ်သည်။ သတိပြုရန်မှာ ထိုးသူ၏ ခြေထောက်များသည် ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသကဲ့သို့ 'ပယ်'လိုက်သူ၏ ခြေထောက်များသည်လည်း ညာခြေသွေ့ထိုင်မှ ဗယ်ခြေသွေ့ထိုင်သို့ ပြောင်းသွားသည်။

လှုပ်ရှားမှုအမှတ်စဉ်(၃) ဗယ်လက်နှင့်ပယ်ပြီးနောက် ညာလက်ဖြင့် ဆက်၍ခုတ်လိုက်သည်။ ပုံ(၃)အတိုင်းဖြစ်သည်။ ဗယ်လက် 'ပယ်'ပြီးနောက် မနှံးပဲ ညာလက်ဖျံဖြင့် ထိုးလာသူ၏လက်ကို ဆက်၍ ခုတ်ခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၄)ဗယ်ဖြောင့်လက်သီးအမြင့်ထိုးလိုက် ခြင်းအား ညာလက်ဖြင့်ပယ်လိုက်သည်။ ပုံ(၄)ခြေကွက်ပုံစံ(၃)အတိုင်း ဖြစ်သည်။ သတိပြုရန်မှာ ထိုးသူ၏ခြေထောက်များသည် ဗယ်ခြေသွေ့ထိုင်မှ ညာခြေသွေ့ထိုင်သို့ ပြောင်းသွား၍ ပယ်လိုက်သူ၏ ခြေထောက်များသည်လည်း ဗယ်ခြေသွေ့ထိုင်မှ ညာခြေသွေ့ထိုင်သို့ ပြောင်းသွားသည်။

လှုပ်ရှားမှုအမှတ်စဉ် (၅)ဗယ်လက်ဖြင့်ဆက်၍ ခုတ်လိုက်သည်။ ပုံ(၅) ခြေကွက်ပုံစံမပြောင်းပါ။ ပုံ(၄)အတိုင်း ညာလက် ပယ်ပြီးနောက် မနှံးပဲ ဗယ်လက်ဖျံဖြင့်ဆက်၍ ခုတ်ခြင်းဖြစ်သည်။

မှတ်ချက်။ ။ကျင့်နည်းအတိုင်း တဦးကထိုး၍ ကျန်တဦးက ၂ ကွက် အနေအထားဖြင့်ပယ်ခြင်း၊ ခုတ်ခြင်းများကို ဆက်၍ ကျင့်နိုင်သည်။ တလှည့်စီပြောင်း၍လည်း ကျင့်နိုင်သည်။



ပုံ(၁)ခြေကွက်ပုံစံ(၁)



ပုံ (၂) ခြေကွက်ပုံစံ(၂)



ပုံ (၄)



ပုံ (၅)

ခြေကွက်ပုံစံ (၄)



ပုံ (၅)

ခြေကွက်ပုံစံ (၄)

ပယ်၊ ခုတ် (၂)ကွက်လက်သိုင်းလှုပ်ရှားမှုနှင့် ခုခံတိုက်ခိုက်ခြင်းနည်းစနစ်

အမှတ်စဉ်(၁) ပုံ(၁) ခြေကွက်ပုံစံ(၁)အတိုင်း လက်တလှမ်းကွာ နှစ်ယောက်မျက်နှာချင်းဆိုင်ရပ်သည်။ နှစ်ယောက်စလုံးသည် အသင့်ပြင်အနေအထားအတိုင်းရပ်နေသည်။



ပုံ (၁)ခြေကွက်ပုံစံ (၁)

အမှတ်စဉ်(၂) ညာဖြောင့်လက်သီး အမြင့်ထိုးလာခြင်းအား (မျက်နှာ) ဗယ်လက်ဖျံဖြင့် ပယ်လိုက်သည်။ ပုံ(၂) ခြေကွက်ပုံစံ(၂) အတိုင်းဖြစ်သည်။ 'ပယ်'ရာ၌ ဗယ်လက်ဖျံအပြင်ပိုင်းနှင့် ရိုက်ထုတ်၍ 'ပယ်'ရပြီး လက်အား၊ပခုံးအား၊ခါးအား၊ခြေထောက်လှည့် အားများကို စုပေါင်းလှုပ်ရှား၍ ရိုက်ထုတ်ခြင်းဖြစ်သည်။

အမှတ်စဉ်(၃) ဗယ်လက်နှင့်'ပယ်'ပြီးနောက် ညာလက်ဖြင့်ရန်သူ၏ လက်မောင်းရင်းကိုလည်းကောင်း၊ နားထင်၊ နားအုံ၊ ဇက်ပိုး၊ လည်ပင်းစသည့်နေရာများကို ခုတ်နိုင်သည်။ ခုတ်ရာ၌ ညာလက်ဖျံအပြင်ပိုင်းနှင့် သော်လည်းကောင်း၊ လက်ဝါးစောင်းနှင့်သော်လည်းကောင်း၊ ထုလက်သီးနှင့်သော်လည်းကောင်း ခုတ်နိုင် ထုနိုင်သည်။ ရန်သူနှင့်နီးလျှင် ရန်သူ၏ဇက်ပိုး၊ နားထင်၊ နားအုံ စသည်တို့ကိုခုတ်၍ ရန်သူနှင့်ဝေးလျှင် ရန်သူ၏ လက်မောင်းရင်း ကြွက်သားစိုင်ကို ခုတ်နိုင်သည်။ ပုံ(၃)နှင့် ပုံ(၄) တို့ကိုကြည့်ပါ။

ဤတိုက်ခိုက်ခြင်းနည်းစနစ်အတွက် ဆောင်ပုဒ်မှာ 'နီးလျှင်ဇက်၊ ဝေးလျှင်လက်'ဖြစ်သည်။



ပုံ (၂) ခြေကွက်ပုံစံ(၂)



ပုံ (၃)



ပုံ (၄)

ပယ်၊ ခုတ်၊ မ၊ ခဲ့ (၂)ကွက် လက်သိုင်း လှုပ်ရှားမှုပုံစံ

အမှတ်စဉ်(၁) ပုံ(၈)အသင့်ပြင်ရပ်နည်းအတိုင်း ရပ်သည်။ ခြေကွက်ပုံစံ(၁)။

အမှတ်စဉ်(၂) ဗယ်လက်ကိုထောင်လိုက်သည်။ ပုံ(၁) ခြေကွက်ပုံစံ(၁)အတိုင်းပင်ဖြစ်သည်။ ခြေကွက်ပုံစံပြောင်းလဲခြင်းမရှိပါ။

အမှတ်စဉ်(၃) ဗယ်လက်ကို ညာဘက်သို့ ညာဘူးညွှတ်၍ခုတ်လိုက်သည်။ ပုံ(၂) ခြေကွက်ပုံစံ(၂) အတိုင်းဖြစ်၍ ညာခြေသေ့ထိုင်ဖြစ်သွားသည်။

အမှတ်စဉ်(၄) ဗယ်လက်နှင့်ပယ်လိုက်သည်။ ပုံ(၃) ခြေကွက်ပုံစံ(၃)အတိုင်းဖြစ်သည်။ ညာခြေသေ့ထိုင်မှ ဗယ်ခြေသေ့ထိုင်သို့ ပြောင်းသွားသည်။

အမှတ်စဉ်(၅) ညာလက်ဖြင့်ဆက်၍ 'ခုတ်' လိုက်သည်။ ပုံ(၄) ခြေကွက်ပုံစံမပြောင်းပါ။ ခြေကွက်ပုံစံ(၃)အတိုင်းပင်ဖြစ်သည်။

မှတ်ချက်။ ။ဤအနေအထားအထိ လှုပ်ရှားမှုများသည် အထက်၌ဖော်ပြပြီးခဲ့သော ပယ်၊ ခုတ် (၂)ကွက် လက်သိုင်းလှုပ်ရှားမှုပုံစံအတိုင်းပင်ဖြစ်သည်။ မကျေညက်လျှင် ရှင်းလင်းချက်များကို ပြန်၍ကြည့်ပါ။ ပြောင်းလဲ၍ လှုပ်ရှားပါတော့မည်။

အမှတ်စဉ်(၆) ညာခြေကို၊'မ'လိုက်သည်။ ပုံ(၅) ခြေကွက်ပုံစံ(၄)အတိုင်းဖြစ်သည်။ ညာခြေ'မ'သည် ဆိုခြင်းမှာ ပုံ(၄) အတိုင်း ညာလက်ခုတ်ထားရာမှ ခုတ်ထားသောညာလက်အား အောက်သို့ဆန့်တန်း၍ ရိုက်ချလိုက်ပြီး တပြိုင်တည်း ဗယ်ခါးစောင်းမှ ကင်းလက်သီးအား ဗယ်ဘက်သို့ ခေါင်းနှင့်တထွာအကွာရောက်အောင် မြောက်လိုက်သည်။ အကွက်(၁)မှ ညာခြေကိုလည်း တပြိုင်တည်းပင် 'မ'လိုက်သည်။ သို့မဟုတ် မြောက်လိုက်သည်။ ဤလှုပ်ရှားမှု (၃)ခုကို တပြိုင်တည်း စုပေါင်း၍ လှုပ်ရှားခြင်းအား ညာခြေ'မ'သည်ဟု ခြုံ၍ ခေါ်လိုက်ခြင်းဖြစ်သည်။ ဗယ်ခြေသည် တချောင်းထောက် အနေအထားဖြင့် အကွက်(၂)၌ ဆန့်တန်း၍ ရပ်ထားပြီး ခြေဖဝါးသည် ကန့်လန့်ဖြတ် အနေအထားရှိသည်။ ခြေဖျားသည် ဗယ်ဘက်သို့ တည့်တည့် လှည့်ထားသည်။ ဗယ်လက်သည် လက်သီးဆုပ် အနေ အထားဖြင့် ဗယ်ဘက်၌ထောင်ထား၍ ခေါင်းနှင့် တထွာအကွာ၌ရှိသည်။ ဗယ်တံတောင်ဆစ်သည် ၉၀ ဒီဂရီခန့်ကွေးထားပြီး လက်ဖနောင့်သည် ဦးခေါင်းဘက်သို့ လှည့်ထားသည်။

ပုံ (၁)မယ်လက်ထောင်သည်
ခြေကွက်ပုံစံ(၁)

ပုံ (၁)အသင့်ပြင်ရပ်သည်
ခြေကွက်ပုံစံ (၁)



ပုံ (၂) မယ်လက်ပယ်သည်
ခြေကွက်ပုံစံ(၂)



ပုံ(၂) မယ်လက်ညွှတ်၍ခုတ်သည်
ခြေကွက်ပုံစံ (၂)



ပုံ (၃) ညာခြေမ,သည်
ခြေကွက်ပုံစံ (၃)



ပုံ (၃) ညာလက်ခုတ်သည်
ခြေကွက်ပုံစံ မပြောင်းပါ

'မ'ထားသော ညာခြေဖနောင့်သည်ဗယ်ဒူးခေါင်းနှင့်တထွာအကွာ၌ မျဉ်းတပြေးတည်းရှိ၍ ညာဘက်ပေါင်သည် ရေချိန်ကိုက် တပြေးညီ ဖြောင့်တန်းနေသည်။ (ရေညီမျဉ်းအတိုင်းဖြစ်သည်။)

ညာလက်သည် လက်သီးဆုပ်လျက် အနေအထားဖြင့် ညာဘက်၌ မှောက်လျက် အောက်ဘက်သို့ ဆန့်တန်းထားသည်။ လက်သီးသည် တင်ပါးမှ တထွာအကွာ၌ရှိသည်။

မှတ်ချက်။ ။ညာခြေမ,ခြင်း၏ အဓိပ္ပာယ်မှာ ခန္ဓာကိုယ် တခုလုံးအား တိုက်ခိုက်လာခြင်းကို ခြေထောက်ရုပ်၍ 'မ'၍ ရှောင်တိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် ပြန်လည် တိုက်ခိုက်ရန် အသင့်ပြင်ခြင်းတို့ ဖြစ်သည်။

ပုံ (၅) ခြေကွက်ပုံစံ (၄) အတိုင်း ညာခြေ'မ'ပြီးသည့်နောက်.... အမှတ်စဉ်(၇) ညာခြေကို ခွဲ'လိုက်သည်။ ပုံ (၆) ခြေကွက်ပုံစံ(၅) အတိုင်းဖြစ်သည်။ သတိပြုရန်မှာ ဤပုံ (၆) ခြေကွက် ပုံစံ(၅)သည် စာမျက်နှာ(၁၀၃)မှ ပုံ(၄)ခြေကွက်ပုံစံ(၃)နှင့် အတူတူပင်ဖြစ်သည်။ ညာခြေ'ခွဲ'သည်ဆိုခြင်းမှာ ပုံ (၆)အတိုင်း ညာခြေအား'မ'ထားရာမှ မူလအကွက်(၁)သို့ပြန်၍'ခွဲ'ချလိုက်ခြင်းဖြစ်သည်။

အကွက်(၁)သို့ ညာခြေ'ခွဲ'ချခြင်းနှင့်အတူ အောက်သို့ ဆန့်တန်းထားသော ညာလက်အား မျက်နှာရှေ့ တထွာအကွာမှ ဗဟိုက်သို့ ညာလက်ဖျံ အပြင်ပိုင်းနှင့် ဖြတ်'ခုတ်'လိုက်ခြင်းသည် လည်းကောင်း၊ ထောင်ထားသော ဗဟိုလက်သီးကို ဗဟိုခါးစောင်းသို့ ကင်းလက်သီး အဖြစ် ပြန်ကပ်လိုက်ခြင်းတို့သည် တပြိုင်တည်းဖြစ်သည်။ ညာခြေ 'ခွဲ' ခြင်း၊ ညာလက်ခုတ်ခြင်း၊ ဗဟိုကင်းလက်သီး ပြန်၍ကပ်ခြင်း တို့သည် တပြိုင်တည်းဖြစ်၍ ဤလှုပ်ရှားမှု (၃)မျိုးကို စုပေါင်း၍ ညာခြေ'ခွဲ' သည်ဟု ခြုံ၍ခေါ်သည်။ ညာခြေခွဲပြီးနောက်....

အမှတ်စဉ်(၈) ညာလက်ဖြင့် 'ပယ်'လိုက်သည်။ ပုံ(၇) ခြေကွက် ပုံစံ(၆) အတိုင်းဖြစ်သည်။ ပုံ(၆) ခြေကွက်ပုံစံ(၅) အတိုင်း ညာလက် ခုတ်ထားရာမှ ညာဘက်သို့ ခြေဖဝါးနှစ်ခုအား ဖနောင့်နှစ်ခုကို ဗဟို ပြု၍ ပြိုင်တူလှည့်ပြီး ညာလက် 'ပယ်'လိုက်ခြင်း ဖြစ်သည်။ ညာခြေသည် ထိုင် ဖြစ်သွားသည်။ ညာလက်'ပယ်'ပြီးနောက်....

အမှတ်စဉ်(၉) ဗယ်လက်နှင့်ဆက်၍ 'ခုတ်'သည်။ ပုံ(၈) ခြေကွက် ပုံစံ (၆)အတိုင်းပင်ဖြစ်သည်။ ဤ ပုံ(၈) သည် စာမျက်နှာ(၁၀၃)မှ

ပုံ (၂)အတိုင်းဖြစ်သည်။ ပြန်၍ကြည့်ပါ။ ခြေကွက်ပုံစံ မပြောင်းပါ။ ညာခြေသွေ့ထိုင်အတိုင်းပင်ဖြစ်သည်။ပုံ(၇)အတိုင်းညာလက်'ပယ်'ပြီးသည့်နောက် ဗယ်ခါးစောင်း၌ ကပ်ထားသော ဗယ်လက်ဖျံ အပြင်ပိုင်းနှင့် ဆက်၍ 'ခုတ်'ခြင်းဖြစ်သည်။ ညာလက်သီးကိုလည်းခါးစောင်းသို့တပြိုင်တည်း ပြန်ကပ်လိုက်သည်။ ဗယ်လက်'ခုတ်'ပြီးနောက်....

အမှတ်စဉ်(၁၀) ဗယ်ခြေကို မ,လိုက်သည်။ ပုံ(၉) ခြေကွက် ပုံစံ (၇)အတိုင်းဖြစ်သည်။ အကွက် (၂)မှ ဗယ်ခြေအား မ,လိုက်ခြင်းဖြစ်သည်။ ဗယ်ခြေ မ,ခြင်းနှင့် အတူ ညာလက် ထောင်ခြင်း၊ ဗယ်လက် အောက်သို့ ဆန့်တန်းခြင်းများသည် တပြိုင်တည်းဖြစ်သည်။

ညာလက်သည် လက်သီးဆုပ်လျက် အနေအထားဖြင့် ညာဘက်၌ ထောင်ထား၍ ခေါင်းနှင့် တထွာအကွာ၌ရှိသည်။ ညာတံတောင်ဆစ်သည် ၉၀ ဒီဂရီခန့် ကွေးထားပြီး လက်ဖနောင့်သည် ဦးခေါင်းဘက်သို့ လှည့်ထားသည်။

မ,ထားသော ဗယ်ခြေ ဖနောင့်သည် ညာဒူးခေါင်းနှင့် တထွာအကွာ၌ မျဉ်းတပြေးတည်းရှိသည်။ ဗယ်ဘက်ပေါင်သည် ရေချိန်ကိုက် တပြေးညီ ဖြောင့်တန်းနေသည်။ (ရေညီမျဉ်းအတိုင်းဖြစ်သည်)

ဗယ်လက်သည် လက်သီးဆုပ်လျက် အနေအထားဖြင့် ဗယ်ဘက်၌ မှောက်လျက် အောက်ဘက်သို့ ဆန့်တန်းထားသည်။ ဗယ်လက်သီးသည် တင်ပါးမှ တထွာအကွာ၌ရှိသည်။

မှတ်ချက်။ ။ဗယ်ခြေ မ,ခြင်းနှင့်ညာခြေ မ,ခြင်းသည်လှုပ်ရှားမှုချင်း၊ သဘောတရားချင်း အတူတူပင် ဖြစ်သည်။ ဗယ်၊ ညာ ခြေလက်ပြောင်းခြင်းသာ ကွာခြားသည်။



ပုံ(၇) ညာလက်ပယ်သည် ခြေကွက်ပုံစံ (၆)

ပုံ (၉)ဗယ်ခြေမ,သည် ခြေကွက်ပုံစံ (၇)

ဗယ်ခြေ မ,ပြီးနောက်....
အမှတ်စဉ်(၁၁) ဗယ်ခြေကို 'ခွဲ'လိုက်သည်။ ပုံ(၁၀) ခြေကွက် ပုံစံ (၈)အတိုင်းဖြစ်သည်။ ပုံ (၁၀)သည် စာမျက်နှာ (၁၀၃)မှ ပုံ ၂ အတိုင်း ဖြစ်သည်။ ဗယ်ခြေ 'ခွဲ'သည် ဆိုခြင်းမှာ ပုံ (၉) ခြေကွက် ပုံစံ(၇)အတိုင်း ဗယ်ခြေ မ,ထားရာမှ မ, ထားသော ဗယ်ခြေ အား မူလအကွက်(၂)သို့ ပြန်၍ ခွဲချလိုက်ခြင်းဖြစ်သည်။ အကွက်(၂) သို့ ဗယ်ခြေခွဲချခြင်းနှင့်အတူ အောက်သို့ဆန့်တန်းထားသော ဗယ်လက် အား မျက်နှာရှေ့ တထွာအကွာမှ ညာဘက်သို့ လက်ဖျံ အပြင်ပိုင်း နှင့် ဖြတ်ခုတ်လိုက်ခြင်း သည်လည်းကောင်း၊ ထောင်ထားသော ညာ လက်သီးကို ညာခါးစောင်းသို့ ကင်းလက်သီးအဖြစ် ပြန်ကပ်လိုက်ခြင်း တို့သည် တပြိုင်တည်းဖြစ်သည်။ ဗယ်ခြေ'ခွဲ'ခြင်း၊ ဗယ်လက် ခုတ်ခြင်း၊ ညာကင်းလက်သီးကို ပြန်ကပ်ခြင်းတို့သည် တပြိုင်တည်းဖြစ်၍ ဤလှုပ်ရှားမှု (၃) မျိုးကို စုခေါင်း၍ ဗယ်ခြေ'ခွဲ'သည်ဟု ခြုံ၍ ခေါ်သည်။

မှတ်ချက်။ ။ဗယ်ခြေ မ,ခြင်းသည် ညာခြေ မ,ခြင်းနှင့် လှုပ်ရှားမှု ချင်း၊ သဘောတရားချင်း အတူတူဖြစ်သကဲ့သို့ ဗယ်ခြေ 'ခွဲ'ခြင်းနှင့် ညာခြေ 'ခွဲ'ခြင်းတို့သည်လည်း လှုပ်ရှားမှု ချင်း၊ သဘောတရားချင်း အတူတူပင်ဖြစ်သည်။ဗယ်၊ညာ ခြေ၊လက် တို့သာ ကွဲပြားကြသည်။ မ,ခြင်း၊ 'ခွဲ'ခြင်း စသည့် လှုပ်ရှားမှုများကို ကြေညက် သဘောပေါက် အောင် လေ့လာပြီးမှသာ ရှေ့အခန်းများကို ဆက်၍ လေ့လာပါ။

ပယ်၊ ခုတ်၊ မ၊ ခွဲ (၂)ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံ အကျဉ်းချုပ်

အမှတ်စဉ် (၁) ပုံ(၈) အသင့်ပြင်အနေအထားအတိုင်း ရပ်သည်။ ခြေကွက်ပုံစံ(၁)။

အမှတ်စဉ်(၂) ဗယ်လက်ထောက် ထိုင်သည်။ ပုံ(၁)ခြေကွက်ပုံစံ မပြောင်းပါ။ ခြေကွက်ပုံစံ(၁)အတိုင်းပင်ဖြစ်သည်။

အမှတ်စဉ်(၃) ဗယ်လက် ညာဘက်သို့ ညာဒူးညွှတ်၍ ခုတ်လိုက် သည်။ ပုံ(၂)ခြေကွက်ပုံစံ(၂) ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသည်။

အမှတ်စဉ်(၄) ဗယ်လက်ပယ်လိုက်သည်။ ပုံ(၃)ခြေကွက် ပုံစံ (၃) ညာခြေသွေ့ထိုင်မှ ဗယ်ခြေသွေ့ထိုင်သို့ ပြောင်းသွားသည်။

အမှတ်စဉ်(၅) ညာလက်ဆက်၍ခုတ်သည်။ ပုံ(၄) ခြေကွက် ပုံစံမပြောင်း။ ခြေကွက်ပုံစံ(၃)အတိုင်းပင်ဖြစ်သည်။

အမှတ်စဉ်(၆) ညာခြေ မ,လိုက်သည်။ ပုံ(၅) ခြေကွက်ပုံစံ(၄) အတိုင်းဖြစ်သည်။

အမှတ်စဉ်(၇) ညာခြေပြန်၍ ခွဲလိုက်သည်။ ပုံ(၆) ခြေကွက် ပုံစံ(၅)ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသည်။

အမှတ်စဉ်(၈) ညာလက် ပယ် လိုက်သည်။ ပုံ(၇) ခြေကွက် ပုံစံ(၆) ညာ ခြေသွေ့ထိုင်ဖြစ်သွားသည်။

အမှတ်စဉ်(၉) ဗယ်လက်ဆက်၍ ခုတ်သည်။ ပုံ(၈) ခြေကွက်ပုံစံမပြောင်း။ ခြေကွက်ပုံစံ(၆)အတိုင်းပင်ဖြစ်သည်။

အမှတ်စဉ်(၁၀) ဗယ်ခြေမလိုက်သည်။ ပုံ(၉) ခြေကွက်ပုံစံ(၇)။

အမှတ်စဉ်(၁၁) ဗယ်ခြေ ခွဲလိုက်သည်။ ပုံ(၁၀)ခြေကွက်ပုံစံ(၈) ညာ ခြေသွေ့ထိုင် ဖြစ်သွားသည်။

ပယ်၊ခုတ်၊မ၊ခွဲ (၂)ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံနှင့်

(၃)လုံးတွဲဖြောင့်လက်သီး(မျက်နှာ၊ဗိုက်၊မျက်နှာ)

ထိုးနည်းဖြင့် နှစ်ယောက်တွဲလေ့ကျင့်နည်း

အမှတ်စဉ်(၁) ပုံ(၁)အတိုင်း လက်တလှမ်းကွာ (၂)ယောက် မျက်နှာချင်းဆိုင်ရပ်သည်။ ပယ်၊ ခုတ်၊ မ၊ ခွဲ (၂)ကွက် လက်သိုင်း လှုပ်ရှားမည့်သူက ဗယ်လက်အား ညာဘက်သို့ ညွှတ်ခုတ်၍ ဗယ်ခြေသေ့် ထိုင် ရပ်ထားသည်၊ ကျန်တဦးက လက်သီး ထိုးရန် အသင့် ပြင်၍ ရပ်သည်။



ပုံ (၃) ခြေကွက်ပုံစံ (၁)

အမှတ်စဉ်(၂) ညာဖြောင့် လက်သီး အမြင့် ထိုးလိုက်ခြင်းအား ဗယ်လက်ဖျံဖြင့် 'ပယ်'လိုက်သည်။ ပုံ(၂) ခြေကွက်ပုံစံ(၂) အတိုင်း ဖြစ်သည်။ ဤပုံ(၂)သည် စာမျက်နှာ (၁၀၁) မှ ပုံ (၂) အတိုင်း ဖြစ်သည်။ သတိပြုရန်မှာ ထိုးသူ၏ ခြေထောက်များသည် ဗယ်ခြေသေ့် ထိုင် ဖြစ်သွားသကဲ့သို့ 'ပယ်'လိုက်သူ၏ ခြေထောက်များ သည်လည်း ညာခြေသေ့်ထိုင်မှ ဗယ်ခြေသေ့်ထိုင်သို့ ပြောင်းသွားသည်။

အမှတ်စဉ်(၃) ညာလက်ဖြင့်ဆက်၍'ခုတ်'လိုက်သည်။ပုံ(၃) ခြေကွက် ပုံစံမပြောင်းပါ။ ဗယ်လက်နှင့် 'ပယ်' ပြီးနောက် မနားပဲ ညာလက်ဖျံဖြင့်ဆက်၍ 'ခုတ်'ခြင်းဖြစ်သည်။

အမှတ်စဉ်(၄) ဗယ်ဖြောင့် လက်သီး အနိမ့် ထိုးလိုက်ခြင်းအား (ဗိုက်သို့) ညာခြေ 'မ'၍ ညာလက်ဖျံ အပြင်ပိုင်းနှင့် ရိုက်ထုတ်လိုက်သည်။ ပုံ(၄) ခြေကွက်ပုံစံ(၃)အတိုင်းဖြစ်သည်။ ဗိုက်သို့ ထိုးလာခြင်းအား ကာကွယ်လိုက်ခြင်းဖြစ်သည်။

အမှတ်စဉ်(၅) ညာဖြောင့်လက်သီး (မျက်နှာသို့)ဆက်၍ ထိုးလာခြင်းအား ညာခြေခွဲ၍ ညာလက်ဖြင့် ခုတ်လိုက်သည်။ ပုံ(၅)ခြေကွက်ပုံစံ(၄) အတိုင်းဖြစ်သည်။ ဤပုံ (၅)သည် ပုံ (၃) အတိုင်းဖြစ်သည်။ ဤတွင် ပယ်၊ခုတ်၊ မ၊ ခွဲနှစ်ကွက်လက်သိုင်းလှုပ်ရှားမှုတခြမ်းပြီးဆုံးသည်။



ပုံ (၃) ခြေကွက်ပုံစံ မပြောင်း



ပုံ (၄) ခြေကွက်ပုံစံ (၃)

အမှတ်စဉ် (၆) တိုးသည့်လူက ပယ်လက်ဖြင့် (မျက်နှာသို့) ဖြောင့်လက်သီး အခြင့်တိုးလာခြင်းအား ညာလက်ဖြင့် ပယ်ဖိုက်သည့် ပုံ(၆) ခြေကွက်ပုံစံ(၁)အတိုင်း ဖြစ်သည်။

အမှတ်စဉ် (၇) ပယ်လက်ဖြင့် ဆက်၍ နုတ်ထိုက်သည်၊ ပုံ (၇) အတိုင်း ဖြစ်သည်။

အမှတ်စဉ်(၈) ညာဖြောင့်လက်သီး(ဗိုက်သို့)အခိုင်မှတိုးလာခြင်းအား ပယ်ခြေ,၍ ပယ်လက်ဖျံဖြင့် ရိုက်ထုတ်ထိုက်သည်၊ ပုံ(၈) ခြေကွက်ပုံစံ (၆)အတိုင်းဖြစ်သည်။

အမှတ်စဉ်(၉) ပယ်ခြောင့်လက်သီး (မျက်နှာသို့) အခြင့်တိုးလာခြင်းအား ပယ်ခြေခွဲ၍ ပယ်လက်ဖျံဖြင့် နုတ်ထိုက်သည်။ ပုံ(၉) ခြေကွက်ပုံစံ (၇)၊ ဤပုံ(၉)သည် ပုံ (၇)အတိုင်းဖြစ်သည်။ ဤတွင် ပယ်၊ နုတ်၊ မ၊ခွဲ နှစ်ကွက် လက်သိုင်း လှုပ်ရှားမှုနှင့်သုံးလုံးတွဲ ဖြောင့်လက်သီးတွဲ၍ ကျင့်နည်းတကြိမ် ပြီးဆုံးသည်။ တလှည့်စီပြောင်း၍ လေ့ကျင့်ပါ။

မှတ်ချက်။ ။ဤပယ်၊ နုတ်၊ မ၊ ခွဲ (၂)ကွက်လက်သိုင်းလှုပ်ရှားမှုနှင့် သုံးလုံးတွဲ ဖြောင့်လက်သီးတွဲ ထိုး၍ လေ့ကျင့်နည်းကို နှစ်ယောက်ပေါင်း၍ လေ့ကျင့်ခြင်းဖြင့် ခုခံတာကွယ်ခြင်း ကျွမ်းကျင်လာသည်နှင့်အမျှ လက်သီးထိုးချက် မှန်တန်စွာ ထိုးတတ်ခြင်းကို အထောက်အကူ ပြုပေမည်။ လက်ဖျံများ သန်မာလာပြီး ခံနိုင်ရည် မြင့်မားလာပေမည်။



ပုံ (၆) ခြေကွက်ပုံစံ (၅)



ပုံ (၇) ခြေကွက်ပုံစံမပြောင်း



ပုံ (၈) ခြေကွက်ပုံစံ(၆)

ပယ်၊ ခုတ်၊ မ၊ ခွဲ (၃)ကွက် လက်သိုင်းလှုပ်ရှားမှုပုံစံ

(၃)ကွက်ဆိုသည်မှာ ပုံ(က)တွင် ဖော်ပြထားသည့်အတိုင်း သုံးနှားညီတြိဂံပုံပ ဉ်ဖြစ်သည်။ ထောင့်များသည် ၆၀ဒီဂရီစီ ရှိကြသည်။ဤအကွက်သိုင်းကို ကစားရာ၌ (၂)ကွက် အနေအထားဖြင့်စ၍ ရပ်ရာ၌လည်းကောင်း၊ အကွက်(၃)သို့ တက်ရာ၌လည်းကောင်း အကွက်တခုနှင့်တခု အကွာအဝေးသည် ကစားသူ၏ (လှုပ်ရှားသူ၏)တထောင့်ထွာကွာဝေးသည်။ အကွက်တကွက်မှ တကွက်သို့လှမ်းတက်ရာ၌ ရှပ်တိုက်၍ တက်ခြင်း၊ ခြေထောက်ကို မြေကြီးမှ မျှားစွာမြှောက်၍ တင်ခြင်းများကို ရှောင်ရှားရမည်။ ရိုးရိုးသာမန် လမ်းလျှောက်သကဲ့သို့ လှမ်း၍ တက်ရသည်။ အကွက်တကွက် တက်ပြီးတိုင်း ခြေသေ့ထိုင် အမြဲဖြစ်သည်။

အမှတ်စဉ် (၁) ပုံ(ဂ) အသင့်ပြင်ရပ်နည်းအတိုင်း ရပ်သည်။ ခြေကွက်ပုံစံ (၁)ဖြစ်သည်။

အမှတ်စဉ်(၂) ဗယ်လက်ကို ထောင်လိုက်သည်။ ပုံ(၁) ခြေကွက်ပုံစံမပြောင်းပါ။ ခြေကွက်ပုံစံ (၁)အတိုင်း ဖြစ်သည်။

အမှတ်စဉ်(၃) ဗယ်လက်ကို ညာဘက်သို့ ညာဒူးညွှတ်၍ ခုတ်လိုက်သည်။ ပုံ(၂)ခြေကွက်ပုံစံ (၂)အတိုင်းဖြစ်၍ ညာခြေသေ့ထိုင် ဖြစ်သွားသည်။

အမှတ်စဉ်(၄) ဗယ်လက်နှင့် ပယ်လိုက်သည်။ ပုံ (၃) ခြေကွက်ပုံစံ(၃) ဗယ်ခြေသေ့ထိုင် ဖြစ်သွားသည်။ ခြေဖဝါးနှစ်ခုအား ဖနောင့်နှစ်ခုကို ဗဟိုပြု၍ ဗယ်ဘက်သို့ ကြိတ်လှည့်ခြင်းဖြင့် ပုံ(၂)အတိုင်း ခုတ်ထားသော ဗယ်လက်အား တပြိုင်တည်း ပယ်လိုက်ခြင်း ဖြစ်သည်။ (၂ ကွက် အနေအထားဖြင့် ပယ်ခြင်းဖြစ်သည်။)

အမှတ်စဉ်(၅) ညာခြေတက်၍ ညာလက်ခုတ်သည်။ ပုံ(၄)ခြေကွက်ပုံစံ(၄)အတိုင်း ဖြစ်သည်။ ညာခြေသေ့ထိုင် ဖြစ်သွားသည်။ အကွက်(၁)မှ ညာခြေအားအကွက်(၃)သို့ တက်၍ညာလက်ခုတ်ခြင်းဖြစ်သည်။ 'ပယ်'ထားသော ဗယ်လက်အား ကင်းလက်သီး အဖြစ် တပြိုင်တည်း ကပ်လိုက်သည်။ဗယ်ခြေဖဝါးနှင့် ညာခြေဖဝါးသည် ၉၀ဒီဂရီထောင့်မှန်အတိုင်း ဖြစ်သည်။



ပုံ (က)

ပုံ(ခ) အားဆဲဖြင့်ရှေ့ဝင်သည် ဖြေကွက်ပုံစံ(၁)

ပုံ(ဂ)ဖယ်ထက်ထောင် ဆည်းဖြေကွက်ပုံစံ(၁)

ပုံ(၂) ဖယ်ထက်လွှတ်၍ဒူးတိုက်သည် ဖြေကွက်ပုံစံ (၂)

ပုံ (၃) ဖယ်ထက်ပယ်သည် ဖြေကွက်ပုံစံ(၃)

ပုံ (၄) ဖြေကွက်ပုံစံ (၄)
သဘောဖြေကွက်၏ ညာဆက်ဒူးတိုက်ဆည်

အမှတ်စဉ် (၆) ညာခြေကို မလိုက်သည်။ ပုံ (၅) ခြေလှမ်းပုံစံ (၅) အတိုင်း ဖြစ်သည်။ အကွက် (၃) သို့ တက်ထားသော ညာခြေအား 'မ' လိုက်ခြင်းဖြစ်သည်။ ဗယ်ခြေသည် ခြေတချောင်းထောက်အနေအထားဖြင့် အကွက်(၂)၌ ဆန့်တန်း၍ ရပ်ထားသည်။ ဗယ်လုံးကို မြှောက်၍ ညာလက်အောက်သို့ ဆန့်တန်းထားသည်။ ဤအနေအထားကို ခြေဘချောင်းထောက် 'မ'၏ ရပ်ခြင်းဖြစ်ကြောင်း ပယ်ခုတ်မရဲ (၂) ကွက်လက်သိုင်း၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

အမှတ်စဉ်(၇) ညာခြေကို ခွဲလိုက်သည်။ ပုံ (၆) ခြေလှမ်းပုံစံ(၆) အတိုင်းဖြစ်သည်။ ဗယ်ခြေသော့်ထိုင် ဖြစ်သွားသည်။ ပုံ (၅) အတိုင်း ညာခြေအား 'မ' ထားရာမှ အကွက် (၁)သို့ ပြန်၍ ခွဲချလိုက်ခြင်း ဖြစ်သည်။ ညခြေခွဲခြင်းနှင့်အတူ ညာလက်ခုတ်ခြင်း၊ဗယ်လက်ကင်းလက်သီး အဖြစ် ပြန်ကပ်ခြင်းတို့သည် တပြိုင်တည်း ဖြစ်သည်။ (ပယ်ခုတ်မရဲ (၂) ကွက် လက်သိုင်း၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။)

အမှတ်စဉ်(၈)ညာလက်နှင့်ပယ်လိုက်သည်။ ပုံ(၇)ခြေလှမ်းပုံစံ(၇) အတိုင်းဖြစ်၍ ဗယ်ခြေသော့်ထိုင်မှ ညာခြေသော့်ထိုင်သို့ ပြောင်းသွားသည်။ (၂)ကွက်အနေအထားနှင့် ပယ်, ခြင်းဖြစ်သည်။ ခြေဖဝါးများအား ညာတက်သို့ တပြိုင်တည်း ကြိတ်လှည့်၍ ညာလက် ပယ်, ခြင်းဖြစ်သည်။

အမှတ်စဉ် (၉) ဗယ်ခြေတက်၍ ဗယ်လက်ခုတ်,သည်။ ပုံ (၈) ခြေလှမ်းပုံစံ (၈) ဗယ်ခြေသော့်ထိုင် ဖြစ်သွားသည်။ အကွက် (၂)မှ ဗယ်ခြေအား အကွက် (၃)သို့ တက်၍ ဗယ်လက်ခုတ်ခြင်း ဖြစ်သည်။

အမှတ်စဉ် (၁၀) ဗယ်ခြေကို မ, လိုက်သည်။ ပုံ (၉) ခြေလှမ်းပုံစံ (၉) အတိုင်းဖြစ်၍ ညာခြေသည် အကွက် (၁)၌ ခြေတချောင်းထောက်အနေအထားဖြင့် ဆန့်တန်း၍ရပ်ထားသည်။ အကွက် (၃)သို့ တက်ထားသော ဗယ်ခြေအားမလိုက်ခြင်းဖြစ်၍ တပြိုင်တည်းဗယ်လက်ကို အောက်သို့ ဆန့်တန်း၍ ညာလက်ကိုမြှောက်ထားသည်။

အမှတ်စဉ် (၁၁) ဗယ်ခြေကို ခွဲလိုက်သည်။ ပုံ (၁၀) ခြေလှမ်းပုံစံ (၁၀) ညာခြေသော့်ထိုင် ဖြစ်သွားသည်။ စာမျက်နှာ ၁၁၃ မှ ပုံ(၂) ခြေလှမ်းပုံစံ(၂) အတိုင်းဖြစ်သည်။ ဗယ်ခြေကိုမ,ထားရာမှ အကွက် (၂) သို့ ပြန်၍ ခွဲချလိုက်ခြင်း ဖြစ်သည်။ ဗယ်ခြေခွဲခြင်းနှင့်အတူ ဗယ်လက် ခုတ်, ၍ ညာလက်ကင်းလက်သီးအဖြစ် ကပ်လိုက်ခြင်းတို့သည် တပြိုင်တည်း ဖြစ်သည်။ ဤတွင် (၃)ကွက် ပယ်, ခုတ်, မ, ခွဲ လက်သိုင်း လှုပ်ရှားမှု ပုံစံပြီးဆုံးသည်။

ပုံ (၁) ခြေကွက်ပုံစံ (၁)
ညာခြေမ,သည်



ပုံ (၆) ခြေကွက်ပုံစံ (၆)
ညာခြေဖွဲသည်



ပုံ(၇) ညာလက်ပယ်သည်
ခြေကွက်ပုံစံ (၇)

ပုံ(၈) ခြေကွက်ပုံစံ (၈)
ဗယ်ခြေတက်၍ဗယ်လက်နှိတ်သည်

ပုံ (၉)ခြေကွက်ပုံစံ(၉)
ဗယ်ခြေမ,သည်း

မှတ်ချက်။ ။ပယ်၊ ခုတ်၊ မ၊ ခွဲ (၃) ကွက်လက်သိုင်း လှုပ်ရှားမှု ပုံစံ အကျဉ်းချုပ်နှင့် ပုံများ၊ ခြေကွက်များကို ယှဉ်တွဲ၍ ကြည့်ပါ။

ပယ်၊ ခုတ်၊ မ၊ ခွဲ (၃) ကွက်လက်သိုင်း၊ လှုပ်ရှားမှုပုံစံ အကျဉ်းချုပ်

အမှတ်စဉ်(၁) အသင့်ပြင်ရပ်နည်းအတိုင်း ရပ်သည်။ ပုံ (၈) ခြေကွက် ပုံစံ (၁)။

အမှတ်စဉ် (၂) ဗယ်လက်ဆောင်လိုက်သည်။ ပုံ(၁) ခြေကွက် ပုံစံမပြောင်း။

အမှတ်စဉ် (၃) ဗယ်လက် ညာဘက်သို့ ညာဒူးညွှတ်၍ခုတ်သည်။ ပုံ (၂) ခြေကွက်ပုံစံ (၂) ညာခြေသွေ့ထိုင် ဖြစ်သည်။

အမှတ်စဉ် (၄) ဗယ်လက် ပယ်, လိုက်သည်။ ပုံ (၃) ခြေကွက် ပုံစံ (၃) ဗယ်ခြေသွေ့ထိုင် ဖြစ်သွားသည်။

အမှတ်စဉ်(၅) ညာခြေတက်၍ ညာလက်ခုတ်, သည်။ ပုံ (၄) ခြေကွက် ပုံစံ (၄) ညာခြသွေ့ထိုင် ဖြစ်သွားသည်။

အမှတ်စဉ် (၆) ညာခြေ မ, သည်။ ပုံ (၅) ခြေကွက် ပုံစံ (၅) ဗယ်ခြေတချောင်းထောက် အခန်အထား ဖြစ်သည်။

အမှတ်စဉ် (၇) ညာခြေ ခွဲ, လိုက်သည်။ ပုံ (၆) ခြေကွက် ပုံစံ (၆) ဗယ်ခြသွေ့ထိုင် ဖြစ်သွားသည်။

အမှတ်စဉ် (၈) ညာလက် 'ပယ်'သည်။ ပုံ(၇) ခြေကွက်ပုံစံ (၇) ညာခြသွေ့ထိုင် ဖြစ်သွားသည်။

အမှတ်စဉ် (၉) ဗယ်ခြေတက်၍ ဗယ်လက် 'ခုတ်'သည်။ ပုံ (၈) ခြေကွက်ပုံစံ (၈) ဗယ်ခြသွေ့ထိုင်ဖြစ်သည်။

အမှတ်စဉ် (၁၀) ဗယ်ခြေ မ,လိုက်သည်။ ပုံ (၉) ခြေကွက်ပုံစံ (၉) ညာခြေတချောင်း ထောက်ရပ်၍ နေသည်။

အမှတ်စဉ် (၁၁) ဗယ်ခြေ 'ခွဲ'လိုက်သည်။ ပုံ (၁၀) ခြေကွက် ပုံစံ (၁၀) ဗယ်ခြသွေ့ထိုင် ဖြစ်သွားသည်။

ပယ်၊ ခုတ်၊ မ၊ ခွဲ (၃)ကွက် လက်ဆိုင်းလှုပ်ရှားမှုနှင့် ခုခံတိုက်ခိုက်နည်း

အမှတ်စဉ်(၁) ၂ ယောက် မျက်နှာချင်းဆိုင်၍ လက်တလှမ်းကွာ အသင့်ပြင် အနေအထားအတိုင်း ရပ်သည်။ ပုံ(၁) ခြေကွက်ပုံစံ(၁)။

အမှတ်စဉ်(၂) မျက်နှာသို့ထိုးလာသော ညာဖြောင့်လက်သီးအား ဗယ်လက်ဖျံဖြင့် ပယ်လိုက်သည်။ ပုံ(၂) ခြေကွက်ပုံစံ (၂) အတိုင်းဖြစ်သည်။ သတိပြုရန်မှာ ထိုးသူ၏ ခြေထောက်များသည် ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသကဲ့သို့ ခုခံသူ၏ ခြေထောက်များသည်လည်း ဗယ်ခြေသွေ့ထိုင်သို့ပြောင်းသွားသည်။

အမှတ်စဉ်(၃) ခုခံသူက ညာခြေတက်၍ ညာလက်ဖြင့်ခုတ်သည်။ ပုံ(၃) ခြေကွက်ပုံစံ(၃) အတိုင်းဖြစ်သည်။ ခုတ်ရာ၌ ညာလက်ဖျံအပြင်ပိုင်းနှင့် သော်လည်းကောင်း၊ လက်ဝါးစောင်းနှင့်သော်လည်းကောင်း၊ ထုလက်သီးနှင့် သော်လည်းကောင်း၊ ရန်သူ၏ နားထင်၊ နားအုံ၊ ဇက်ပိုး၊ ကော်လာဖုံး၊ အရိုးတို့ကို တချက်လွှတ် ခုတ်နိုင်၊ ထုနိုင်၊ ရိုက်နိုင်သည်။



ပုံ(၁) ခြေကွက်ပုံစံ (၁)



ပုံ (၂) ခြေကွက်ပုံစံ(၂)



ပုံ (၃) ခြေကွက်ပုံစံ (၃)
ညာခြေတက်၍ ညာလက်ဖြင့်ခုတ်သည့်

ပယ်၊ ခုတ်၊ မ၊ ခဲ့ (၅) ကွက်လက်သိုင်း လှုပ်ရှားမှု ပုံစံ

(၅) ကွက်ပုံစံသည် ပုံ(က)တွင် ပြထားသည့် အတိုင်း သုံးနားညီ တြိဂံ နှစ်ခုအား ထိပ်ချင်းဆိုင်ထားသည့် ပုံစံပင်ဖြစ်သည်။ တနည်းအားဖြင့်(၃)ကွက်ပုံစံ နှစ်ခုအား ထိပ်ချင်းဆိုင်ထားခြင်းပင်ဖြစ်သည်။အကွက်အတွင်းရှိ ထောင့်မျဉ်းသည် ၆၀ ဒီဂရီ အသီးသီးရှိကြသည်။ အကွက်တခုမှတခုသို့ တက်ရာ၌လည်းကောင်း၊ ဆုတ်ရာ၌လည်းကောင်း၊အကွက်တခုနှင့်တခု အကွာအဝေးသည် တတောင့်ထွာ (ကစားသူ၏) ကွာဝေးသည်။



လူပ်ရှားမှု အမှတ်စဉ်(၁) အသင့်ပြင် ရပ်နည်းအတိုင်း ရပ်သည်။ ခြေကွက်ပုံစံ(၁) အတိုင်းဖြစ်သည်။

လူပ်ရှားမှု အမှတ်စဉ်(၂) ဗယ်လက်ကို ထောင်လိုက်သည်။ ပုံ(၁) ခြေကွက်ပုံစံမပြောင်းပါ။ ခြေကွက်ပုံစံ(၁) အတိုင်းပင်ဖြစ်သည်။

လူပ်ရှားမှု အမှတ်စဉ်(၃) ဗယ်လက်ကို ညာဘက်သို့ ညာဒူးညွှတ်၍ ခုတ်လိုက်သည်။ ပုံ(၂) ခြေကွက်ပုံစံ(၂)ညာခြေသွေ့ထိုင် ဖြစ်သွားသည်။

လူပ်ရှားမှု အမှတ်စဉ် (၄) ဗယ်လက်နှင့် ပယ်လိုက်သည်။ ပုံ(၃) ခြေကွက်ပုံစံ(၃) ဗယ်ခြေသွေ့ထိုင် ဖြစ်သွားသည်။ ခြေဖဝါး နှစ်ခုအား ဗယ်ဘက်သို့ ပြိုင်တူကြိတ်လှည့်၍ ဗယ်လက် ပယ်လိုက်ခြင်း ဖြစ်သည်။ (၂ ကွက် အနေအထားဖြင့် ပယ်ခြင်းဖြစ်သည်။)

လူပ်ရှားမှု အမှတ်စဉ် (၅) ညာခြေတက်၍ ညာလက် ခုတ်သည်။ ပုံ(၄) ခြေကွက်ပုံစံ(၄) အတိုင်းဖြစ်သည်။ အကွက် (၁)မှ ညာခြေအား အကွက်(၃)သို့တက်၍ ညာလက်ခုတ်ခြင်းဖြစ်သည်။ ညာခြသွေ့ထိုင်ဖြစ်သွားသည်။

လူပ်ရှားမှုအမှတ်စဉ်(၆) ညာခြေကို မ,လိုက်သည်။ ပုံ(၅)ခြေကွက်ပုံစံ(၅) အတိုင်းဖြစ်သည်။ အကွက် (၃)သို့ တက်ထားသော ညာခြေအား မ,လိုက်ခြင်းဖြစ်၍ ဗယ်ခြေသည် အကွက် (၂)၌ ခြေတချောင်းထောက် အနေအထားဖြင့် ဆန့်တန်း၍ရပ်ထားသည်။

လူပ်ရှားမှုအမှတ်စဉ်(၇)ညာခြေကို ခွဲလိုက်သည်။ ပုံ(၆) ခြေကွက်ပုံစံ(၆) ဗယ်ခြသွေ့ထိုင်ဖြစ်သွားသည်။ ညာခြေအား ပုံ(၅) အတိုင်း မ,ထားရာမှ အကွက်(၁)သို့ ခွဲချလိုက်ခြင်း ဖြစ်သည်။

လူပ်ရှားမှုအမှတ်စဉ် (၈) ညာလက်နှင့် ပယ်လိုက်သည်။ ပုံ (၇) ခြေကွက်ပုံစံ (၇) ညာခြသွေ့ထိုင် ဖြစ်သွားသည်။ (၂ ကွက် အနေအထားဖြင့် ပယ်ခြင်းဖြစ်သည်) ခြေဖဝါးနှစ်ခုအား ညာဘက်သို့တပြိုင်တည်းကြိတ်လှည့်၍ ညာလက်နှင့် ပယ်လိုက်ခြင်းဖြစ်သည်။

လူပ်ရှားမှုအမှတ်စဉ်(၉) ဗယ်ခြေတက်၍ဗယ်လက်ခုတ်သည်။ပုံ(၈) ခြေကွက်ပုံစံ(၈) ဗယ်ခြသွေ့ထိုင် ဖြစ်သွားသည်။ အကွက်(၂) မှ ဗယ်ခြေအား အကွက်(၃)သို့ လှမ်းတက်၍ ဗယ်လက်ခုတ်ခြင်း ဖြစ်သည်။

မှတ်ချက်။ ။ဤအနေအထားအထိ လူပ်ရှားမှုများသည် (၃) ကွက် ပယ်၊ ခုတ်၊ မ၊ ခွဲလူပ်ရှားမှုအတိုင်းဖြစ်သည်။(၃)ကွက်မှသည်ရှေ့သို့ (၄)ကွက်၊ (၅)ကွက်များသို့တက်ရမည်။

ပုံ(၈) အသင့်ပြင်ရပ်သည် ခြေကွက်ပုံစံ(၁)

ပုံ(၉)မယ်လက်ထောင် သည်။ခြေကွက်ပုံစံ(၁)

ပုံ(၁) မယ်လက်ညှာတ်၍ဆုတ်သည် ခြေကွက်ပုံစံ (၂)



ပုံ (၇) မယ်လက်ပယ်သည် ခြေကွက်ပုံစံ(၃)

ပုံ (၇) ခြေကွက်ပုံစံ (၄)
ညာခြေတက်၍ ညာလက်ဆုတ်သည်

ပုံ (၅) ခြေကွက်ပုံစံ (၅)
ညာခြေမ,သည်



ပုံ (၆) ခြေကွက်ပုံစံ (၆)
ညာခြေဖွဲ့သည်

ပုံ(၇) ညာလက်ပမ်းသည်
ခြေကွက်ပုံစံ (၇)

ပုံ(၈) ခြေကွက်ပုံစံ (၈)
မယ်ခြေတက်၍မော်လက်နှိတ်သည်

လှုပ်ရှားမှု အမှတ်စဉ် (၁၀) ဗယ်လက်နှင့် ပယ်လိုက်သည်။ပုံ(၉) ခြေကွက်ပုံစံမပြောင်းပါ။ ပုံ (၈) ခြေကွက်ပုံစံ(၈) အတိုင်း ဗယ်လက် ခုတ်ထားရာမှ ဗယ်လက် ပယ်,လိုက်ခြင်းဖြစ်သည်။ခြေထောက်လှုပ်ရှားမှု ပြောင်းလဲမှု မရှိပဲ ဗယ်လက်တခုတည်းသာ ခုတ်ထားရာမှ ပယ်,သည့် အနေအထားသို့ လှုပ်ရှားခြင်းဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၁၁) ညာခြေတက်၍ ညာလက် ခုတ်သည်။ ပုံ (၁၀) ခြေကွက်ပုံစံ (၉) အတိုင်းဖြစ်၍ ညာခြေသွေ့ထိုင် ဖြစ်သွားသည်။ အကွက်(၁)မှ ညာခြေအား အကွက်(၄)သို့တက်၍ ညာလက် ခုတ်ခြင်းဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ် (၁၂) ခြေဖဝါးနှစ်ခုအား နောက်ဘက်သို့ တပြိုင်တည်း ကြိတ်လှည့်လိုက်သည်။ ပုံ(၁၁) ခြေကွက် ပုံစံ (၁၀) အတိုင်းဖြစ်၍ ဗယ်ခြသွေ့ထိုင် ဖြစ်သွားသည်။ပုံ(၁၀) ခြေကွက်ပုံစံ(၉) အတိုင်း အကွက်(၃)နှင့် အကွက်(၄)၌ ညာခြသွေ့ထိုင်အနေအထား ဖြင့် ရပ်နေရာမှ ခြေဖနောင့် နှစ်ခုအား ဗဟိုပြု၍ ခြေဖဝါး နှစ်ခုကို (အနောက်ဘက်) ဗယ်ဘက်သို့ တပြိုင်တည်း ကြိတ်လှည့်လိုက်ခြင်းဖြင့် ဗယ်ခြသွေ့ထိုင် ဖြစ်သွားသည်။ (ညာခြသွေ့ထိုင်မှ ဗယ်ခြသွေ့ထိုင်သို့ ပြောင်း၍ရပ်ခြင်းဖြစ်သည်) လက်အနေအထားများ လှုပ်ရှားမှု ပြောင်းလဲမှု မရှိပါ။ အနောက်ဘက်မှ မြင်ရသောပုံ ဖြစ်သည်။

ပုံ(၉) ဗယ်လက်ပယ်သည် ခြေကွက်ပုံစံမပြောင်း

ပုံ(၁၀) ညာခြေတက်၍ ညာလက်ခုတ်သည် ခြေကွက်ပုံစံ (၇)

ပုံ(၁၁)နောက် ကြိတ်လှည့်သည် ခြေကွက်ပုံစံ(၁၀)

လှုပ်ရှားမှု အမှတ်စဉ်(၁၃) ဗယ်ခြေကို မ,လိုက်သည်။ ပုံ (၁၂) ခြေကွက်ပုံစံ (၁၁) အတိုင်ဖြစ်သွားသည်။ အကွက် (၃)၌ ရပ်တားသော ဗယ်ခြေအား မ,လိုက်ခြင်းဖြစ်၍ ညာခြေသည် ခြေတချောင်းထောက် အနေအထားဖြင့် အကွက်(၄)၌ ဆန့်တန်း၍ရပ်တားသည်။ ဗယ်လက်နှင့် ညာလက်တို့သည် မ,သည့်အနေအထားတွင်ရှိသည်။ ညာလက်မြောက်၍ ဗယ်လက်အောက်သို့ ဆန့်တန်းထားသည်။ အနောက်ဘက်မှ မြင်ရသောပုံဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၄) ဗယ်ခြေကို ခွဲလိုက်သည်။ ပုံ(၁၃) ခြေကွက်ပုံစံ(၁၂) အတိုင်း ဖြစ်သည်။ ဤပုံသည် စာရှုသူနောက်မှမြင်ရခြင်းဖြစ်၍ ရှေ့မှကြည့်လျှင် ပုံ (၂) ခြေကွက်ပုံစံ(၂) အတိုင်းတွေ့ရမည်။ ညာခြသေ့ထိုင်ဖြစ်သည်။ ဗယ်ခြေအား ပုံ(၁၂)အတိုင်း မ,ထားရာမှ အကွက်(၅)သို့ ခွဲချလိုက်ခြင်းဖြစ်ပေသည်။

မှတ်ချက်။ ။ဤတွင် (၅)ကွက် ပယ်၊ ခုတ်၊ မ၊ ခွဲ လက်သိုင်းတခြမ်းပြီးဆုံးသည်။ တနည်းအားဖြင့် (၅) ကွက်အတက်လမ်းပြီးဆုံးသည်။ မူလနေရာသို့ပြန်ရောက်အောင် လှုပ်ရှားရအုံးမည်။ ပြန်ဆင်းရအုံးမည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၅) ဗယ်လက်နှင့် ပယ်,လိုက်သည်။ ပုံ(၁၄) ခြေကွက်ပုံစံ(၁၃) ဗယ်ခြသေ့ထိုင် ဖြစ်သွားသည်။ ခြေဖဝါးနှစ်ခုအား ဗယ်ဘက်သို့ ပြိုင်တူကြိတ်လှည့်၍ ဗယ်လက် ပယ်,လိုက်ခြင်း ဖြစ်သည်။ (၂)ကွက်အနေအထားဖြင့်ပယ်ခြင်းဖြစ်သည်။ဤပုံသည် နောက်မှ မြင်ရသည့်ပုံဖြစ်၍ရှေ့မှကြည့်လျှင်ပုံ)၃)ခြေကွက်ပုံစံ(၃)အတိုင်း တွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၆) ညာခြေတက်၍ ညာလက် ခုတ်သည်။ ပုံ(၁၅) ခြေကွက်ပုံစံ (၁၄) ညာခြသေ့ထိုင် ဖြစ်သွားသည်။ အကွက်(၄)မှ ညာခြေအား အကွက်(၃)သို့ တက်၍ ညာလက်ခုတ်ခြင်းဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ(၄) ခြေကွက်ပုံစံ (၄) အတိုင်း မြင်ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၇) ညာခြေကို မ,လိုက်သည်။ ပုံ (၁၆) ခြေကွက်ပုံစံ (၁၅) အတိုင်းဖြစ်သည်။ အကွက်(၃)သို့တက်ထားသော ညာခြေအား မ,လိုက်ခြင်းဖြစ်သည်။ ဗယ်ခြေသည် အကွက် (၅)၌ ခြေတချောင်းထောက် အနေအထားဖြင့် မ,၍နေသည်။ ဗယ်လက်ကိုမြောက်၍ ညာလက်ကို အောက်သို့ဆန့်တန်းထားသည်။ ဤပုံကို ရှေ့မှကြည့်လျှင် ပုံ(၅) ခြေကွက်ပုံစံ(၅)အတိုင်းမြင်ရမည်။

ပုံ (၁၀) ခန္ဓာကိုယ်ကို
ကြိုးကိုင်ထံ (၁၀)

ပုံ (၁၁) ခန္ဓာကိုယ်ကို
ကြိုးကိုင်ထံ (၁၁)

ပုံ (၁၂) ညာဘက်ဖင်ကို
ညာဘက်ဒူးဆစ်ကို
ကြိုးကိုင်ထံ (၁၂)

ပုံ (၁၃) ခန္ဓာကိုယ်ကို
ကြိုးကိုင်ထံ (၁၃)

ပုံ (၁၄) ညာခြေသလုံး
ကြိုးကိုင်ထံ (၁၄)

လှုပ်ရှားမှုအမှတ်စဉ်(၁၈) ညာခြေကို ခွဲလိုက်သည်။ ပုံ(၁၇) ခြေကွက်ပုံစံ(၁၆) ဗယ်ခြေသော့်တိုင် ဖြစ်သွားသည်။ ပုံ(၁၆) အတိုင်း မထားရာမှ ညာခြေအား အကွက်(၄)သို့ ခွဲချလိုက်ခြင်း ဖြစ်သည်။ ဤပုံအား ရှေ့ကြည့်လျှင် ပုံ(၆) ခြေကွက် ပုံစံ (၆)အတိုင်းမြင်ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၉) ညာလက်နှင့် 'ပယ်' လိုက်သည်။ ပုံ(၁၈) ခြေကွက်ပုံစံ(၁၇) ညာခြေသော့်တိုင် ဖြစ်သွားသည်။ ခြေဖဝါးနှစ်ခုအား ညာဘက်သို့ ပြေါင်တူကြိတ်လှည့်၍ ညာလက် 'ပယ်' လိုက်ခြင်းဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ(၇) ခြေကွက်ပုံစံ(၇)အတိုင်းမြင်ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၀) ဗယ်ခြေတက်၍ ဗယ်လက် ခုတ်သည်။ ပုံ(၁၉) ခြေကွက်ပုံစံ (၁၈) ဗယ်ခြသော့်တိုင် ဖြစ်သွားသည်။ အကွက်(၅)မှ ဗယ်ခြေအားအကွက် (၃)သို့တက်၍ ဗယ်လက်ခုတ်ခြင်းဖြစ်သည်။ ဤပုံကို ရှေ့မှကြည့်လျှင် ပုံ(၈) ခြေကွက်ပုံစံ(၈)အတိုင်းမြင်ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၁) ဗယ်လက်နှင့် 'ပယ်'လိုက်သည်။ ပုံ(၂၀) ခြေကွက်ပုံစံပြောင်းလဲခြင်း မရှိပါ။ ပုံ(၁၉) ခြေကွက်ပုံစံ(၁၈)အတိုင်း ဗယ်လက် ခုတ်ထားရာမှ ဗယ်လက် 'ပယ်'လိုက်ခြင်း ဖြစ်သည်။ ခြေထောက်လှုပ်ရှားမှုမရှိပါ။ ရှေ့မှကြည့်လျှင် ပုံ(၉) အတိုင်းမြင်ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၂) ညာခြေတက်၍ ညာလက် ခုတ်သည်။ ပုံ(၂၁) ခြေကွက် ပုံစံ(၁၉) ညာခြသော့်တိုင် ဖြစ်သွားသည်။ အကွက်(၄)မှ ညာခြေအား အကွက်(၁)သို့ တက်၍ ညာလက် ခုတ်ခြင်း ဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ(၁၀)ခြေကွက်ပုံစံ(၉)အတိုင်းမြင်ရမည်။

လှုပ်ရှားမှု အမှတ်စဉ်(၂၃) ခြေဖဝါး နှစ်ခုအား ဗယ်ဘက်သို့ (နောက်သို့)တပြိုင်တည်း ကြိတ်လှည့်လိုက်သည်။ ပုံ(၂၂) ခြေကွက်ပုံစံ(၂၀)ဗယ်ခြသော့်တိုင် ဖြစ်သွားသည်။ ပုံ(၂၁) ခြေကွက်ပုံစံ(၁၉) အတိုင်းအကွက်(၁)နှင့်(၃)၌ညာခြသော့်တိုင်ရပ်ထားရာမှဗယ်ခြသော့်တိုင် ဖြစ်သွားအောင် ဖနောင့်နှစ်ခုအား ဗဟိုပြု၍ ခြေဖဝါးနှစ်ခုအား ဗယ်ဘက်သို့ (နောက်သို့) တပြိုင်တည်း ကြိတ်လှည့်လိုက်ခြင်း ဖြစ်သည်။ လက်များလှုပ်ရှားမှုမရှိပါ။

လှုပ်ရှားမှု အမှတ်စဉ်(၂၄) ဗယ်ခြေကို 'မ'လိုက်သည်။ ပုံ(၂၃) ခြေကွက်ပုံစံ (၂၁) စာမျက်နှာ (၁၁၅)မှ ပုံ(၉) ခြေကွက်ပုံစံ(၉) အတိုင်း ဖြစ်သည်။ အကွက်(၃)၌ ရပ်ထားသောဗယ်ခြေအား 'မ' လိုက်ခြင်းဖြစ်၍ ညာခြေသည် အကွက် (၁)၌ ခြေတချောင်းထောက် အနေအထားဖြင့် ဆန့်တန်း၍ ရပ်ထားသည်။



ပုံ(၁၇) ညာခြေခွဲသည်။
ခြေကွက်ပုံစံ (၁၆)

ပုံ (၁၈)ညာလက်နှင့်ပယ်သည်
ခြေကွက်ပုံစံ (၁၇)

ပုံ(၁၉) ဗယ်ခြေတက်၍
ဗယ်လက်ခုတ်သည်။
ခြေကွက်ပုံစံ (၁၈)

ပုံ(၂၀) ဗယ်လက်
ပယ်သည်
ခြေကွက်ပုံစံ
မပြောင်းပါ။

ပုံ(၂၁)ညာခြေတက်၍
ညာလက်ခုတ်သည်။
ခြေကွက်ပုံစံ (၁၉)

ပုံ(၂၂) နောက်ကြိတ်လှည့်သည်။
ခြေကွက်ပုံစံ (၂၀)

လှုပ်ရှားမှု အမှတ်စဉ်(၂၅) ဗယ်ခြေကို 'ခွဲ' လိုက်သည်။ ပုံ(၂၄) ခြေကွက်ပုံစံ(၂၂) ညာခြသွေ့ ထိုင်ဖြစ်သွားသည်။စာမျက်နှာ (၁၁၃)မှ ပုံ(၂) ခြေကွက်ပုံစံ(၂)အတိုင်းဖြစ်သည်။ဗယ်ခြေ'မ'ထားရာမှ အကွက်(၂)သို့ 'ခွဲ'ချလိုက်ခြင်းဖြစ်သည်။ ဤပုံသည်ပုံ(၁) ခြေကွက်ပုံစံ(၂) အတိုင်းပင်ပြန်ဖြစ်သည်။

ဤတွင် (၅)ကွက် ပယ်၊ ခုတ်၊ မ၊ ခွဲ လက်သိုင်း လှုပ်ရှားမှုပုံစံ ပြီးဆုံးသည်။

ပယ်၊ ခုတ်၊ မ၊ ခွဲ (၅)ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံအကျဉ်းချုပ်

လှုပ်ရှားမှု အမှတ်စဉ်(၁) အသင့်ပြင် ရပ်နှင်းအတိုင်း ရပ်သည်။ ပုံ(၈) ခြေကွက်ပုံစံ(၁)။

လှုပ်ရှားမှုအမှတ်စဉ်(၂)ဗယ်လက်ထောင်လိုက်သည်။ပုံ(၁)ခြေကွက်ပုံစံ မပြောင်းပါ။ ခြေကွက်ပုံစံ(၁)အတိုင်းပင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၃) ဗယ်လက် ညာဘက်သို့ ညာဒူးညွှတ်၍ ခုတ်လိုက်သည်။ ပုံ(၂) ခြေကွက်ပုံစံ(၂) ညာခြသွေ့ထိုင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၄) ဗယ်လက်ပယ့်လိုက်သည်။ ပုံ(၃)ခြေကွက်ပုံစံ(၃) ဗယ်ခြသွေ့ထိုင်ဖြစ်သွားသည်။

လှုပ်ရှားမှု အမှတ်စဉ်(၅) ညာခြေ တက်၍ ညာလက် ခုတ်သည်။ ပုံ(၄) ခြေကွက်ပုံစံ(၄) ညာခြသွေ့ ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၆) ညာခြေ မ့လိုက်သည်။ ပုံ(၅) ခြေကွက်ပုံစံ(၅) ဗယ်ခြေတချောင်းထောက်ရပ်၍ ညာခြေ'မ'ခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၇) ညာခြေ ခွဲလိုက်သည်။ ပုံ(၆) ခြေကွက်ပုံစံ(၆)ဗယ်ခြသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၈) ညာလက် ပယ်လိုက်သည်။ ပုံ(၇)ခြေကွက်ပုံစံ(၇) ညာခြသွေ့ ထိုင်ဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၉) ဗယ်ခြေတက်၍ ဗယ်လက် ခုတ်သည်။ ပုံ(၈) ခြေကွက်ပုံစံ(၈)။

လှုပ်ရှားမှုအမှတ်စဉ်(၁၀) ဗယ်လက်ပယ့်သည်။ ပုံ(၉) ခြေကွက်ပုံစံ မပြောင်း။ ခြေကွက်ပုံစံ(၈)အတိုင်းပင် ဖြစ်သည်။

လူပ်ရှားမှုအမှတ်စဉ်(၁၁) ညာခြေတက်၍ ညာလက် ခုတ်သည်။ ပုံ(၁၀) ခြေကွက်ပုံစံ(၉) ညာခြသေ့ထိုင်ဖြစ်သည်။

လူပ်ရှားမှုအမှတ်စဉ်(၁၂) ခြေဖဝါး နှစ်ခုအား ဗဟိုဘက်သို့ (နောက်သို့) တပြိုင်တည်းကြိတ်လှည့်လိုက်သည်။ ပုံ(၁၁) ခြေကွက် ပုံစံ(၁၀) ဗဟိုခြသေ့ထိုင်ဖြစ်သွားသည်။

လူပ်ရှားမှု အမှတ်စဉ်(၁၃) ဗဟိုခြေ မ,လိုက်သည်။ ပုံ(၁၂) ခြေကွက်ပုံစံ(၁၁)ညာခြေတချောင်းထောက်အနေအထားဖြင့်ဗဟိုခြေကို မ,ခြင်းဖြစ်သည်။

လူပ်ရှားမှု အမှတ်စဉ်(၁၄) ဗဟိုခြေ ခွဲ,လိုက်သည်။ ပုံ(၁၃) ခြေကွက်ပုံစံ(၁၂) ညာခြသေ့ထိုင်ဖြစ်သွားသည်။

လူပ်ရှားမှုအမှတ်စဉ်(၁၅)ဗဟိုလက်နှင့်ပခုံသည်းပုံ(၁၄)ခြေကွက် ပုံစံ(၁၃) ဗဟိုခြသေ့ထိုင် ဖြစ်သွားသည်။ (ဖနောင့်နှစ်ခုအား ဗဟိုဘက်သို့ နောက်ဘက်သို့ ပြိုင်တူကြိတ်လှည့်ခြင်းဖြင့် ဗဟိုလက် ပယ်ခြင်းဖြစ်သည်။)

လူပ်ရှားမှုအမှတ်စဉ်(၁၆) ညာခြေတက်၍ ညာလက် ခုတ်သည်။ ပုံ(၁၅) ခြေကွက်ပုံစံ(၁၄) ညာခြသေ့ထိုင်ဖြစ်သည်။

လူပ်ရှားမှု အမှတ်စဉ် (၁၇) ညာခြေ မ,လိုက်သည်။ ပုံ ၁၆ ခြေကွက်ပုံစံ ၁၅ ဗဟိုခြေတချောင်း ထောက်ရပ်၍ ညာခြေ မ,ခြင်း ဖြစ်သည်။

လူပ်ရှားမှုအမှတ်စဉ် (၁၈)ညာခြေ ခွဲလိုက်သည်။ ပုံ ၁၇ ခြေကွက် ပုံစံ ၁၆ ဗဟိုခြသေ့ထိုင်ဖြစ်သွားသည်။

လူပ်ရှားမှုအမှတ်စဉ်(၁၉) ညာလက် ပယ်သည်။ ပုံ ၁၈ ခြေကွက် ပုံစံ(၁၇) ညာခြသေ့ထိုင်ဖြစ်သွားသည်။ (၂ ကွက် အနေအထားဖြင့် ပယ်ခြင်းဖြစ်သည်။)

လူပ်ရှားမှုအမှတ်စဉ်(၂၀) ဗဟိုခြေတက်၍ ဗဟိုလက် ခုတ်သည်။ ပုံ၁(၉)ခြေကွက်ပုံစံ(၁၈) ဗဟိုခြသေ့ထိုင်ဖြစ်သည်။

လူပ်ရှားမှုအမှတ်စဉ်(၂၁) ဗဟိုလက် ပယ်သည်။ ပုံ(၂၀)ခြေကွက် ပုံစံမပြောင်း။ ခြေကွက်ပုံစံ(၁၈)အတိုင်းဖြစ်သည်။

လူပ်ရှားမှုအမှတ်စဉ် (၂၂) ညာခြေတက်၍ ညာလက် ခုတ်သည်။ ပုံ(၂၁) ခြေကွက်ပုံစံ (၁၉) ညာခြသေ့ထိုင်ဖြစ်သည်။

လူပ်ရှားမှု အမှတ်စဉ် (၂၃) ခြေဖဝါး နှစ်ခုအား ဗဟိုဘက်သို့ (နောက်သို့) တပြိုင်တည်း ကြိတ်လှည့်လိုက်သည်။ ပုံ(၂၂) ခြေကွက် ပုံစံ(၂၀) ဗဟိုခြသေ့ထိုင်ဖြစ်သွားသည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၄) ဗယ်ခြေ မ,လိုက်သည်။ ပုံ(၂၃) ခြေကွက်ပုံစံ (၂၁) ညာခြေတချောင်း ထောက်ရပ်၍ ဗယ်ခြေ မ,ခြင်း ဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၂၅)ဗယ်ခြေ ခွဲလိုက်သည်။ပုံ(၂၄) ခြေကွက် ပုံစံ(၂၂) ညာခြေသွေ့ထိုင် ဖြစ်သွားသည်။

မှတ်ချက်။ ။အထက်ဖော်ပြပါ ပယ်၊ ခုတ်၊ မ၊ ခွဲ (၅)ကွက် လက်သိုင်း လှုပ်ရှားမှု ပုံစံသည် အခြေခံအကျဆုံးနှင့်အလွယ်ကူဆုံး လှုပ်ရှားမှုပုံစံ ဖြစ်သည်။ အမှတ်စဉ် (၁၂) နှင့် (၂၃)၌ ခြေဖဝါးနှစ်ခုအား ဗယ်ဘက်သို့ (နောက်သို့) တပြိုင်တည်း ကြိတ်လှည့်ရသည့် ခြေကွက် လှုပ်ရှားမှု ၂ မျိုးပါရှိသည်။ ဤ(၅)ကွက်လှုပ်ရှားမှုကို ကြေညက်ပြီဆိုပါက နောက်ကြိတ်လှည့်ရသည့် အမှတ်စဉ်(၁၂) နှင့်(၂၃)၊ ခြေကွက်(၁၀)နှင့်(၂၁)တို့ကို ဖျောက်ပစ်ပြီး ခြေတချောင်းထောက်ပြီး နောက်ကြိတ်လှည့်၍ မ,သည့် လှုပ်ရှားမှု နှစ်မျိုးဖြင့် အစားထိုးလှုပ်ရှားရမည်ဆက်၍ ဖော်ပြပါမည်။

ပယ်၊ခုတ်၊မ၊ခွဲ(၅)ကွက် လက်သိုင်းပုံစံ(ခြေတချောင်းထောက်၍ နောက်ကြိတ်လှည့်ပြီး မ,သည့်အနေအထားပါဝင်လှုပ်ရှားသည်)

လှုပ်ရှားမှုအမှတ်စဉ်(၁) ပုံ(၈) အသင့်ပြင်အနေအထားအတိုင်းရပ်သည်။, ခြေကွက်ပုံစံ(၁)။

လှုပ်ရှားမှုအမှတ်စဉ်(၂) ဗယ်လက်ကိုထောင်သည်။ ပုံ(၁)ခြေကွက်ပုံစံမပြောင်း။

လှုပ်ရှားမှုအမှတ်စဉ်(၃) ဗယ်လက်ကို ညာဘက်သို့ ညာဒူးညွတ်၍ ခုတ်သည်။ ပုံ (၂) ခြေကွက်ပုံစံ (၂)၊ ညာခြေသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၄) ဗယ်လက်နှင့်ပယ်လိုက်သည်။ ပုံ(၃) ခြေကွက် ပုံစံ (၃) ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသည်။ (၂ ကွက် အနေအထားဖြင့် ခြေဖဝါးနှစ်ခုအား ဗယ်ဘက်သို့ တပြိုင်တည်းကြိတ်လှည့်၍ ဗယ်လက် ပယ်ခြင်းဖြစ်သည်။)

လှုပ်ရှားမှု အမှတ်စဉ်(၅) အကွက်(၁)မှ ညာခြေကိုအကွက် (၃) သို့တက်၍ ညာလက်ခုတ်သည်။ ပုံ(၄) ခြေကွက်ပုံစံ (၄) ညာခြေသွေ့ထိုင်ဖြစ်သည်။

ပုံ(၈) အသင့်ပြင်ရပ်သည်
ခြေကွက်ပုံစံ(၁)

ပုံ(၁)မယ်လက်ထောင်
သည်။ခြေကွက်ပုံစံ(၁)



ပုံ(၂) မယ်လက်ညှိုတ်၍ခုတ်သည်
ခြေကွက်ပုံစံ (၂)



ပုံ (၃) မယ်လက်ပယ်သည်
ခြေကွက်ပုံစံ(၃)

ပုံ (၄) ခြေကွက်ပုံစံ (၄)
ညာခြေတက်၍ ညာလက်ခုတ်သည်

လှုပ်ရှားမှုအမှတ်စဉ်(၆) ညာခြေကို မ,လိုက်သည်။ ပုံ(၅)ခြေကွက် ပုံစံ(၅) ဗယ်ခြေသည် အကွက်(၂)၌ ခြေတချောင်းထောက် ရပ်၍ အကွက်(၃)မှ ညာခြေအား မ,လိုက်ခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၇) ညာခြေကို ခွဲလိုက်သည်။ပုံ(၆) ခြေကွက် ပုံစံ(၆) ဗယ်ခြသေ့ထိုင် ဖြစ်သွားသည်။ မ,ထားသည့် ညာခြေအား အကွက် (၁)သို့ ခွဲချလိုက်ခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ် (၈) ညာလက်နှင့် ပယ်လိုက်သည်။ ပုံ(၇) ခြေကွက်ပုံစံ (၇) ညာခြသေ့ထိုင် ဖြစ်သွားသည်။ (၂)ကွက် အနေ အထားဖြင့် ပယ်ခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၉) အကွက်(၂)မှ ဗယ်ခြေကို အကွက်(၃)သို့ တက်၍ ဗယ်လက်ခုတ်သည်။ ပုံ(၈) ခြေကွက်ပုံစံ(၈) ဗယ်ခြသေ့ထိုင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၀) ဗယ်လက်နှင့် ပယ်လိုက်သည်။ ပုံ(၉) ခြေကွက်ပုံစံမပြောင်း။ ခြေကွက်ပုံစံ(၈) အတိုင်းပင်ဖြစ်သည်။ ပုံ(၈) အတိုင်းခုတ်ထားရာမှ ဗယ်လက်နှင့် ပယ်လိုက်ခြင်းဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၁၁) အကွက်(၁)မှ ညာခြေကို အကွက်(၄) သို့တက်၍ ညာလက်ခုတ်သည်။ ပုံ(၁၀) ခြေကွက်ပုံစံ(၉)ညာခြသေ့ ထိုင်ဖြစ်သည်။

ပုံ (၅) ခြေကွက်ပုံစံ (၅)
ညာခြေမ,သည်



ပုံ (၆) ခြေကွက်ပုံစံ (၆)
ညာခြေခွဲသည်

ပုံ(၇) ညာလက်ပယ်သည်
ခြေကွက်ပုံစံ (၇)

ပုံ(၈) ခြေကွက်ပုံစံ (၈)
ပယ်ခြေတက်၍ပယ်လက်နှုတ်သည်

ပုံ(၉) ဗယ်လက်ပယ်သည်
ခြေကွက်ပုံစံမပြောင်း

ပုံ(၁၀) ညာခြေတက်၍ညာလက်ခုတ်
သည် ခြေကွက်ပုံစံ (၉)

လှုပ်ရှားမှုအမှတ်စဉ် (၁၂) ညာခြေတချောင်းထောက်၍ အကွက် (၃)မှ ဗယ်ခြေအား မ,လိုက်သည်။ ပုံ(၁၁) ခြေကွက်ပုံစံ(၁၀)အတိုင်း ဖြစ်သည်။ ညာခြေဖဝါးသည် အကွက် (၄)၌ ခြေတံချောင်းထောက် ဆန့်တန်း၍ ရပ်ခြင်းဖြစ်သည်။ ညာလက်သည်မြောက်၍ ဗယ်လက်သည် အောက်သို့ ဆန့်တန်းထားသည်။ (ဗယ်ခြေ မ,သည့် အနေအထားပုံစံ ဖြစ်သည်။)

လှုပ်ရှားမှုအမှတ်စဉ် (၁၃) ဗယ်ခြေကို ခွဲလိုက်သည်။ ပုံ(၁၂) ခြေကွက်ပုံစံ (၁၁) အတိုင်းဖြစ်သည်။ ညာခြေသေ့ဆိုင် ဖြစ်သွားသည်။ ဤပုံသည် နောက်မှမြင်ရခြင်းဖြစ်၍ ရှေ့မှကြည့်လျှင် ပုံ ၂ ခြေကွက် ပုံစံ(၂)အတိုင်းတွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၄) ဗယ်လက်နှင့် ပယ်လိုက်သည်။ ပုံ(၁၃) ခြေကွက်ပုံစံ(၁၂) ဗယ်ခြေသေ့ထိုင်ဖြစ်သွားသည်။(၂ ကွက်အနေအထား ဖြင့် ပယ်ခြင်းဖြစ်သည်။) ရှေ့မှကြည့်လျှင် ပုံ(၃) ခြေကွက်ပုံစံ (၃) အတိုင်း တွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ် (၁၅) အကွက် ၄ မှ ညာခြေကိုအကွက် ၃ သို့တက်၍ ညာလက်ခုတ်သည်။ ပုံ ၁၄. ခြေကွက်ပုံစံ ၁၃ ညာခြေသေ့ထိုင်ဖြစ်သည်။ ဤပုံကိုရှေ့မှကြည့်လျှင် ပုံ ၄ ခြေကွက်ပုံစံ ၄ အတိုင်း တွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ် (၁၆) ညာခြေကို မ,လိုက်သည်။ပုံ ၁၅ ခြေကွက်ပုံစံ ၁၄ အကွက် ၃သို့ တက်ထားသော ညာခြေအား ဗယ်ခြေတချောင်းထောက် အနေအထားဖြင့် မ,လိုက်ခြင်းဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ ၅ ခြေကွက်ပုံစံ ၅ အတိုင်း တွေ့ရမည်။

ပုံ (၁၁) ဗယ်ခြေမ,သည့် ခြေကွက်ပုံစံ (၁၀)

ပုံ (၁၂) ဗယ်ခြေသည့်နဲ့ ခြေကွက်ပုံစံ (၁၁)

လှုပ်ရှားမှုအမှတ်စဉ်(၁၂) ညာခြေကိုခွဲလိုက်သည်။ပုံ ၁၆ ခြေကွက် ပုံစံ ၁၅ ဇယ်ခြေသေ့ထိုင် ဖြစ်သွားသည်။ မှတ်သားသည့် ညာခြေအား အတွက် ၄ သို့ ခွဲခွဲလိုက်ခြင်းဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ ၆ ခြေကွက်ပုံစံ ၆ အတိုင်း တွေ့ရမည်။



ပုံ(၁၃) ဇယ်လက်ဝယ်သည်၊
ခြေကွက်ပုံစံ (၁၂)

ပုံ (၁၄)ညာခြေတက်၍
ညာလက်ခုတ်သည့်
ခြေကွက်ပုံစံ (၁၃)

ပုံ(၁၅)ညာခြေမှ,သည်
ခြေကွက်ပုံစံ(၁၄)



ပုံ(၁၆) ညာခြေခွဲသည့်
ခြေကွက်ပုံစံ (၁၅)

လှုပ်ရှားမှု အမှတ်စဉ်(၁၈) ညာလက်နှင့်ပယ်လိုက်သည်။ ပုံ ၁၇ ခြေကွက်ပုံစံ ၁၆ ညာခြေသွေ့ထိုင် ဖြစ်သွားသည်။ (၂ ကွက် အနေအထားဖြင့် ညာလက်ပယ်ခြင်းဖြစ်သည်။) ရှေ့မှကြည့်လျှင် ပုံ ၇ ခြေကွက်ပုံစံ ၇ အတိုင်း တွေ့ရသည်။

လှုပ်ရှားမှု အမှတ်စဉ် (၁၉) အကွက် ၅ မှ ဗယ်ခြေကို အကွက် ၃ သို့တက်၍ ဗယ်လက်ခုတ်သည်။ ပုံ ၁၈ ခြေကွက်ပုံစံ ၁၇ ဗယ်ခြေသွေ့ထိုင်ဖြစ်သည်။ရှေ့မှကြည့်လျှင် ပုံ ၈ ခြေကွက်ပုံစံ ၈အတိုင်း တွေ့ရမည်။

လှုပ်ရှားမှု အမှတ်စဉ်(၂၀) ဗယ်လက်နှင့်ပယ်လိုက်သည်။ ပုံ ၁၉ ခြေကွက်ပုံစံ မပြောင်းပါ။ ခြေကွက်ပုံစံ ၁၇ အတိုင်းပင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၁) အကွက် ၄ မှ ညာခြေကို အကွက် ၁ သို့ တက်၍ ညာလက်ခုတ်သည်။ပုံ ၂၀ ခြေကွက်ပုံစံ ၁၈ ညာခြေသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ် (၂၂) ညာခြေကို တချောင်း ထောက်၍ အကွက် ၃ မှ ဗယ်ခြေအား မ,လိုက်သည်။ ပုံ ၂၁ ခြေကွက် ပုံစံ ၁၉ အတိုင်း ဖြစ်သည်။ ညာခြေဖဝါးသည် အကွက် ၁ ၌ ခြေတချောင်းထောက် ဆန့်တန်း၍ရပ်ခြင်းဖြစ်သည်။ ညာလက်မြှောက်၍ ဗယ်လက်သည် အောက်သို့ဆန့်တန်းထားသည်။(ဗယ်ခြေ မ,သည့်အနေအထားပုံစံ ဖြစ်သည်။)

လှုပ်ရှားမှု အမှတ်စဉ် (၂၃) ဗယ်ခြေကို ခွဲလိုက်သည်။ ပုံ ၂၂ ခြေကွက်ပုံစံ ၂၀ညာခြသွေ့ထိုင် ဖြစ်သွားသည်။စာမျက်နှာ (၁၃၁)မှ ပုံ ၂ ခြေကွက်ပုံစံ ၂အတိုင်းဖြစ်သည်။ မ, ထားသည့်ဗယ်ခြေအား အကွက် ၂ သို့ ခွဲချလိုက်ခြင်းဖြစ်သည်။

ပုံ(၁၇)ညာလက်နှင့်ပယ်သည်
ခြေကွက်ပုံစံ (၁၆)

ပုံ(၁၈)ဗယ်ခြေတက်၍ဗယ်လက်
ခုတ်သည်။ ခြေကွက်ပုံစံ (၁၇)

ပုံ(၁၉) ဗယ်လက်
ပယ်သည်ခြေကွက်
ပုံစံမပြောင်းပါ။

ပုံ(၂၀) ညာခြေတက်၍
ညာလက်ခုတ်သည်။
ခြေကွက်ပုံစံ (၁၈)

ပုံ(၂၁)ခြေကွက်ပုံစံ (၁၉) ဗယ်ခြေမ သည်

ပယ်၊ခုတ်၊မ၊ခွဲ (၅) ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံ

(ခြေထပ်ရှေ့ခုန်တက်၊နောက်ပြန်ဆုတ်၍ ခြေမြှောက် လက်ခမောင်း ခတ်ခြင်းများ ပါဝင်လှုပ်ရှားသည်)

လှုပ်ရှားမှုအမှတ်စဉ်(၁) ပုံ ၈ အသင့်ပြင် အနေအထားအတိုင်း ရပ်သည်။ ခြေကွက်ပုံစံ ၁။

လှုပ်ရှားမှုအမှတ်စဉ်(၂) ဗယ်လက်ကိုထောင်လိုက်သည်။ ပုံ ၁ ခြေကွက်ပုံစံမပြောင်းပါ။ ခြေကွက်ပုံစံ ၁ အတိုင်းဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၃) ဗယ်လက်ကိုညာဘက်သို့ ညာဒူးညွှတ်၍ ခုတ် လိုက်သည်။ ပုံ ၂ ခြေကွက်ပုံစံ ၂ ညာ ခြေသွေ့ထိုင် ဖြစ်သွားသည်။

လှုပ်ရှားမှု အမှတ်စဉ်(၄) ဗယ်လက်နှင့် ပယ်လိုက်သည်။ ပုံ ၃ ခြေကွက်ပုံစံ ၃ ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသည်။ (၂ကွက်အနေအထား ဖြင့် ခြေဖဝါး နှစ်ခုအား ဗယ်ဘက်သို့ တပြိုင်တည်း ကြိတ်လှည့်၍ ဗယ်လက် ပယ်ခြင်းဖြစ်သည်။)

လှုပ်ရှားမှု အမှတ်စဉ်(၅) အကွက် ၁ မှ ညာခြေကို အကွက် ၃ သို့ တက်၍ ညာလက်ခုတ်သည်။ ပုံ ၄ ခြေကွက် ပုံစံ ၄ ညာခြေသွေ့ထိုင် ဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၆) ညာခြေကို မ,လိုက်သည်။ ပုံ ၅ ခြေကွက်ပုံစံ၅ ဗယ်ခြေသည် အကွက် ၂ ၌ ခြေတချောင်းထောက်၍ အကွက် ၃ မှ ညာခြေအား မ,လိုက်ခြင်း ဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ် (၇) ညာခြေကို ခွဲ လိုက်သည်။ ပုံ ၆ ခြေကွက် ပုံစံ ၆ ဗယ်ခြေသွေ့ထိုင် ဖြစ်သွားသည်။ မ,ထားသည့် ညာခြေအား အကွက် ၁ သို့ ခွဲချလိုက်ခြင်းဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၈) ညာလက်နှင့် ပယ် လိုက်သည်။ ပုံ ၇ ခြေကွက်ပုံစံ ၇ ညာခြေသွေ့ထိုင် ဖြစ်သွားသည်။ (၂ကွက် အနေအထားဖြင့်,ခြေဖဝါး နှစ်ခုအား ညာဘက်သို့တပြိုင်တည်း ကြိတ်လှည့်၍ ညာလက်ပယ်ခြင်းဖြစ်သည်။)

မှတ်ချက်။ ။ဤစာမျက်နှာရှိ လှုပ်ရှားမှု အမှတ်စဉ် (၁)မှ လှုပ်ရှားမှု အမှတ်စဉ် (၅) အထိ ပုံများသည် စာမျက်နှာ (၁၃၁)မှ ပုံများအတိုင်းဖြစ်ပြီး လှုပ်ရှားမှုအမှတ်စဉ် (၆)မှအမှတ်စဉ် (၈) အထိပုံများသည် စာမျက်နှာ (၁၃၃)မှ ပုံ (၅) ပုံ(၆)ပုံ(၇)အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၉)အကွက် ၂ မှ ဗယ်ခြေကို အကွက် ၃ သို့ တက်၍ ဗယ်လက် ခုတ်သည်။ ပုံ ၈ ခြေကွက်ပုံစံ ၈ ဗယ်ခြသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၀) ခြေထပ်၍ ရှေ့သို့ ခုတ်တက်သည်။ ပုံ ၉ ခြေကွက်ပုံစံ ၉ အတိုင်းဖြစ်သည်။ (အကွက် ၁ မှ ညာခြေဖဝါးအား ကန့်လန့်ဖြတ် အနေအထားအတိုင်း အကွက် ၃ ရှိ ဗယ်ခြေဖနောင့်နားသို့ ခုန်၍ကပ်လိုက်ရသည်။ ညာခြေဖနောင့်သည် ဗယ်ခြေဖနောင့်နားကပ်သည်နှင့်တပြိုင်နက် အကွက် ၃ မှ ဗယ်ခြေအားအကွက် ၄ သို့ လှမ်း၍ ခုန်တက်လိုက်သည်။) ဤခြေထပ် ခုန်တက်နည်းကို အခန်း ၄ ခြေထပ် ခုန်တက် ခုန်ဆင်းနည်း လေ့ကျင့်ခန်း၌ အကျယ်တဝင့် ဖော်ပြပြီးဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၁၁) ခြေထပ်၍ နောက်သို့ ပြန်ဆုတ်သည်။ ပုံ ၁၀ ခြေကွက်ပုံစံ ၁၀ ဗယ်ခြသွေ့ထိုင်ဖြစ်သည်။ အကွက် ၄ မှ ဗယ်ခြေဖနောင့်အား အကွက် ၃ ရှိ ညာခြေဖဝါးနားသို့ နောက်ပြန်ဆုတ်၍ ကပ်လိုက်သည်နှင့်တပြိုင်နက် ညာခြေဖဝါးအား အကွက် ၃ မှ အကွက် ၁ သို့ ပြန်၍ ဆုတ်လိုက်ခြင်းဖြစ်သည်။ (အခန်း ၄ ၌ ဖော်ပြခဲ့သည့် ခြေထပ်ခုန်တက် ခုန်ဆင်း လေ့ကျင့်ခန်း၌ ဖော်ပြပြီး ဖြစ်သည်။)

မှတ်ချက်။ ။ဤစာမျက်နှာရှိ လှုပ်ရှားမှု အမှတ်စဉ်(၉)မှ လှုပ်ရှားမှု အမှတ်စဉ် (၁၁)အထိ ပုံများသည် စာမျက်နှာ (၁၃၃) မှ ပုံ (၈) ခြေကွက်ပုံစံ (၈) အတိုင်းဖြစ်သည်။ ပုံအမှတ်နှင့် ခြေကွက်ပုံစံ အမှတ်များသာ ပြောင်းသည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၂) ဗယ်ခြေကို 'မ'၍ လက်ခမောင်း ၃ ခါ ခတ်သည်။ ပုံ ၁၁ ခြေကွက်ပုံစံ ၁၁ အတိုင်းဖြစ်သည်။ အကွက် ၃ မှ ဗယ်ခြေအား ညာခြေတချောင်းထောက် အနေအထားဖြင့် 'မ'လိုက်သည်။ ခုတ်ထားသော ဗယ်လက်အား လက်ခမောင်း ခတ်နိုင်သည့်အနေအထားဖြစ်အောင် တံတောင်ဆစ်မှ ကွေးလိုက်သည်။ ဗယ်လက်ဖဝါးသည် ညာချိုင်းကြားအောက်၌ လက်မနှင့်လက်ညှိုး 'ခွ'၍ သွင်းထားသည်။ . ညာလက်ဖဝါးဖြင့် ဗယ်တံတောင်ဆစ်ကွေးထားသော နေရာသို့အသံမြည်အောင် လက်ခမောင်း ၃ ခါခတ်ခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၃) ဗယ်ခြေချ၍ ဗယ်လက်နှင့် 'ပယ်'လိုက်သည်။ ပုံ(၁၂) ခြေကွက်ပုံစံ(၁၂) အတိုင်းဖြစ်သည်။ လက်ခမောင်း ၃ ခါခတ်ပြီးနောက် မှတ်ထားသည့် ဗယ်ခြေအား အကွက် ၃ သို့ တက်၍ ဗယ်လက် ပယ်,ခြင်းဖြစ်သည်။ ဗယ်ခြေ အကွက်(၃)သို့ တက်ခြင်းနှင့် ဗယ်လက် ပယ်,ခြင်းတို့သည် တပြိုင်နက် ဖြစ်သည်။ (လက်ခမောင်းခတ်နေစဉ်၊ ဝင်၍ တိုက်လာသော ရန်သူ၏ လက်သီးချက်အား ကာကွယ်လိုက်ခြင်းဖြစ်သည်။)

လှုပ်ရှားမှုအမှတ်စဉ်(၁၄) အကွက် ၁ မှ ညာခြေကို အကွက် ၄ သို့ တက်၍ ညာလက် ခုတ်သည်။ ပုံ ၁၃ ခြေကွက်ပုံစံ ၁၃ အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၅) ဗယ်ခြေကို 'မ'လိုက်သည်။ ပုံ ၁၄ ခြေကွက်ပုံစံ ၁၄ အတိုင်းဖြစ်သည်။ အကွက် ၄ ၌ ညာခြေအား ခြေတချောင်းထောက် အနေအထားဖြင့် နောက်ကြိတ်လှည့်ပြီး အကွက် ၃ မှ ဗယ်ခြေအား တပြိုင်တည်း မှတ်လိုက်ခြင်းဖြစ်သည်။ ညာလက်ထောင်၍ ဗယ်လက်သည်လည်း အောက်ဘက်သို့ ဆန့်တန်းလိုက်သည်။

လှုပ်ရှားမှုအမှတ်စဉ် (၁၆) ဗယ်ခြေကို ခွဲလိုက်သည်။ ပုံ ၁၅ ခြေကွက်ပုံစံ ၁၅ ညာခြေသွေ့ထိုင်ဖြစ်သွားသည်။ ဤပုံကို ရှေ့ကကြည့်ပါက ပုံ ၂ ခြေကွက်ပုံစံ ၂ အတိုင်း တွေ့ရမည်။ မှတ်ထားသည့် ဗယ်ခြေအား အကွက် ၅ သို့ 'ခွဲ'ချလိုက်ခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၇) ဗယ်လက်နှင့် ပယ်,သည်။ ပုံ ၁၆ ခြေကွက်ပုံစံ ၁၆ ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသည်။ ရှေ့မှ ကြည့်လျှင် ပုံ ၃ ခြေကွက်ပုံစံ ၃ အတိုင်းတွေ့ရမည်။ (၂ ကွက် အနေအထားဖြင့် ခြေဖဝါးနှစ်ခုအား ဗယ်ဘက်သို့တပြိုင်တည်း ကြိတ်လှည့်၍ ဗယ်လက် 'ပယ်'ခြင်းဖြစ်သည်။)

ပုံ(၁၁)ဗယ်ခြေမ,၍ လက်ခမောင်း
သုံးခါခတ်သည် ခြေကွက်ပုံစံ (၁၁)

ပုံ(၁၂) ဗယ်လက်ပယ်သည်
ခြေကွက်ပုံစံ (၁၂)



ပုံ(၁၃) ညာခြေတက်၍ညာလက်ခုတ်
သည် ခြေကွက်ပုံစံ (၁၃)

ပုံ (၁၄) ဗယ်ခြေမ,သည်
ခြေကွက်ပုံစံ (၁၄)

ပုံ (၁၅) ဗယ်ခြေခွသည်
ခြေကွက်ပုံစံ (၁၅)



ပုံ (၁၆) ဗယ်လက်ပယ်သည်
ခြေကွက်ပုံစံ (၁၆)

လှုပ်ရှားမှုအမှတ်စဉ်(၁၈) အကွက် (၄)မှ ညာခြေကို အကွက် (၃)သို့ တက်၍ ညာလက် ခုတ်သည်။ ပုံ(၁၇) ခြေကွက်ပုံစံ(၁၇) ညာခြေသွေ့ထိုင်ဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ(၄) ခြေကွက်ပုံစံ(၄) အတိုင်းတွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၉) ညာခြေကို မ,လိုက်သည်။ ပုံ(၁၈) ခြေကွက်ပုံစံ (၁၈) အတိုင်းဖြစ်သည်။ အကွက်(၃)မှ ညာခြေအား ဗယ်ခြေတချောင်းထောက် အနေအထားဖြင့် မ,လိုက်ခြင်း ဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ(၅) ခြေကွက်ပုံစံ (၅)အတိုင်းတွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၀) ညာခြေကို 'ခွဲ'လိုက်သည်။ ပုံ(၁၉) ခြေကွက်ပုံစံ(၁၉)အတိုင်းဖြစ်သည်။ မ,ထားသည့်ဗယ်ခြေအား အကွက်(၄)သို့ 'ခွဲ'ချလိုက်ခြင်းဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ(၆) ခြေကွက်ပုံစံ(၆)အတိုင်းတွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၁) ညာလက်နှင့် 'ပယ်'သည်။ ပုံ(၂၀) ခြေကွက်ပုံစံ(၂၀) ညာခြေသွေ့ထိုင် ဖြစ်သွားသည်။ (၂ ကွက် အနေအထားနှင့် 'ပယ်'ခြင်းဖြစ်သည်၊) ရှေ့မှကြည့်လျှင် ပုံ(၇) ခြေကွက်ပုံစံ(၇)အတိုင်းတွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၂) အကွက်(၅)မှ ဗယ်ခြေကို အကွက်(၃)သို့ တက်၍ ဗယ်လက် ခုတ်သည်။ ပုံ(၂၁) ခြေကွက်ပုံစံ(၂၁) ဗယ်ခြေသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၃) ခြေထပ်၍ ရှေ့သို့ ခုန်တက်သည်။ ပုံ(၂၂) ခြေကွက်ပုံစံ(၂၂)ပုံ (၂၁) အတိုင်းပင်ဖြစ်၍ ခြေကွက်ပုံစံ သာပြောင်းသည်။ (အကွက်(၄)မှ ညာခြေအားအကွက် (၃)သို့ လှမ်းခုန်တက်၍ အကွက်(၃)မှ ဗယ်ခြေအား အကွက် (၁)သို့ လှမ်း၍ ခုန်တက်ခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၄) ခြေထပ်၍ နောက်သို့ ပြန်ဆုတ်သည်။ ပုံ(၂၃) ခြေကွက်ပုံစံ(၂၃) ဗယ်ခြေသွေ့ထိုင်ပင် ဖြစ်သည်။ ပုံ(၂၁) အတိုင်းပင်ဖြစ်၍ ခြေကွက်ပုံစံအမှတ်သာ ပြောင်းသည် (အကွက်(၁)မှ ဗယ်ခြေအား အကွက်(၃)သို့ နောက်ပြန် လှမ်းခုန် ဆုတ်ပြီး အကွက်(၃)မှ ညာခြေအား အကွက်(၄)သို့ နောက်ပြန် လှမ်း၍ ခုန်ဆုတ်ခြင်းဖြစ်သည်။)

လှုပ်ရှားမှုအမှတ်စဉ်(၂၅) ဗယ်ခြေကို 'မ'၍ လက်ခမောင်း ၃ ခါ ခတ်လိုက်သည်။ ပုံ(၂၄) ခြေကွက်ပုံစံ(၂၄)အတိုင်းဖြစ်သည်။အကွက်

ပုံ (၁၇)ညာခြေတက်၍ ညာလက်
နှစ်သည် ခြေကွက်ပုံစံ (၁၇)

ပုံ(၁၈)ညာခြေမ,သည်
ခြေကွက်ပုံစံ(၁၈)



ပုံ(၁၉) ညာခြေခွဲသည်
ခြေကွက်ပုံစံ (၁၉)

ပုံ (၂၀)ညာလက်နှင့်ပယ်သည်
ခြေကွက်ပုံစံ(၂၀)

ပုံ(၂၁)ဗယ်ခြေတက်၍ဗယ်လက်
နှိတ်သည်။ ခြေကွက်ပုံစံ (၂၁)

ပုံ(၂၄) ဗယ်လက်ပယ်သည် ခြေ
ကွက်ပုံစံမပြောင်းပါ။

(၃)မှ ဗယ်ခြေအား ညာခြေ တချောင်းထောက် အနေအထားဖြင့် 'မ' လိုက်ခြင်းဖြစ်၍ ခုတ်ထားသော ဗယ်လက်အား လက်ခမောင်းခတ် နိုင်သည့် အနေအထားဖြစ်အောင် တံတောင်ဆစ်မှကွေး၍ ညာဘက် ချိုင်းကြားအောက်သို့ လက်'ခွ'သွင်းလိုက်သည်။ ညာလက်ဖဝါးဖြင့် ဗယ်တံတောင်ဆစ်ကွေးထားသော နေရာသို့ အသံမြည်အောင် လက် ခမောင်း ၃ ခါခတ်ရသည်။ရှေ့မှကြည့်လျှင် ပုံ ၁၁ ခြေကွက်ပုံစံ ၁၁ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှု အမှတ်စဉ်(၂၆) ဗယ်ခြေကို အောက်သို့ချ၍ ဗယ် လက်နှင့်ပယ်လိုက်သည်၊ ပုံ ၂၅ ခြေကွက်ပုံစံ ၂၅ ဗယ်ခြေသွေ့ထိုင် ဖြစ်သည်။ မှတ်သားသည့် ဗယ်ခြေအား အကွက် ၃ သို့တက်၍ ဗယ်လက် ပယ်ခြင်းဖြစ်သည်။ ဗယ်ခြေ အကွက် ၃ သို့ တက်ခြင်းနှင့် ဗယ်လက် ပယ်ခြင်းတို့သည် တပြိုင်တည်းဖြစ်သည်။ ရှေ့မှ ကြည့်လျှင် ပုံ ၁၂ ခြေကွက်ပုံစံ ၁၂ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှု အမှတ်စဉ်(၂၇) အကွက် ၄မှ ညာခြေကို အကွက် ၁သို့ တက်၍ ညာလက် ခုတ်သည်။ ပုံ ၂၆ ခြေကွက်ပုံစံ ၂၆ ညာခြေသွေ့ထိုင် ဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ ၁၃ ခြေကွက်ပုံစံ ၁၃ အတိုင်း တွေ့ ရမည်။

လှုပ်ရှားမှုအမှတ်စဉ် (၂၈) ဗယ်ခြေကို မ,လိုက်သည်။ ပုံ ၂၇ ခြေကွက်ပုံစံ ၂၇ အတိုင်း ဖြစ်သည်။ အကွက် ၁ ၌ ညာခြေအား ခြေတချောင်းထောက်အနေအထားဖြင့် နောက်ကြိတ်လှည့်လိုက်သည်။ အကွက် ၃ မှ ဗယ်ခြေအား တပြိုင်တည်း မ, လိုက်ခြင်း ဖြစ်သည်။ ညာလက်ထောင်၍ ဗယ်လက်သည်လည်း ဆန့်တန်း လိုက်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၂၉) ဗယ်ခြေကို ခွဲ လိုက်သည်။ ပုံ ၂၈ ခြေကွက် ပုံစံ ၂၈ ညာခြေသွေ့ထိုင်ဖြစ်သွားသည်။ မှတ်သားသည့် ဗယ် ခြေအား အကွက် ၂ သို့ ခွဲချလိုက်ခြင်းဖြစ်သည်။ စာမျက်နှာ ၁၃၁ မှ ပုံစံ(၂) ခြေကွက်ပုံစံ(၂) အတိုင်းဖြစ်သည်ဤတွင်ပြီးဆုံးသည်။

မှတ်ချက်။ ။ဤခြေထပ်ရှေ့ခုန်တက် နောက်ပြန်ဆုတ် ၅ ကွက် လက်သိုင်း၌ ပါဝင်သည့် ခြေဆပ်ခုန်တက်ခြင်း၊ခုန်ဆုတ် ခြင်း၊ လက်ခမောင်းခတ်ခြင်းများ၏ အဓိပ္ပာယ်သဘော တရားမှာ (၁) ရှေ့သို့ ခြေထပ်ခုန် တက်ခြင်းသည် ရန်သူအားခုန်၍ တိုက်ခြင်း ဖြစ်သကဲ့သို့ ရန်သူအား တိုက်ခိုက် စေရန် ပရိယာယ် ဆင်၍ ရှေ့တလှမ်း တိုး ပေး ခြင်း လည်း ဖြစ် သည်။ (၂) နောက်သို့

ပုံ (၂၅) ဗယ်လက်ပယ်သည်
ခြေကွက်ပုံစံ(၂၅)

ပုံ(၂၆)ညာခြေတက်၍ညာလက်
ခုတ်သည်။ ခြေကွက်ပုံစံ (၂၆)

ပုံ(၂၇)ခြေကွက်ပုံစံ(၂၇) ဗယ်ခြေမ,သည်

ခြေထပ်ပြန်ဆုတ်ခြင်းမှာ ရန်သူ၏ တိုက်ခိုက် လာခြင်း အား ဆုတ်၍ ရှောင်လိုက်ခြင်းဖြစ်သည်။ (၃) ခြေ မြောက်၍ လက်ခမောင်း ခတဲခြင်းမှာ မြန်မာ့ ရိုးရာ လက်ဝှေ့ လက်သိုင်း ပညာရပ်များတွင် ရန်သူအား တိုက်ခိုက်ရန် စိန်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။ လက် ခမောင်းခတ်နေစဉ်အတွင်း ရန်သူဝင်၍ တိုက်ခဲ့ပါက မ,ထားသော ခြေနှင့်(မြောက်ထားသောခြေ) တားနိုင် သည်။ ကန်နိုင်သည်။

ပယ်၊ ခုတ်၊ မ၊ ခွဲ (၅)ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံအကျဉ်းချုပ်

(ခြေထပ်ရှေ့ခုန်တက်၊ နောက်ပြန်ဆုတ် ခြေမြောက် လက်ခမောင်းခတ် လက်သိုင်းများ ပါဝင်လှုပ်ရှားသည်)

လှုပ်ရှားမှု အမှတ်စဉ် (၁) အသင့်ပြင် အနေအထား အတိုင်း ရပ်သည်။ ပုံ ၈ ခြေကွက်ပုံစံ ၁။

လှုပ်ရှားမှု အမှတ်စဉ်(၂) ဗယ်လက် ထောင်သည်။ပုံ ၁ ခြေကွက် ပုံစံမပြောင်း။

လှုပ်ရှားမှုအမှတ်စဉ်(၃) ဗယ်လက် ညာဘက်သို့ ညာဘေး ညွှတ်၍ ခုတ်သည်။ ပုံ ၂ ခြေကွက်ပုံစံ ၂ ညာခြေသေ့ထိုင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၄) ဗယ်လက် ပယ်လိုက်သည်။ပုံ ၃ ခြေကွက် ပုံစံ၃ ဗယ်ခြေသေ့ထိုင်ဖြစ်သည်။ (၂ ကွက်အနေအထားနှင့် ပယ်ခြင်း ဖြစ်သည်။)

လှုပ်ရှားမှု အမှတ်စဉ် (၅) အကွက် ၁ မှ ညာခြေအကွက် ၃ သို့ တက်၍ ညာလက် ခုတ်သည်။ ပုံ ၄ ခြေကွက်ပုံစံ ၄ ညာခြေသေ့ထိုင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ် (၆)ညာခြေ မ,လိုက်သည်။ ပုံ ၅ ခြေကွက် ပုံစံ ၅။

လှုပ်ရှားမှု အမှတ်စဉ် (၇) ညာခြေကို ခွဲ လိုက်သည်။ ပုံ ၆ ခြေကွက် ပုံစံ ၆ ဗယ်ခြေသေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ် (၈) ညာလက်ပယ်သည်။ ပုံ ၇ ခြေကွက် ပုံစံ ၇ ညာခြေသော့်ထိုင်ဖြစ်သည်။(၂ ကွက် အနေအထားနှင့် ပယ်ခြင်း ဖြစ်သည်။)

လှုပ်ရှားမှုအမှတ်စဉ်(၉) အကွက် ၂ မှ ဗယ်ခြေ အကွက် ၃ သို့ တက်၍ ဗယ်လက်ခုတ်သည်။ ပုံ ၈ ခြေကွက်ပုံစံ ၈ ဗယ်ခြသော့်ထိုင် ဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၁၀) ခြေထပ်၍ ရှေ့သို့ ခုန်တက်သည်။ ပုံ ၉ ခြေကွက်ပုံစံ ၉ ဗယ်ခြသော့်ထိုင် ဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ် (၁၁) ခြေထပ်၍ နောက်သို့ ပြန်ဆုတ်သည်။ ပုံ ၁၀ ခြေကွက် ပုံစံ ၁၀ ဗယ်ခြသော့်ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၂) ဗယ်ခြေမ၍ လက်ခမောင်း ၃ ခါတ်သည်။ ပုံ ၁၁ ခြေကွက်ပုံစံ ၁၁ ညာခြေ တချောင်းထောက် အနေအထားဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ် (၁၃) ဗယ်ခြေချ၍ ဗယ်လက်ပယ်သည်။ ပုံ ၁၂ ခြေကွက်ပုံစံ ၁၂ ဗယ်ခြသော့်ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၄)အကွက် ၁ မှညာခြေအကွက် ၄ သို့တက်၍ ညာလက်ခုတ်သည်။ ပုံ ၁၃ ခြေကွက်ပုံစံ ၁၃ အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ် (၁၅) ဗယ်ခြေမ,လိုက်သည်။ပုံ ၁၄ ခြေကွက် ပုံ ၁၄။

လှုပ်ရှားမှုအမှတ်စဉ်(၁၆) ဗယ်ခြေခွဲလိုက်သည်။ ပုံ ၁၅ ခြေကွက် ပုံစံ ၁၅ ညာခြသော့်ထိုင် ဖြစ်သွားသည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၇) ဗယ်လက်ပယ်သည်။ ပုံ ၁၆ ခြေကွက် ပုံစံ ၁၆ ဗယ်ခြသော့်ထိုင် ဖြစ်သွားသည်။ (၂ ကွက်အနေအထားနှင့် ပယ်ခြင်းဖြစ်သည်)။

လှုပ်ရှားမှုအမှတ်စဉ်(၁၈)အကွက် ၄ မှ ညာခြေအကွက် ၃ သို့တက်၍ ညာလက်ခုတ်သည်။ ပုံ ၁၇ ခြေကွက်ပုံစံ ၁၇ ညာခြသော့်ထိုင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၉) ညာခြေ မ, လိုက်သည်။ပုံ ၁၈ ခြေကွက် ပုံစံ ၁၈။

လှုပ်ရှားမှုအမှတ်စဉ်(၂၀) ညာခြေခွဲလိုက်သည်။ ပုံ ၁၉ ခြေကွက် ပုံစံ ၁၉ ဗယ်ခြသော့်ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၁) ညာလက်ပယ်သည်။ ပုံ ၂၀ ခြေကွက် ပုံစံ ၂၀ ညာခြသော့်ထိုင် ဖြစ်သွားသည်။ (၂ ကွက် အနေအထားနှင့် ပယ်ခြင်းဖြစ်သည်)။

လှုပ်ရှားမှုအမှတ်စဉ်(၂၂) အကွက် ၅ မှ ဗယ်ခြေအကွက် ၃ သို့ တက်၍ဗယ်လက်ခုတ်သည်။ ပုံ ၂၁ ခြေကွက်ပုံစံ ၂၁ ဗယ်ခြသော့်ထိုင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၃) ခြေထပ်၍ ရှေ့သို့ခုန်တက်သည်။ ပုံ ၂၂ ခြေကွက်ပုံစံ ၂၂ ဗယ်ခြသော့်ထိုင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၄) ခြေထပ်၍ နောက်သို့ ပြန်ဆုတ်သည်။ ပုံ ၂၃ ခြေကွက်ပုံစံ ၂၃ ဗယ်ခြသော့်ထိုင်ပင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၅) ဗယ်ခြေမ,၍ လက်ခမောင်း ၃ ခါခတ်သည်။ ပုံ ၂၄ ခြေကွက်ပုံစံ ၂၄။

လှုပ်ရှားမှုအမှတ်စဉ်(၂၆) ဗယ်ခြေချ၍ ဗယ်လက် ပယ်, သည်။ ပုံ ၂၅ ခြေကွက်ပုံစံ ၂၅ ဗယ်ခြသော့်ထိုင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ် (၂၇) အကွက် ၄ မှ ညာခြေအကွက် ၁ သို့ တက်၍ညာလက် ခုတ်သည်။ပုံ ၂၆ ခြေကွက်ပုံစံ ၂၆ ညာခြသော့်ထိုင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၈) ဗယ်ခြေမ,လိုက်သည်။ပုံ ၂၇ ခြေကွက် ပုံစံ ၂၇။

လှုပ်ရှားမှုအမှတ်စဉ်(၂၉) ဗယ်ခြေခွဲ လိုက်သည်။ ပုံ ၂၈ ခြေကွက် ပုံစံ ၂၈ ညာခြသော့်ထိုင် ဖြစ်သွားသည်။

မှတ်ချက်။ ။လက်သိုင်းနှင့်အကွက်သိုင်း လှုပ်ရှားမှုများကို အကျယ်တဝင့် စာများနှင့် လည်းကောင်း၊ ပုံများနှင့် လည်းကောင်း၊ ခြေကွက်များနှင့်လည်းကောင်း ရှင်းလင်းတင်ပြပြီးတိုင်း ထိုလှုပ်ရှားမှုများကို အကျဉ်းချုပ်၍ ဖော်ပြခဲ့ပါသည်။ ဤသို့ ဖော်ပြရခြင်းမှာ လေ့လာသူစာဖတ်ပရိသတ်များအနေနှင့် တိုတိုနှင့်လိုရင်းကိုပြန်လည်ဖတ်ရှု လေ့လာနိုင်ရန်ဒေတွက်လည်းကောင်း၊ လေ့ကျင့်နိုင်ရန် အတွက် လည်းကောင်း ရည်ရွယ်၍ ဖော်ပြရခြင်း ဖြစ်ပါသည်။

ပယ်၊ ထိုး (တလုံးထိုး ဖြောင့်လက်သီး အမြင့်ထိုး) ၂ ကွက်၊ လက်ဆိုင်း လှုပ်ရှားမှုပုံစံ

လှုပ်ရှားမှု အမှတ်စဉ်(၁) ပုံ ၈ အသင့်ပြင် ရပ်နည်း အတိုင်း ရပ်သည်။ ခြေကွက်ပုံစံ ၁ အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂) ဗယ်လက်ကို ထောင်လိုက်သည်။ ပုံ ၁ ခြေကွက်ပုံစံမပြောင်းပါ။ ခြေကွက်ပုံစံ ၁ အတိုင်းပင်ဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၃) ဗယ်လက်ကို ညာဘက်သို့ ညာဒူးညွှတ်၍ ခုတ်လိုက်သည်။ ပုံ ၂ ခြေကွက်ပုံစံ ၂ ညာခြေသွေ့ထိုင်ဖြစ်သွားသည်။

လှုပ်ရှားမှုအမှတ်စဉ်(၄) ဗယ်လက်နှင့် 'ပယ်' လိုက်သည်။ ပုံ ၃ ခြေကွက်ပုံစံ ၃ ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသည်။ (ခြေဖဝါး နှစ်ခုအား ဗယ်ဘက်သို့ တပြိုင်တည်းကြိတ်လှည့်၍ ဗယ်လက် 'ပယ်' ခြင်းဖြစ်သည်။)

ပုံ(၁) အသင့်ပြင်ရပ်သည် ခြေကွက်ပုံစံ(၁)

ပုံ(၂)ဗယ်လက်ထောင် သည်။ခြေကွက်ပုံစံ(၁)



ပုံ(၃) ဗယ်လက်ညွှတ်၍နုတ်သည် ခြေကွက်ပုံစံ (၂)

ပုံ (၄) ဗယ်လက်ပယ်သည် ခြေကွက်ပုံစံ(၃)

လှုပ်ရှားမှုအမှတ်စဉ်(၅) ညာဖြောင့်လက်သီး အမြင့်ထိုးသည်။ ပုံ ၄ ခြေကွက်ပုံစံမပြောင်းပါ။ ခြေကွက်ပုံစံ ၃ အတိုင်းပင်ဖြစ်သည်။ ညာခါးစောင်းခွဲ ကင်းလက်သီးအဖြစ် ကပ်ထားသော ညာလက်သီးအား ပက်လက်အနေအထားမှ မျောက်လျက် အနေအထားဖြစ်အောင် လှည့်၍ ဆန့်တန်းပြီး ထိုးလိုက်ခြင်းဖြစ်သည်။ လက်သီးသည် ပခုံးနှင့် တပြေးညီတန်း၍နေသည်။

လှုပ်ရှားမှုအမှတ်စဉ်(၆) ညာလှုပ်နှင့် 'ပယ်' သည်။ ပုံ ၅ ခြေကွက်ပုံစံ ၄ ညာခြေသော့်ထိုင်ဖြစ်သွားသည်။ ညာလက်အား ပုံ ၄ အတိုင်း ဖြောင့်လက်သီးထိုးထားရာမှ ကွေး၍ 'ပယ်' လိုက်ခြင်းဖြစ်သည်။(ခြေဖဝါးနှစ်ခုအား ညာဘက်သို့ ကပြိုင်တည်း ကြိတ်သွည့်၍ ညာလက် 'ပယ်' ခြင်းဖြစ်သည်။)

လှုပ်ရှားမှုအမှတ်စဉ်(၇) ဗယ်ဖြောင့်လက်သီး အမြင့်ထိုးသည်။ ပုံ ၆ အတိုင်းဖြစ်သည်။ ခြေကွက်ပုံစံပြောင်းလဲခြင်းမရှိပါ။ ဗယ်ခါးစောင်းခွဲ ကင်းလက်သီးအဖြစ် ကပ်ထားသော ဗယ်လက်သီးအား ပက်လက်အနေအထားမှ မျောက်လျက် အနေအထား ဖြစ်အောင် လှည့်၍ ဆန့်တန်းပြီး ထိုးလိုက်ခြင်းဖြစ်သည်။ ဗယ်လက်သီး ထိုးပြီးချိန်နှင့် ပုံ ၅ အတိုင်း 'ပယ်' ထားသော ညာလှုပ်အား ခါးစောင်းသို့ ကင်းလက်သီးအဖြစ် ပြန်ကပ်လိုက်ခြင်းတို့သည် တပြိုင်တည်းဖြစ်သည်။ ဤတွင် ပယ်, ထိုး၊ နှစ်ကွက်လက်သိုင်း လှုပ်ရှားခြင်း တကြိမ်ပြီးဆုံးသည်။ ဆက်၍ ဤလက်သိုင်းကို လေ့ကျင့်ရန်မှာ ပုံ ၆ အတိုင်း ဖြောင့်လက်သီးထိုးထားသော ဗယ်လက်သီးအား ပုံ ၂ အတိုင်း ဗယ်လက် ခုတ်သည့် အနေအထားသို့ ပြောင်း၍ ပုံ ၃၊ ပုံ ၄၊ ပုံ ၅၊ ပုံ ၆ အတိုင်း ဆက်၍ လေ့ကျင့်ခြင်းဖြင့် ပယ်၊ ထိုး နှစ်ကွက် လက်သိုင်းကို ထပ်ခါတလဲလဲ လေ့ကျင့်နိုင်သည်။

ပုံ(၅) ခြေကွက်ပုံစံ(၄)
ညာလက်နှင့်ပယ်သည်



ပုံ(၄) ညာဖြောင့်လက်သီးအမြင့်
ထိုးသည်။ ခြေကွက်ပုံစံမခြောင်း



ပုံ(၆)ပယ်ဖြောင့်လက်ခို အမြင့်ထိုးသည်
ခြေကွက်ပုံစံမပြောင်း

ပယ်၊ ထိုး၊ မ၊ ခွဲ (၂)ကွက် လက်သိုင်းလှုပ်ရှားမှုပုံစံ
(တလုံးထိုး ဖြောင့်လက်သီး အမြင့်ထိုး)

လှုပ်ရှားမှုအမှတ်စဉ်(၁) ပုံ ၈ အသင့်ပြင် ရပ်နည်း အတိုင်း ရပ်သည်။ ခြေကွက်ပုံစံ ၁။

လှုပ်ရှားမှုအမှတ်စဉ်(၂) ဗယ်လက်ကို ထောင်လိုက်သည်။ ပုံ ၁ ခြေကွက်ပုံစံမပြောင်းပါ။ ခြေကွက်ပုံစံ ၁ အတိုင်းပင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၃) ဗယ်လက်ကိုညာဘက်သို့ညာဒူးညွှတ်၍ခုတ်လိုက်သည်။ ပုံ ၂ ခြေကွက်ပုံစံ ၂ ညာခြေသော့်ထိုင် ဖြစ်သွားသည်။

လှုပ်ရှားမှု အမှတ်စဉ်(၄) ဗယ်လက်နှင့် 'ပယ်'လိုက်သည်။ ပုံ ၃ ခြေကွက်ပုံစံ ၃ ဗယ်ခြသော့်ထိုင်ဖြစ်သွားသည်။ (ခြေဖဝါး နှစ်ခုအား ဗယ်ဘက်သို့တပြိုင်တည်း ကြိတ်လှည့်၍ ဗယ်လက်'ပယ်'ခြင်းဖြစ်သည်။)

လှုပ်ရှားမှု အမှတ်စဉ်(၅) ညာဖြောင့်လက်သီး အမြင့်ထိုးသည်။ ပုံ ၄ ခြေကွက်ပုံစံ မပြောင်းပါ။ ခြေကွက်ပုံစံ ၃ အတိုင်းဖြစ်သည်။ စာမျက်နှာ (၁၅၁) မှ ပုံ (၄) အတိုင်းဖြစ်သည်။ ညာခါးစောင်းခွကင်းလက်သီးအဖြစ် ကပ်ထားသော ညာလက်သီးအားပက်လက်အနေအထားမှ မျောက်လျက် အနေအထားဖြစ်အောင် လှည့်၍ဆန့်တန်းပြီး ထိုးလိုက်ခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၆) ညာခြေကို 'မ'လိုက်သည်။ ပုံ ၅ ခြေကွက်ပုံစံ ၄ အတိုင်းဖြစ်သည်။ ပုံ ၄ အတိုင်း ညာဖြောင့်လက်သီး ထိုးပြီးသည့်နောက် အကွက် ၁ မှ ညာခြေအား 'မ'လိုက်ခြင်း ဖြစ်သည်။ ထိုးထားသော ညာလက်သည် အောက်ဘက်သို့ ရိုက်ချ၍ ဗယ်လက်သည် ထောင်ထားသည်။ ဗယ်ခြေသည် အကွက် ၂ ၌ ခြေတချောင်းထောက် အနေအထားဖြင့် ဆန့်တန်း၍ ရပ်ထားသည်။

ပုံ(၈) အသင့်ပြင်ရပ်သည်
ခြေကွက်ပုံစံ(၁)

ပုံ(၁)မယ်လက်ထောင်
သည်။ခြေကွက်ပုံစံ(၁)



ပုံ(၂) မယ်လက်ညွှတ်၍ခုတ်သည်
ခြေကွက်ပုံစံ (၂)

ပုံ (၃). မယ်လက်ပယ်သည်
ခြေကွက်ပုံစံ(၃)



ပုံ(၄) ညာခြေမ,သည်
ခြေကွက်ပုံစံ(၄)

လုပ်ရှားမှု အမှတ်စဉ်(၇) ညာခြေကို 'ခွဲ'ထိုးကိသည်။ ပုံ ၆ ခြေကွက်ပုံစံ ၅ ပယ်ခြေသုံးကိုဖြစ်သွားသည်။ ပုံ ၅ အတိုင်း 'မ'ထား တည်း ညာခြေအား အကွက် ၁ သို့ ပြန်၍ 'ခွဲ'ခုခြင်းဖြစ်သည်။

လုပ်ရှားမှုအမှတ်စဉ်(၈) ညာလက်နှင့် 'ပယ်'ထိုက်သည်။ ပုံ ၇ ခြေကွက်ပုံစံ ၆ ညာခြေသုံးကိုဖြစ်သွားသည်။ စာမျက်နှာ (၁၅၁)မှ ပုံ (၇) အတိုင်းဖြစ်သည်။ (ခန္ဓာဝါးနှစ်ခုအားညာဘက်သို့ တစ်ပြိုင်တည်း ပြုလုပ်ရမည်ကို ညာလက် 'ပယ်'ခြင်းဖြစ်သည်။)

လုပ်ရှားမှုအမှတ်စဉ်(၉) ပယ်ခြေကို 'ခွဲ'ထိုးသည်။ ပုံ ၈ ခြေကွက်ပုံစံ ၆ အတိုင်းပင် ဖြစ်သည်။ စာမျက်နှာ(၁၅၁)မှ ပုံ(၆)အတိုင်းဖြစ်သည်။ ပယ်ခါးစောင်းဘွဲ့ကင်းလက်သီး အပြီးကပ်ဟားသောပယ်လက်သီးအား ဟက်လက်အနေအထားမှမှောက် လျက်အနေအထားဖြစ်စေရောင်လှည့်၍ခန္ဓာတစ်ဝန်းပြီးထိုးထိုက်ခြင်းဖြစ်သည်။

လုပ်ရှားမှုအမှတ်စဉ်(၁၀) ပယ်ခြေကို 'မ'ထိုက်သည်။ ပုံ ၉ ခြေကွက် ပုံစံ ၇ အတိုင်းဖြစ်သည်။ ပုံ ၈ အတိုင်း ပယ်ခြေလက်သီး ထိုးပြီး တည်နေရာက် အကွက် ၂ မှ ပယ်ခြေအား 'မ'ထိုက်ခြင်းဖြစ်သည်။ ညာ ခြေသည် အကွက် ၁ ဘို့ ခြေဘောင်းတောက် အနေအထားဖြင့် အနိုင်တုံးရှိ ရပ်ဟားသည်။ ညာလက်ခြောက်၍ ပယ်လက်အောက်သို့ အနိုင်တုံးရှိဟားသည်။

လုပ်ရှားမှုအမှတ်စဉ်(၁၁) ပယ်ခြေကို 'ခွဲ'ထိုက်သည်။ ပုံ ၁၀ ခြေကွက်ပုံစံ ၈ ညာခြေသုံးကိုဖြစ်သွားသည်။ စာမျက်နှာ(၁၅၃)မှ ပုံ (၂) ခြေကွက်ပုံစံ(၂) အတိုင်းဖြစ်သည်။ မှတ်သားသည့် ပယ်ခြေ အား အကွက် ၂ သို့ 'ခွဲ'ချထိုက်ခြင်းဖြစ်သည်။ ဤတွင် ပယ်၊ ထိုး၊ မ၊ခွဲ (၂)ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံ တခေါက်ပြီးဆုံးသည်။ ထပ်တလဲလဲ ကျွမ်းကျင်သည်အထိ ဆက်၍ကျင့်ပါ။



ပုံ(၆) ညာခြေခွဲသည့် ခြေကွက်ပုံစံ (၅)

ပယ်၊ ထိုး၊ မ၊ ခွဲ (၂)ကွက် လက်ဆိုင်းလှုပ်ရှားခြင်းနှင့် ခုခံတိုက်ခိုက်နည်း

လှုပ်ရှားမှုအမှတ်စဉ်(၁) ပုံ ၀ အသင့်ပြင်ရပ်နည်း အတိုင်း လက်တလှမ်းကွာ မျက်နှာချင်းဆိုင်ရပ်သည်။ ပုံ ၁ ခြေကွက်ပုံစံ ၁ အတိုင်း ဖြစ်သည်။



ပုံ (၁)
ခြေကွက်ပုံစံ (၁)

လှုပ်ရှားမှု အမှတ်စဉ်(၂) မျက်နှာသို့ ထိုးလာသော ညာဖြောင့်လက်သီးအား ဗယ်လက်ဖျ အပြင်ပိုင်းဖြင့် 'ပယ်'လိုက်သည်။ ပုံ ၂ ခြေကွက်ပုံစံ ၂ အတိုင်းဖြစ်သည်။ သတိပြုရန်မှာ ထိုးသူ၏ခြေထောက်များသည် ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသကဲ့သို့ 'ပယ်'လိုက်သူ၏ခြေထောက်များသည်လည်း ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသည်။



ပုံ (၂) ခြေကွက်ပုံစံ (၂)

လှုပ်ရှားမှုအမှတ်စဉ်(၃) ညာဖြောင့် လက်သီးဖြင့် ထိုးလာသူ၏ မျက်နှာအား ဖြောင့်ထိုး ထိုးလိုက်သည်။ ပုံ ၃ ခြေကွက်ပုံစံ မပြောင်းပါ။

မှတ်ချက်။ ။ခုခံ တိုက်ခိုက် သူသည် ဗဟိုလက် 'ပယ်'ပြီးသည်နှင့် တပြိုင်နက် ဆိုင်းငံ့ခြင်းမရှိပဲ ညာဖြောင့် လက်သီး ဆက်၍ ထိုးရသည်။



ပုံ (၃) ခြေကွက်ပုံစံ မပြောင်းပါ။

ပယ်၊ ထိုး၊ မ၊ ခွဲ (၃)ကွက် လက်သိုင်းလှုပ်ရှားမှုပုံစံ

မှတ်ချက်။ ။ဤစာမျက်နှာရှိ လှုပ်ရှားမှု အမှတ်စဉ်(၁) မှ လှုပ်ရှားမှု အမှတ်စဉ် (၄) အထိ ပုံများသည် စာမျက်နှာ (၁၄၉)မှ လှုပ်ရှားမှု (၁)မှ (၄)အထိ ပုံများအတိုင်း ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁) ပုံ ၁ ခြေကွက်ပုံစံ ၁ အတိုင်းရပ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂) ဗယ်လက်ကို ထောင်လိုက်သည်။ ပုံ ၁ ခြေကွက်ပုံစံ မပြောင်းပါ။ ခြေကွက်ပုံစံ ၁ အတိုင်းပင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၃) ဗယ်လက်ကို ညာဘက်သို့ ညာဘူးညွှတ်၍ ခုတ်သည်။ ပုံ ၂ ခြေကွက်ပုံစံ ၂ ညာခြေသော့်ထိုင်ဖြစ်သွားသည်။

လှုပ်ရှားမှုအမှတ်စဉ်(၄) ဗယ်လက်နှင့် 'ပယ်'လိုက်သည်။ ပုံ ၃ ခြေကွက်ပုံစံ ၃ ဗယ်ခြေသော့်ထိုင်ဖြစ်သွားသည်။ (ခြေဖဝါး နှစ်ခုအား ဗယ်ဘက်သို့ တပြိုင်တည်းကြိတ်လှည့်၍ 'ပယ်'လိုက်ခြင်းဖြစ်သည်။)

လှုပ်ရှားမှုအမှတ်စဉ်(၅) အကွက် ၁ မှ ညာခြေကို အကွက် ၃ သို့ တက်၍ ညာဖြောင့်လက်သီး အမြင့်ထိုးသည်။ ပုံ ၄ ခြေကွက်ပုံစံ ၄ ညာခြေသော့်ထိုင်ဖြစ်သည်။

ခြေကွက်ပုံစံ (၄)

လှုပ်ရှားမှုအမှတ်စဉ်(၆) ညာခြေကို 'မ'လိုက်သည်။ ပုံ ၅ ခြေကွက် ပုံစံ ၅ အကွက် ၃ မှ ညာခြေအား ဗယ်ခြေတချောင်းထောက် အနေအထားဖြင့် မ,လိုက်ခြင်းဖြစ်သည်။ စာမျက်နှာ(၁၅၃)မှ ပုံ (၅)အတိုင်း ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၇) ညာခြေကို 'ခွဲ'လိုက်သည်။ ပုံ ၆ ခြေကွက် ပုံစံ ၆ ဗယ်ခြေသော့်ထိုင်ဖြစ်သွားသည်။ 'မ'ထားသည့် ညာခြေအား အကွက် ၁ သို့ 'ခွဲ'ချခြင်းဖြစ်သည်။ စာမျက်နှာ (၁၅၄)မှ ပုံ (၆) အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၈) ညာလက်နှင့်'ပယ်'သည်။ ပုံ ၇ ခြေကွက် ပုံစံ ၇ ညာခြသော့်ထိုင်ဖြစ်သွားသည်။ (ခြေဖဝါးနှစ်ခုအား ညာဘက်သို့ တပြိုင်တည်း ကြိတ်လှည့်၍ ညာလက် 'ပယ်'လိုက်ခြင်း ဖြစ်သည်။ စာမျက်နှာ (၁၅၁)မှ ပုံ (၅)အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၉) အကွက် ၂ မှ ဗယ်ခြေကို အကွက် ၃ သို့ တက်၍ ဗယ်ဖြောင့်လက်သီး အမြင့်ထိုးသည်။ ပုံ ၈ ခြေကွက်ပုံစံ ၈ ဗယ်ခြသော့်ထိုင်ဖြစ်သည်။

ပုံ(၈) ခြေကွက်ပုံစံ(၈)

လှုပ်ရှားမှုအမှတ်စဉ်(၁၀) ဗယ်ခြေကို'မ'လိုက်သည်။ပုံ ၉ ခြေကွက် ပုံစံ ၉အကွက်၃ မှဗယ်ခြေအားညာခြေတချောင်းထောက်အနေအထား ဖြင့်'မ'ခြင်းဖြစ်သည်။စာမျက်နှာ (၁၅၄)မှ ပုံ (၉) အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၁) ဗယ်ခြေကို 'ခွဲ'လိုက်သည်။ ပုံ ၁၀ ခြေကွက်ပုံစံ ၁၀ ညာခြသော့်ထိုင်ဖြစ်သွားသည်။ 'မ'ထားသည့်ဗယ်ခြေ အား အကွက် ၂ သို့ 'ခွဲ'ချခြင်းဖြစ်သည်။ ဤတွင် ပယ်၊ ထိုး၊ မ၊ ခွဲ၊ (၃)ကွက် လက်သိုင်းလှုပ်ရှားမှု ပြီးဆုံးသည်။ စာမျက်နှာ (၁၅၃)မှ ပုံ (၂)အတိုင်းဖြစ်သည်။

ပယ်၊ ထိုး၊ မ၊ ခွဲ (၃)ကွက်၊လက်ဆိုင်းလှုပ်ရှားခြင်းနှင့်ခုခံတိုက်ခိုက်နည်း

လှုပ်ရှားမှုအမှတ်စဉ်(၁) အသင့်ပြင်ရပ်နည်းအတိုင်း လက်တလှမ်းကွာ မျက်နှာချင်းဆိုင် ရပ်သည်။ ပုံ ၁ ခြေကွက်ပုံစံ ၁ အတိုင်းဖြစ်သည်။ စာမျက်နှာ (၁၅၅)မှ ပုံ (၁) အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂) မျက်နှာသို့ ထိုးလာသော ညာဖြောင့်လက်သီးအား ဗယ်လက်ဖျံ အပြင်ပိုင်းနှင့် 'ပယ်'လိုက်သည်။ ပုံ ၂ ခြေကွက်ပုံစံ ၂ အတိုင်းဖြစ်သည်။ သတိပြုရန်မှာ ထိုးသူ၏ခြေထောက်များသည် ဗယ်ခြေသေ့ထိုင်ဖြစ်သွားသကဲ့သို့ 'ပယ်'လိုက်သူ၏ခြေထောက်များသည်လည်း ဗယ်ခြေသေ့ထိုင် ဖြစ်သွားသည်။ စာမျက်နှာ (၁၅၅)မှ ပုံ (၂)အတိုင်း ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၃) ညာခြေတက်၍ ညာဖြောင့်လက်သီးထိုးလိုက်သည်။ ပုံ ၃ ခြေကွက်ပုံစံ ၃ အတိုင်းဖြစ်သည်။

ထိုးသူသည် ပုံ ၂ ကဲ့သို့ ခြေမတက်ပဲ ၂ ကွက် အနေအထားဖြင့် ထိုးလျှင် ခုခံတိုက်ခိုက်သူသည် ပုံ ၂ အတိုင်း 'ပယ်'ပြီးသည့်နောက် ပုံ ၃ အတိုင်း ညာခြေတက်၍ ညာဖြောင့်လက်သီး အမြင့်ထိုးနိုင်သည်။ (မျက်နှာသို့)



ပုံ(၃)ခြေကွက်ပုံစံ(၃)ညာခြေတက်၍ဖြောင့်လက်သီးထိုးသည်။

ပယ်၊ ထိုး၊ မ၊ ခဲ့ (၅)ကွက် လွှက်သိုင်း လှုပ်ရှားမှု ပုံစံ

မှတ်ချက်။ ။ဤစာမျက်နှာရှိ လှုပ်ရှားမှု အမှတ်စဉ် (၁)မှ (၄) အထိ ပုံများသည် စာမျက်နှာ (၁၅၃)မှ လှုပ်ရှားမှု အမှတ်စဉ် (၁)မှ (၄)အထိ ပုံများအတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁) ပုံ ဂ အသင့်ပြင်ရပ်နည်းအတိုင်းရပ်သည်။ ခြေကွက်ပုံစံ ၁။

လှုပ်ရှားမှုအမှတ်စဉ်(၂) ဗယ်လက်ကို ထောင်လိုက်သည်။ ပုံ ၁ ခြေကွက်ပုံစံမခြောင်းပါ၊ ခြေကွက်ပုံစံ ၁ အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၃) ဗယ်လက်ကို ညာဘက်သို့ ညာဒူးညွှတ်၍ ခုတ်သည်။ ပုံ ၂ ခြေကွက်ပုံစံ ၂ ညာခြေသော့ထိုင်ဖြစ်သွားသည်။

လှုပ်ရှားမှုအမှတ်စဉ်(၄) ဗယ်လက်နှင့် 'ပယ်'လိုက်သည်။ ပုံ ၃ ခြေကွက်ပုံစံ ၃ ဗယ်ခြေသော့ထိုင်ဖြစ်သွားသည်။ (ခြေဖဝါး နှစ်ခုအား ဗယ်ဘက်သို့တပြိုင်တည်း ကြိတ်လှည့်၍ ဗယ်လက် 'ပယ်'လိုက်ခြင်း ဖြစ်သည်။)

လှုပ်ရှားမှုအမှတ်စဉ်(၅) အကွက် ၁ မှ ညာခြေကို အကွက် ၃ သို့ တက်၍ ညာဖြောင့်လက်သီး အမြင့်ထိုးသည်။ ပုံ ၄ ခြေကွက်ပုံစံ ၄ ညာခြေသော့ထိုင်ဖြစ်သည်။ စာမျက်နှာ (၁၅၃)မှ ပုံ (၄) ခြေကွက်ပုံစံ (၄) အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၆) ညာခြေကို'မ'လိုက်သည်။ ပုံ ၅ ခြေကွက်ပုံစံ ၅ အတိုင်းဖြစ်သည်။ အကွက် ၃ မှ ညာခြေအား ဗယ်ခြေတချောင်းထောက်အနေအထားဖြင့် 'မ'လိုက်ခြင်းဖြစ်သည်။ စာမျက်နှာ (၁၅၃) မှ ပုံ (၅) ခြေကွက်ပုံစံ (၄)အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၇) ညာခြေကို'ခဲ့'လိုက်သည်။ ပုံ ၆ ခြေကွက်ပုံစံ ၆ ဗယ်ခြေသော့ထိုင် ဖြစ်သွားသည်။ 'မ'ထားသည့် ညာခြေအား အကွက် ၁ သို့ 'ခဲ့'ချခြင်းဖြစ်သည်။ စာမျက်နှာ (၁၅၄) မှ ပုံ (၆) အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၈) ညာလက်နှင့် 'ပယ်'သည်။ ပုံ ၇ ခြေကွက်ပုံစံ ၇ ညာခြေသော့ထိုင်ဖြစ်သွားသည်။ (ခြေဖဝါး နှစ်ခုအား ညာဘက်သို့ တပြိုင်တည်း ကြိတ်လှည့်၍ ညာလက် 'ပယ်'လိုက်ခြင်း ဖြစ်သည်။) စာမျက်နှာ (၁၅၁) မှ ပုံ (၅) အတိုင်း ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၉) အကွက် J မှ ဗယ်ခြေကို အကွက် ၃ သို့ တက်၍ ဗယ်ဖြောင့်လက်သီး အမြင့်ထိုးသည်။ ပုံ ၈ ခြေကွက်ပုံစံ ၈ ဗယ်ခြေသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၁၀) ဗယ်လက်နှင့် 'ပယ်'လိုက်သည်။ ပုံ ၉ ခြေကွက်ပုံစံမပြောင်းပါ။ ပုံ ၈ အတိုင်း ဗယ်ဖြောင့်လက်သီး ထိုးထား ရာမှ ဗယ်လက်အား ကွေး၍. 'ပယ်'လိုက်ခြင်းဖြစ်သည်။ လက်လှုပ်ရှားမှုသာရှိ၍ ခြေထောက်လှုပ်ရှားမှု လုံးဝမရှိပါ။

လှုပ်ရှားမှု အမှတ်စဉ်(၁၁) အကွက် ၁ မှ ညာခြေကို အကွက် ၄ သို့ တက်၍ ညာဖြောင့်လက်သီး အမြင့်ထိုးသည်။ ပုံ ၁၀ ခြေကွက် ပုံစံ ၉ ညာခြသွေ့ထိုင်ဖြစ်သည်။

ပုံ(၈) ခြေကွက်ပုံစံ(၈)
ဗယ်ဖြောင့်လက်သီးအမြင့်ထိုးသည်။

ပုံ (၉)ခြေကွက်ပုံစံမပြောင်း
ဗယ်လက်ပယ်သည်

ပုံ(၁၀)ခြေကွက်ပုံစံ(၉)ညာဖြောင့်လက်သီးအမြင့်ထိုးသည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၂) ဗယ်ခြေကို 'မ'လိုက်သည်။ ပုံ ၁၁ ခြေကွက်ပုံစံ ၁၀ အတိုင်းဖြစ်သည်။ ညာခြေအား တချောင်းထောက် အနေအထားဖြင့် နောက်ကြိတ်လှည့်၍ အကွက် ၃ မှ ဗယ်ခြေအား 'မ'လိုက်ခြင်းဖြစ်သည်။ ညာခြေသည် အကွက် ၄ ၌ ရပ်ထားသည်။ နောက်မှ မြင်ရသောပုံဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၃) ဗယ်ခြေကို 'ခွဲ'လိုက်သည်။ ပုံ ၁၂ ခြေကွက်ပုံစံ ၁၁ 'မ'ထားသည့် ဗယ်ခြေအား အကွက် ၅ သို့ ခွဲ၍ လိုက်ခြင်းဖြစ်သည်။ ဤပုံကို ရှေ့ကကြည့်လျှင် ပုံ ၂ ခြေကွက်ပုံစံ ၂ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၄) ဗယ်လက်နှင့် 'ပယ်'လိုက်သည်။ ပုံ ၁၃ ခြေကွက်ပုံစံ ၁၂ (ခြေဖဝါးနှစ်ခုအား ဗယ်ဘက်သို့တပြိုင်တည်းကြိတ်လှည့်၍ ဗယ်လက်'ပယ်'ခြင်းဖြစ်သည်။)ရှေ့ကကြည့်လျှင် ပုံ ၃ ခြေကွက်ပုံစံ ၃ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှု အမှတ်စဉ်(၁၅) အကွက် ၄ မှ ညာခြေကို အကွက် ၃ သို့တက်၍ ညာဖြောင့်လက်သီး အမြင့်ထိုးသည်။ ပုံ ၁၄ ခြေကွက်ပုံစံ ၁၃ ညာခြေသွေ့ထိုင်ဖြစ်သည်။ ရှေ့ကကြည့်လျှင် ပုံ ၄ ခြေကွက်ပုံစံ ၄ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှု အမှတ်စဉ်(၁၆) ညာခြေကို'မ'သည်။ ပုံ ၁၅ ခြေကွက်ပုံစံ ၁၄ အတိုင်းဖြစ်သည်။ အကွက် ၃ သို့ တက်ထားသော ညာခြေအား 'မ'လိုက်ခြင်းဖြစ်သည်။ ရှေ့ကကြည့်လျှင် ပုံ ၅ ခြေကွက်ပုံစံ ၅ အတိုင်း တွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၇) ညာခြေကို 'ခွဲ'သည်။ ပုံ ၁၆ ခြေကွက်ပုံစံ ၁၅ 'မ'ထားသည့်ညာခြေအား အကွက် ၄ သို့ 'ခွဲ'ချလိုက်ခြင်းဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ ၆ ခြေကွက်ပုံစံ ၆ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှု အမှတ်စဉ်(၁၈) ညာလက်နှင့် 'ပယ်'သည်။ ပုံ ၁၇ ခြေကွက်ပုံစံ ၁၆ ညာခြေသွေ့ထိုင်ဖြစ်သွားသည်။ (ခြေဖဝါးနှစ်ခုအား ညာဘက်သို့ တပြိုင်တည်းကြိတ်လှည့်၍ ညာလက် 'ပယ်'ခြင်းဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ ၇ ခြေကွက်ပုံစံ ၇ အတိုင်းတွေ့ရမည်။

ပုံ (၁၁) ဗယ်ခြေမ,သည်
ခြေကွက်ပုံစံ (၁၀)



ပုံ(၁၂)ခြေကွက်ပုံစံ(၁၁)
ဗယ်ခြေနွဲသည်

ပုံ(၁၃) ဗယ်လက်ပယ်သည်
ခြေကွက်ပုံစံ (၁၂)

ပုံ(၁၄)ညာဖြောင့်
လက်သီးထိုးသည်
ခြေကွက်ပုံစံ(၁၃)

ပုံ (၁၅) ညာခြေ
မ,သည်။ ခြေကွက်
ပုံစံ (၁၄)

ပုံ(၁၆)ဆုခုခြေနဲသည်

ပုံ(၁၇) ဆုခုလက်ပယ်သည်

လှုပ်ရှားမှု အမှတ်စဉ်(၁၉) အကွက် ၅ မှ ဗယ်ခြေကို အကွက် ၃ သို့တက်၍ ဗယ်ဖြောင့်လက်သီး အမြင့်ထိုးသည်။ ပုံ ၁၈ ခြေကွက်ပုံစံ ၁၇ ဗယ်ခြသော့်ထိုင်ဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ ၈ ခြေကွက်ပုံစံ ၈ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှု အမှတ်စဉ်(၂၀) ဗယ်လက်နှင့် 'ပယ်'သည်။ ပုံ ၁၉ ခြေကွက်ပုံစံ မပြောင်းပါ။ ခြေကွက်ပုံစံ ၁၇ အတိုင်းဖြစ်သည်။ ပုံ ၁၈ အတိုင်း ဗယ်ဖြောင့်လက်သီး ထိုးထားရာမှ ဗယ်လက်အား ကွေး၍ 'ပယ်'လိုက်ခြင်းဖြစ်သည်။ လက်လှုပ်ရှားမှုသာရှိ၍ ခြေထောက်လှုပ်ရှားမှု လုံးဝမရှိပါ။ ရှေ့မှကြည့်လျှင် ပုံ ၉ အတိုင်းတွေ့ရမည်၊

လှုပ်ရှားမှု အမှတ်စဉ်(၂၁) အကွက် ၄ မှ ညာခြေကို အကွက် ၁ သို့တက်၍ ညာဖြောင့်လက်သီးအမြင့်ထိုးသည်။ ပုံ ၂၀ ခြေကွက်ပုံစံ ၁၈ ညာခြသော့်ထိုင်ဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ ၁၀ ခြေကွက်ပုံစံ ၉ အတိုင်း တွေ့ရမှုည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၂) ဗယ်ခြေကို 'မ'သည်။ ပုံ ၂၁ ခြေကွက်ပုံစံ ၁၉ အတိုင်းဖြစ်သည်။ အကွက် ၃ မှ ဗယ်ခြေအား ညာခြေတချောင်းထောက် အနေအထားဖြင့် နောက်ကြိတ်လှည့်၍ 'မ'လိုက်ခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၃) ဗယ်ခြေကို 'ခွဲ'လိုက်သည်။ ပုံ ၂၂ ခြေကွက်ပုံစံ ၂၀ ညာခြသော့်ထိုင်ဖြစ်သည်။ 'မ'ထားသည့် ဗယ်ခြေအား အကွက် ၂ သို့ 'ခွဲ'ချလိုက်ခြင်းဖြစ်သည်။ ဤတွင် ၅ ကွက် ပယ်၊ ထိုး၊ မ၊ ခွဲ လက်သိုင်းလှုပ်ရှားမှုပုံစံ ပြီးဆုံးသည်။

ပုံ (၁၈) ဗယ်ဖြောင့်လက်သီးထိုးသည်။
ခြေကွက်ပုံစံ(၁၇)

ပုံ(၂၀) ညာဖြောင့်လက်သီးတက်
ခွင့်ထိုးသည်။ ခြေကွက်ပုံစံ(၁၇

ပုံ(၁၉) ဗယ်လက်ဝယ်သည်။
ခြေကွက်ပုံစံ ဖြောင်း၀၁။



ပယ်၊ ထိုး၊ မ၊ ခွဲ၊ (၅) ကွက်လက်သိုင်းလှုပ်ရှားခြင်းနှင့်ခုခံတိုက်ခိုက်နည်း

လှုပ်ရှားမှုအမှတ်စဉ်(၁) ဗယ်ခြေနှင့် ညာခြေ အကွက် ၁ နှင့် ၃ ဗယ်ခြေသော့ထိုင် ရပ်၍နေသည်။ ရန်သူကို မျဉ်းဖောဖြောင့်တည်းပေါ်၌ ခြေသော့ထိုင်ရပ်၍ ရင်ဆိုင်လိုက်ခြင်းဖြစ်သည်။ ပုံ ၁ ခြေကွက်ပုံစံ ၁ အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂) မျက်နှာသို့ ထိုးလာသော ညာလက်သီး အား ဗယ်လက်ဖျံဖြင့် 'ပယ်'လိုက်သည်။ ပုံ ၂ အတိုင်းဖြစ်သည်။ သတိပြုရန်မှာ လက်လှုပ်ရှားမှုသာရှိ၍ ခြေကွက်ပြောင်းခြင်း မရှိပါ။

လှုပ်ရှားမှုအမှတ်စဉ်(၃) ညာခြေ အကွက် ၄ သို့တက်၍ညာဖြောင့် လက်သီး ထိုးသည်။ ပုံ ၃ ခြေကွက်ပုံစံ ၂ အတိုင်းဖြစ်သည်။



ပုံ(၁) ခြေကွက်ပုံစံ(၁)



ပုံ (၂) ခြေကွက်ပုံစံ မပြောင်း။
ပယ်လက်နှင့် ပယ်သည်။



ပုံ(၃) ခြေကွက်ငုံစံ (၂)
ညာခြေတက်၍ ညာပြောင့်လက်သီးထိုးသည်။

ပယ်၊ ထိုး၊ မ၊ ခွဲ ၅ကွက် လက်သိုင်းလှုပ်ရှားမှုပုံစံ အကျဉ်းချုပ်

လှုပ်ရှားမှု အမှတ်စဉ်(၁) ပုံ ၈ အသင့်ပြင် ရပ်နည်း အတိုင်း ရပ်သည်။ ခြေကွက်ပုံစံ ၁ အတိုင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂) ဗယ်လက်ထောင်သည်။ ပုံ ၁ ခြေကွက် ပုံစံမပြောင်း။

လှုပ်ရှားမှုအမှတ်စဉ်(၃) ဗယ်လက် ညာဘက်သို့ ညာဒူးညွှတ်၍ ခုတ်သည်။ ပုံ ၂ ခြေကွက်ပုံစံ ၂ ညာခြေသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၄) ဗယ်လက် 'ပယ်'လိုက်သည်။ ပုံ ၃ ခြေကွက်ပုံစံ ၃ ဗယ်ခြေသွေ့ထိုင်ဖြစ်သွားသည်။

လှုပ်ရှားမှု အမှတ်စဉ်(၅) အကွက် ၁ မှ ညာခြေ အကွက် ၃ သို့ တက်၍ညာဖြောင့်လက်သီးအမြင့်ထိုးသည်။ ပုံ ၄ ခြေကွက်ပုံစံ ၄ ညာခြေသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှု အမှတ်စဉ်(၆) ညာခြေ'မ'လိုက်သည်။ ပုံ ၅ ခြေကွက် ပုံစံ ၅။

လှုပ်ရှားမှု အမှတ်စဉ်(၇) ညာခြေ'ခွဲ'လိုက်သည်။ ပုံ ၆ ခြေကွက် ပုံစံ ၆။

လှုပ်ရှားမှုအမှတ်စဉ်(၈) ညာလက်'ပယ်'သည်။ ပုံ ၇ ခြေကွက် ပုံစံ ၇ ညာခြေသွေ့ထိုင်ဖြစ်သွားသည်။

လှုပ်ရှားမှု အမှတ်စဉ်(၉) အကွက် ၂ မှ ဗယ်ခြေ အကွက် ၄ သို့ တက်၍ ဗယ်ဖြောင့်လက်သီးအမြင့်ထိုးသည်။ ပုံ ၈ ခြေကွက်ပုံစံ ၈ ဗယ်ခြေသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၀) ဗယ်လက် 'ပယ်'လိုက်သည်။ ပုံ ၉ ခြေကွက်ပုံစံ မပြောင်း။

လှုပ်ရှားမှုအမှတ်စဉ်(၁၁) အကွက် ၁ မှ ညာခြေ အကွက် ၄ သို့ တက်၍ ညာဖြောင့်လက်သီးအမြင့်ထိုးသည်။ ပုံ ၁၀ ခြေကွက်ပုံစံ ၉ ညာခြေသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၂) ဗယ်ခြေ မ,လိုက်သည်။ ပုံ ၁၁ခြေကွက် ပုံစံ ၁၀။

လှုပ်ရှားမှု အမှတ်စဉ်(၁၃) ဗယ်ခြေ ခွဲ,လိုက်သည်။ ပုံ ၁၂ ခြေကွက်ပုံစံ ၁၁ ညာခြေသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ် (၁၄) ဗယ်လက် ပယ်လိုက်သည်။ ပုံ ၁၃ ခြေကွက်ပုံစံ ၁၂ ဗယ်ခြေသွေ့ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၅) အကွက် ၄ မှ ညာခြေအကွက် ၃ သို့ တက်၍ ညာဖြောင့်လက်သီး အမြင့်ထိုးသည်။ ပုံ ၁၄ ခြေကွက်ပုံစံ ၁၃ ညာခြေသော့်ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၆)ညာခြေမ,သည်။ပုံ ၁၅၊ခြေကွက်ပုံစံ၁၄။

လှုပ်ရှားမှုအမှတ်စဉ်(၁၇) ညာခြေ ခွဲသည်။ ပုံ ၁၆ ခြေကွက်ပုံစံ ၁၅ ဗယ်ခြသော့်ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၈) ညာလက် ပယ်သည်။ ပုံ ၁၇ ခြေကွက် ပုံစံ ၁၆ ညာခြသော့်ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၉)အကွက် ၅ မှ ဗယ်ခြေ အကွက် ၃ သို့ တက်၍ ဗယ်ဖြောင့်လက်သီးအမြင့်ထိုးသည်။ ပုံ ၁၈ ခြေကွက်ပုံစံ ၁၇ ဗယ်ခြသော့်ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၀) ဗယ်လက်ပယ်သည်။ ပုံ ၁၉၊ ခြေကွက် ပုံစံ မပြောင်းပါ။

လှုပ်ရှားမှုအမှတ်စဉ်(၂၁)အကွက် ၄ မှ ညာခြေ အကွက် ၁ သို့ တက်၍ ညာဖြောင့် လက်သီး အမြင့်ထိုးသည်။ ပုံ ၂၀၊ ခြေကွက်ပုံစံ ၁၈ ညာခြသော့်ထိုင် ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၂)ဗယ်ခြေမ,သည်။ပုံ ၂၁၊ခြေကွက်ပုံစံ၁၉။

လှုပ်ရှားမှုအမှတ်စဉ်(၂၃) ဗယ်ခြေ ခွဲလိုက်သည်။ ပုံ ၂၂ခြေကွက် ပုံစံ ၂၀ ညာခြသော့်ထိုင်ဖြစ်သည်။

မှတ်ချက်။ ။ပယ်၊ထိုး၊မ၊ခွဲ ၅ကွက်လက်သိုင်း လှုပ်ရှားမှုပုံစံအကျဉ်း ချုပ်အား ဖတ်ရှုလေ့လာ၍ ပုံများ ခြေကွက်များအတိုင်း လေ့ကျင့်နိုင်သည်။ ပယ်ခြင်း၊ ထိုးခြင်း၊မ,ခြင်း၊ ခွဲခြင်း စသည့် လှုပ်ရှားမှုများကို လေ့ကျင့်ရာ၌ အဓက်အခဲရှိ ပါက ရှေ့အခန်း၌ ဖော်ပြခဲ့သည့် ပယ်၊ ထိုး၊ မ၊ ခွဲ ၅ ကွက်လက်သိုင်း လှုပ်ရှားမှု ရှင်းလင်းချက် များ၌ ပူးတွဲ ရှာဖွေ၍ လေ့ကျင့်ပါ။ နောက်အခန်း၌ဖော်ပြမည့် လက်သိုင်းအား ၂ ကွက် ၃ ကွက် စသည့် လှုပ်ရှားမှုများကို မဖော်ပြတော့ပဲ ၅ ကွက်လှုပ်ရှားမှုကိုသာဖော်ပြပါမည်။ အဘယ်ကြောင့်ဆိုသော် ဖော်ပြမည့် လက်သိုင်းမှာ ပယ်၊ ပင့်ထိုး လက်သိုင်း လှုပ်ရှားမှု ဖြစ်၍ ဤလက်သိုင်း၏ ထူးခြားချက်မှာ ပင့်ထိုး ထိုးခြင်းသာ ဖြစ်သည်။ ဖြောင့်ထိုး ထိုးသည့်နေရာ၌ ပင့်ထိုး ထိုးခြင်းသာ အစားဝင်၍ လှုပ်ရှားပေမည်။

ပယ်၊ ပင့်ထိုး၊မ၊ခွဲ (၅) ကွက်လက်သိုင်းလှုပ်ရှားမှုပုံစံ

လှုပ်ရှားမှုအမှတ်စဉ်(၁)ပုံ ၈ အသင့်ပြင် ရပ်နည်းအတိုင်းရပ်သည်။ ခြေကွက်ပုံစံ ၁။

လှုပ်ရှားမှုအမှတ်စဉ်(၂) ဗယ်လက်ကို ထောင်လိုက်သည်။ ပုံ ၁ ခြေကွက်ပုံစံ မပြောင်းပါ၊ ခြေကွက်ပုံစံ ၁ အတိုင်းပင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၃) ဗယ်လက်ကို ညာဘက်သို့ ညာဒူးညွှတ်၍ ခုတ်သည်။ ပုံ ၂ ခြေကွက်ပုံစံ ၂ ညာခြေသေ့ထိုင်ဖြစ်သွားသည်။

လှုပ်ရှားမှုအမှတ်စဉ်(၄) ဗယ်လက်နှင့် ပယ်လိုက်သည်။ ပုံ ၃ ခြေကွက်ပုံစံ ၃ ဗယ်ခြသေ့ထိုင် ဖြစ်သွားသည်။ (ခြေဖဝါး နှစ်ခုအား ဗယ်ဘက်သို့ တပြိုင်တည်း ကြိတ်လှည့်၍ ဗယ်လှုက် ပယ်လိုက်ခြင်း ဖြစ်သည်။)

လှုပ်ရှားမှုအမှတ်စဉ်(၅) အကွက် ၁ မှ ညာခြေကို အကွက် ၃ သို့ တက်၍ ညာပင့်လက်သီးထိုးသည်။ ပုံ ၄ ခြေကွက်ပုံစံ ၄ ညာခြသေ့ထိုင်ဖြစ်သည်။ (ပင့်လက်သီး ထိုးပြီးချိန်၌ လက်သီးသည် ညာပခုံးနှင့် တတန့်းတည်းရှိ၍ တောင်ဆုင်ခန့် ကွာဝေးသည်။)

လှုပ်ရှားမှုအမှတ်စဉ်(၆) ညာခြေကို မ,လိုက်သည်။ ပုံ ၅၊ ခြေကွက်ပုံစံ ၅ အတိုင်း ဖြစ်သည်။ အကွက် ၃ မှ ညာခြေအား ဗယ်ခြေတချောင်းထောက် အနေအထားဖြင့် မ,လိုက်ခြင်းဖြစ်သည်။



ပုံ(၈) အသင့်ပြင်ရပ်သည် ခြေကွက်ပုံစံ(၁)

ပုံ(၉) ဗယ်လက်ထောင်သည်။ ခြေကွက်ပုံစံမပြောင်း



ပုံ (၂)ခြေကွက် (၂) မယ်လျောက်
ညာဘက်သို့ပြုတ်၍ခုတ်သည်



ပုံ (၃) ခြေကွက်ပုံစံ (၃)
မယ်လျောက်ပယ်သည်

ပုံ(၄)ခြေကွက်ပုံစံ(၄) ညာ

ပုံ (၅)ခြေကွက်ပုံစံ (၅)
ညာခြေမ,သည်။

လှုပ်ရှားမှုအမှတ်စဉ်(၇) ညာခြေကို ခွဲလိုက်သည်။ ပုံ ၆ ခြေကွက် ပုံစံ ၆ ဗယ်ခြေသွေ့ထိုင် ဖြစ်သွားသည်။ မှတ်သားသည့် ညာခြေအား အကွက် ၁ သို့ ခွဲချခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၈) ညာလက်နှင့် ပယ်သည်။ ပုံ ၇ ခြေကွက် ပုံစံ ၇ ညာခြသွေ့ထိုင် ဖြစ်သွားသည်။(ခြေဖဝါးနှစ်ခုအား ညာဘက် သို့တပြိုင်တည်း ကြိတ်လှည့်၍ ညာလက် ပယ်လိုက်ခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၉) အကွက် ၂ မှ ဗယ်ခြေကို အကွက် ၃ သို့ တက်၍ ဗယ်ပင့်လက်သီးထိုးသည်။ ပုံ ၈ ခြေကွက်ပုံစံ ၈ ဗယ်ခြသွေ့ ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ် (၁၀) ဗယ်လက်နှင့် ပယ်လိုက်သည်။ ပုံ ၉ ခြေကွက်ပုံစံမပြောင်းပါ။ ပုံ ၈ အတိုင်း ဗယ်ပင့်လက်သီးထိုးထားရာမှ ဗယ်လက်အား ပယ်လိုက်ခြင်းဖြစ်သည်။ လက်လှုပ်ရှားမှုသာရှိ၍ ခြေထောက်လှုပ်ရှားမှု လုံးဝမရှိပါ။



ပုံ(၆)ခြေကွက် ပုံစံ(၆)ညာခြေ ခွဲသည်

ပုံ(၇)ခြေကွက် ပုံစံ(၇) ညာ လက်ပယ်သည်

ပုံ(၈) ခြေကွက် ပုံစံ(၈)ဗယ်ပင့် လက်သီးစက်၍ ထိုးသည်။

ပုံ (၉) ခြေကွက်ပုံစံ မပြောင်း။ဗယ်လက် နှင့် ပယ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၁) အကွက် ၁ မှ ညာခြေကိုအကွက် ၄ သို့ တက်၍ ညာပင့်လက်သီးထိုးသည်။ပုံ ၁၀ ခြေကွက်ပုံစံ ၉ ညာခြေသွေ့ ထိုင်ဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ် (၁၂) ဗယ်ခြေကို မ,လိုက်သည်။ ပုံ ၁၁ ခြေကွက်ပုံစံ ၁၀ အတိုင်းဖြစ်သည်။ ညာခြေအား တချောင်းထောက် အနေအထားဖြင့် နောက်ကြိတ် လှည့်၍ အကွက် ၃ မှ ဗယ်ခြေအား မ,လိုက်ခြင်း ဖြစ်သည်။ ညာခြေသည် အကွက် ၄ ၌ ရပ်ထားသည်၊ နောက်မှ မြင်ရခြင်းဖြစ်သည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၃) ဗယ်ခြေကို ခွဲလိုက်သည်။ပုံ ၁၂ ခြေကွက် ပုံစံ ၁၁ ညာခြေသွေ့ထိုင်ဖြစ်သည်။ မ,ထားသည့် ဗယ်ခြေအား အကွက် ၅ သို့ ခွဲချလိုက်ခြင်းဖြစ်သည်။ဤပုံကို ရှေ့ကကြည့်လျှင် ပုံ ၂ ခြေကွက် ပုံစံ ၂ အတိုင်း တွေ့ရမည်။

ပုံ(၁၀)ခြေကွက်ပုံစံ(၉)ညာခြေ တက်၍ညာပင့်လက်သီးထိုးသည်

ပုံ (၁၁) ခြေကွက်ပုံစံ (၁၀)ဗယ်ခြေမ,သည်

ပုံ(၁၂)ခြေကွက်ပုံစံ(၁၁) ဗယ်ခြေခွဲသည်

လှုပ်ရှားမှုအမှတ်စဉ်(၁၄) ဗယ်လက်နှင့် ပယ်လိုက်သည်။ ပုံ ၁၃ ခြေကွက်ပုံစံ ၁၂ (ခြေဖဝါးနှစ်ခုအား ဗယ်ဘက်သို့ တပြိုင်တည်းကြိတ်လှည့်၍ ဗယ်လက် ပယ်ခြင်းဖြစ်သည်) ဗယ်ခြေသော့်ထိုင် ဖြစ်သွားသည်။ ရှေ့ကကြည့်လျှင် ပုံ ၃ ခြေကွက်ပုံစံ ၃ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၅) အကွက် ၄ မှ ညာခြေကိုအကွက် ၃ သို့ တက်၍ ညာပင့်လက်သီးထိုးသည်။ ပုံ ၁၄ ခြေကွက်ပုံစံ ၁၃ ညာခြေသော့်ထိုင် ဖြစ်သည်။ ရှေ့ကကြည့်လျှင် ပုံ ၄ ခြေကွက်ပုံစံ ၄ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ် (၁၆) ညာခြေကို မ,လိုက်သည်။ ပုံ ၁၅ ခြေကွက်ပုံစံ ၁၄ အကွက် ၃ သို့ တက်ထားသော ညာခြေအား မ,လိုက်ခြင်းဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ ၅ ခြေကွက်ပုံစံ ၅ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၇) ညာခြေကို ခွဲသည်။ ပုံ ၁၆ ခြေကွက်ပုံစံ ၁၅ မ,ထားသည့် ညာခြေအား အကွက် ၄ သို့ ခွဲချလိုက်ခြင်းဖြစ်သည်။ ရှေ့ကကြည့်လျှင် ပုံ ၆ ခြေကွက်ပုံစံ ၆ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှု အမှတ်စဉ်(၁၈) ညာလက်နှင့် ပယ်သည်။ ပုံ ၁၇ ခြေကွက်ပုံစံ ၁၆ ညာခြေသော့်ထိုင်ဖြစ်သွားသည်။(ခြေဖဝါးနှစ်ခုအား ညာဘက်သို့ တပြိုင်တည်းကြိတ်လှည့်၍ ညာလက် ပယ်ခြင်း ဖြစ်သည်။) ရှေ့ကကြည့်လျှင် ပုံ ၇ ခြေကွက်ပုံစံ ၇ အတိုင်းတွေ့ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၁၉) အကွက် ၅ မှ ဗယ်ခြေကို အကွက် ၃ သို့ တက်၍ ဗယ်ပင့်လက်သီးထိုးသည်။ ပုံ ၁၈ ခြေကွက်ပုံစံ ၁၇ ဗယ်ခြေသော့်ထိုင်ဖြစ်သည်။

ပုံ(၁၃) ဗယ်လက်ပယ်သည်။ ခြေကွက်ပုံစံ (၁၂)

ပုံ(၁၄) ခြေကွက်ပုံစံ (၁၃) ညာခြေတက်၍ ညာပင့်လက်သီးထိုးသည်



ပုံ (၁၆) ညာခြေခွဲသည်
ခြေကွက်ပုံစံ (၁၅)

ပုံ(၁၅)ညာခြေမ,သည်
ခြေကွက်ပုံစံ(၁၄)

ပုံ(၁၈)ခြေကွက်ပုံစံ(၁၇)
ဗယ်ခြေတက်၍ ဗယ်ပင့်
လက်သီးထိုးသည်။

ပုံ (၁၇) ညာလက်နှင့်ပယ်သည်။
ခြေကွက်ပုံစံ(၁၆)

လှုပ်ရှားမှု အမှတ်စဉ်(၂၀) ဗယ်လက်နှင့် ပယ် သည်။ ပုံ ၁၈ ခြေကွက်ပုံစံမပြောင်းပါ။ ခြေကွက်ပုံစံ ၁၇ အတိုင်းဖြစ်သည်။ ပုံ ၁၉ အတိုင်း ဗယ်လက်ပင့် လက်သီးထိုးထားရာမှ ဗယ်လက်အား ကွေး၍ ပယ် လိုက်ခြင်းဖြစ်သည်။ လက်လှုပ်ရှားမှုသာရှိ၍ ခြေလှုပ်ရှားမှု လုံးဝ မရှိပါ။

လှုပ်ရှားမှုအမှတ်စဉ်(၂၁) အကွက် ၄ မှ ညာခြေကို အကွက် ၁ သို့ တက်၍ ညာပင့်လက်သီးထိုးသည်။ ပုံ ၂၀ ခြေကွက်ပုံစံ ၁၈ ညာခြေသွေ့ ထိုင်ဖြစ်သည်။ ရှေ့မှကြည့်လျှင် ပုံ ၁၀ ခြေကွက်ပုံစံ ၉ အတိုင်းတွေ့ ရမည်။

လှုပ်ရှားမှုအမှတ်စဉ်(၂၂) ဗယ်ခြေကို မ,သည်။ ပုံ ၂၁ ခြေကွက် ပုံစံ ၁၉ အတိုင်း ဖြစ်သည်။ အကွက် ၃ မှ ဗယ်ခြေအား ညာခြေ တခြောင်းထောက် အနေအထားဖြင့် နောက်ကြိတ်လှည့်၍ မ,လိုက်ခြင်း ဖြစ်သည်။

ပုံ ၁၉ ဗယ်လက်နှင့် ပယ်သည် ခြေကွက်ပုံစံ မပြောင်း

ပုံ(၂၀)ခြေကွက်ပုံစံ ၁၈ ညာခြေတက်၍ ညာပင့် လက်သီးထိုးသည်။

ပုံ(၂၁)ခြေကွက်ပုံစံ(၁၉) ဗယ်ခြေမသည်။

လှုပ်ရှားမှု အမှတ်စဉ်(၂၃) ဗယ်ခြေကို ခွဲ လိုက်သည်။ ပုံ ၂၂ ခြေကွက်ပုံစံ ၂၀ ညာခြေသွေ့ထိုင်ဖြစ်သည်။ မှတ်သားသည့် ဗယ်ခြေအား အကွက် ၂ သို့ ခွဲချလိုက်ခြင်းဖြစ်သည်။ ဤပုံသည် စာမျက်နှာ (၁၇၁) မှ ပုံ(၂) ခြေကွက်ပုံစံ (၂) အတိုင်း ဖြစ်သည်။ ဤတွင် ၅ ကွက် ပယ်၊ ပင့်ထိုး၊မ၊ ခွဲ လက်သိုင်းလှုပ်ရှားမှုပုံစံ ပြီးဆုံးသည်။

ပယ်၊ ပင့်ထိုး၊ မ၊ ခွဲ (၃)ကွက်လက်သိုင်းလှုပ်ရှားခြင်းနှင့်

ခုခံတိုက်ခိုက်နည်း

လှုပ်ရှားမှုအမှတ်စဉ်(၁) အသင့်ပြင်ရပ်နည်းအတိုင်း လက်တလှမ်းကွာ မျက်နှာချင်းဆိုင်ရပ်သည်။ ပုံ ၁ ခြေကွက်ပုံစံ ၁ အတိုင်းဖြစ်သည်။



